# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လုံ စသည့် လက်နက် တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲရ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်း ဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**


၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၆ ရက်၊ သောကြာနေ့၊ | အတွဲ (၅၇)၊ အမှတ် (၀၀၆)




သီတင်းကျွတ်လပြည့်နေ့ညတွင် ရန်ကုန်မြို့ ဗိုလ်တထောင်စေတီရင်ပြင်တော်၌ သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပနေသည်ကို တွေ့ရစဉ် ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း

# သီတင်းကျွတ်လပြည့်နေ့တွင် ဘုရား၊ စေတီများ၌ ဆီမီးပူဇော်

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**

**ရန်ကုန် အောက်တိုဘာ ၅**

ဝါလကင်းလွတ်သီတင်းကျွတ်တွင် ဝါကျွတ်ပွဲတော် ကျင်းပလေ့ရှိသည်။ ဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ပုရိမဝါဆိုတော်မူကြသော သံဃာတော်များ သီတင်းကျွတ်လပြည့်နေ့တွင် ဝါဆိုသည့်ကာလကုန်ဆုံးကာ မိမိတို့ကျောင်းအရပ်အတွင်း၌သာ သီတင်းသုံးနေထိုင်ခြင်းမှ လွတ်မြောက်တော်မူကြသည်။ ထို့ကြောင့် သီတင်းကျွတ်လဟု ခေါ်ဆိုကြသကဲ့သို့ သံဃာတော်များ ဝါဆိုဝါကပ်ခြင်းမှ ကျွတ်လွတ်ပြီး မီးထွန်းပွဲတော်ကျင်းပခြင်းကြောင့် ဝါကျွတ်ပွဲတော်ဟုလည်း ခေါ်ဆိုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့၌ ကျင်းပသည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတက်ရောက်

စာ » ၃




KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

# သတင်းသမားတို့၏ ကျင့်ဝတ်နှင့်တာဝန်

"သတင်းစာဆရာကောင်းဖြစ်လာရန် တစ်ခုတည်းသောရည်ရွယ်ချက်မှာ တိုင်းပြည်အား ပြုပြင်သော အချက်အလက်များကို နေ့ညမရွေး ရှာဖွေဆည်းပူး၍ မိမိကိုယ်တိုင်က စွယ်စုံဗဟုသုတများ ပြည့်စုံနေရန်နှင့် တိုင်းပြည်အားပြုပြင်နိုင်သူ ခေါင်းဆောင်ကောင်းတစ်ယောက် ပီသစွာရှိနေရန် မိမိ၏အကျင့်သိက္ခာကို မတိမ်းမယိုင် ထိန်းသိမ်းနိုင်ဖို့ပင်ဖြစ်ပေသည်။ သတင်းစာဆရာတစ်ဦးအဖြစ်နှင့်ရှိနေစဉ်အတွင်း ရာဇဝင်တွင်၍ အရာထင်သော တိုင်းပြည်အား ပြုပြင်ချက်ကြီးတစ်ခုကို တည်ဆောက်ပေးခဲ့နိုင်ရန်အတွက် သတင်းစာဆရာတိုင်းတွင် တာဝန်ရှိနေသည်ဟု မှတ်ယူကာ မိမိ၏ဂုဏ်သိက္ခာကိုထိန်းသိမ်းခြင်းစိတ်ဓာတ်၊ တိုင်းပြည်အတွက် မသင့်လျော်သော အချက်အလက်များကို ပြုပြင်မည်ဟူသော ပြုပြင်ရေးစိတ်ဓာတ်များ အမြဲမွေးမြူထားနိုင်မှသာ သတင်းစာဆရာကောင်း ပီသပေမည်"။

လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်ကာလက ရန်ကုန်တက္ကသိုလ် သတင်းစာပညာသင်တန်းတွင် သတင်းစာဆရာကြီး ဦးမောင်မောင်ပြေ (အယ်ဒီတာချုပ်၊ ယူနီယံအိပ်စ်ပရက်စ်)က အထက်ပါအတိုင်း ဆိုမိန့်ခဲ့ဖူးသည်။ ဆရာကြီး၏ အဆိုအမိန့်မှာ သတင်းစာဆရာကောင်းတစ်ဦးအတွက်လိုအပ်သော အရည်အချင်း၊ ဆောင်ရွက်ရမည့် တာဝန်၊ စောင့်ထိန်းရမည့် သိက္ခာ၊ ထားရှိရမည့် စိတ်ဓာတ်တို့ကို လိုရင်းတိုရှင်း ထင်ဟပ်လျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာ့သတင်းစာလောကသည် ရာစုနှစ်ဝက် တစ်ခုစာကာလခန့် နေနှင့်လတို့ကို ရာဟုဖမ်းသည့်နှယ် အမှောင်ကျခဲ့ရာမှ ပရော်ဖက်ရှင်နယ်ကျင့်ဝတ်နှင့် စံနှုန်းတို့ ပျောက်ဆုံးခဲ့ရသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံဘဝတွင်မူ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီးသုံးရပ်နှင့်အတူ စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍသည်လည်း ပြန်လည်အရေးပါလာသည့်အလျောက် သတင်းလောကနှင့် သတင်းသမားတို့ ပြန်လည်ရှင်သန်နိုးထသည့်ကာလသို့ ရောက်ရှိလာသည်။ ခေတ်ပြောင်း၊ စနစ်ပြောင်းတွင် စတုတ္ထမဏ္ဍိုင်မှာလည်း နုနယ်သေးသည့်အလျောက် သတင်းသမားအချို့တို့ ကျွမ်းကျင်မှုအပိုင်း၊ ကျင့်ဝတ်အပိုင်းတို့တွင် ရိုးသားစွာအားနည်းမှုများဖြစ်ပေါ်ခဲ့ကြသကဲ့သို့ သတင်းမီဒီယာလောကအတွင်း ကိုယ်ကျိုးရှာသူ တောကြောင်များကလည်း ခေါင်းမြီးခြုံ ဝင်ရောက်လာကြသည်။

သတင်းမီဒီယာသမားတို့၏ အလုပ်မဟုတ်သည့် စစ်ဆေးရှာဖွေဖမ်းဆီးခြင်းအလုပ်များ၊ ခြိမ်းခြောက်ငွေညှစ်ခြင်းများ၊ အမှုပွဲစားအလုပ်လုပ်ခြင်းများ၊ သတင်းထောက်အလုပ်ကို ထောက်လှမ်းရေးနှင့်ပုံမှားရိုက်ကာ စားကွက်ထွင်သည့် အလုပ်များစသည်တို့ကို ကျင့်ဝတ်သိက္ခာကင်းမဲ့စွာပြုလုပ်ကြပြီး သတင်းမီဒီယာလောကနှင့် သတင်းသမားတို့အပေါ်တွင် ပြည်သူများ၏ အထင်အမြင်လွဲမှားမှု၊ စိတ်ပျက်ငြီးငြင်စေမှုတို့ဖြစ်ပေါ်လာစေရန်ပြုမူမှုများရှိနေကြောင်း မကြာခဏဆိုသလို ကြားသိနေရသည်။ သတင်းသမားအမည်ခံ ခေါင်းမြီးခြုံတောကြောင်တို့ကြောင့် စတုတ္ထမဏ္ဍိုင်အပေါ် အများပြည်သူတို့၏ အမြင်မကြည်လင်မှုများကို ပြန်လည်ရှင်းလင်းရန် လိုအပ်သကဲ့သို့ ကျန်မဏ္ဍိုင်ကြီးသုံးရပ်နှင့် အပြန်အလှန်နားလည်မှုရှိစွာ မိမိတို့၏ တာဝန်များကို ဆောင်ရွက်နိုင်ကြရန်လည်း လိုအပ်လာပြီဖြစ်သည်။

ယင်းသို့ဖြစ်သည့် အလျောက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဟူသော မဏ္ဍိုင်သုံးရပ်နှင့်အတူ စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာကဏ္ဍတို့ အပြန်အလှန်လေးစားသည့် ဆက်ဆံရေးရှိရန်နှင့် ပြည်သူများသို့ချပြရသော သတင်းအချက်အလက်များရယူရာတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ကြရန်ဟူသော ရည်ရွယ်ချက်များဖြင့် မဏ္ဍိုင်ကြီးလေးရပ် တွေ့ဆုံပွဲများကို တိုင်းဒေသကြီးများနှင့် ပြည်နယ်မြို့တော်များတွင် ကျင်းပလျက်ရှိရာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့ပြီး မကြာမီအတွင်း ဧရာဝတီတိုင်းဒေသကြီးတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

မဏ္ဍိုင်ကြီးလေးရပ် တွေ့ဆုံပွဲများ၏ ရည်ရွယ်ချက်များအတိုင်း အပြန်အလှန်လေးစားသည့် ဆက်ဆံရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်သည့် နားလည်မှုရရှိရေးတို့ ပေါက်မြောက်အောင်မြင်နိုင်ပါစေကြောင်းနှင့် သတင်းမီဒီယာလောကအတွင်းမှ ခေါင်းမြီးခြုံတောကြောင်များကိုလည်း ဖယ်ရှားရှင်းလင်းနိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါ၏။ ။



ရခိုင်ပြည်နယ် မောင်တောမြို့ပေါ်၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့တွင် နံနက်ပိုင်းက ဘုန်းတော်ကြီးကျောင်းများတွင် ဗုဒ္ဓဘာသာဝင်များ ဥပုသ်သီလစောင့်တည်ကြပြီး ညပိုင်းတွင် မြို့ဦးရွှေစည်းခုံ ဆံတော်မြတ်စေတီတော်ရင်ပြင်တော်တွင် ဆီမီးတစ်ထောင်ကပ်လှူပူဇော်ပွဲ ကျင်းပနေသည်ကို တွေ့ရစဉ်

သန့်ဇင်ဝင်း

## စစ်တွေမြို့၌ အဘိဓမ္မာအခါတော်နေ့ ဆွမ်းဆန်တော်လောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**စစ်တွေ အောက်တိုဘာ ၅**

စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီတွင် မြို့နယ်လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆွမ်းဆန်တော်လောင်းလှူပွဲသို့ စစ်တွေမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ကျောင်းတိုက်အသီးသီးမှ သီလရှင်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုးနှင့်ဇနီး၊ ဒေသကွပ်ကဲရေးစစ်ဌာနချုပ်(စစ်တွေ) ကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်လှမြင့်စိုးနှင့် ဇနီး၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံတိုင်းရင်းသားများက ဆွမ်းဆန်တော်များ၊ ဖျော်ရည်ဘူးများ၊ အသင့်သုံးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို သဒ္ဓါကြည်ဖြူစွာဖြင့် လောင်းလှူကြသည်။

နှစ်စဉ် ရိုးရာအစဉ်အလာမပျက် မြို့နယ်လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အမြဲတမ်းကုသိုလ်ယူ လောင်းလှူခဲ့ပါကြောင်း၊ သီတင်းကျွတ်လပြည့်နေ့နှင့် ဝါတွင်းကာလများတွင် ဝန်ထမ်းများ စုပေါင်းပြီး ယခုကဲ့သို့ ကုသိုလ်ဒါန ပြုလုပ်ရသည့်အတွက် ဝမ်းသာပီတိဖြစ်ရကြောင်း ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဒေါက်တာ ညွန့်ဝေက ပြောသည်။

**တင်ထွန်း(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)




## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၅-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၀၀/၇၃၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၅၀/၇၉၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၆၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ | ・၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ | ・၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ・၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ・၇ |
| တရုတ် | တစ်ယွမ် | ၂၀၄ | ・၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ | ・၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့၌ ကျင်းပသည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတက်ရောက်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မိသားစုက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်

**မြဝတီ အောက်တိုဘာ ၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီးအတွင်း၌ သီတင်းကျွတ်လပြည့်နေ့ ယနေ့ မွန်းတည့် ၁၂ နာရီက ကျင်းပသည့် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို တက်ရောက်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူသည်။

**နေ့ဆွမ်းဆက်ကပ်**

ရှေးဦးစွာ မြဝတီခရိုင်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များက သာသနာ့ဟိတကာရီဗိမာန်တော်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဘုရားကြီးကျောင်းတိုက် ခဏ္ဍာသိမ်တော်၌ ဂိုဏ်းပေါင်းစုံ သံဃမဟာပဝါရဏာ ကျင်းပသည်။

**လှူဖွယ်ဝတ္ထုများလှူဒါန်း**

ဆက်လက်၍ ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်နှင့် ပတ်လမ်းတို့၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မိသားစုတို့က ခရိုင်အတွင်းရှိ ကျောင်းတိုက် ၃၁၇ ကျောင်းမှ ဝါဆိုရဟန်း၊ သာမဏေနှင့် သီလရှင်များ စုစုပေါင်း အပါး ၃၀၀၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**လောင်းလှူ**

အလားတူ နယ်မြေခံတပ်ရင်းတပ်ဖွဲ့တို့မှ အရာရှိကြီးများနှင့် မိသားစုတို့က လည်းကောင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုတို့က လည်းကောင်း၊ နိုင်ငံရေးပါတီများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် တိုင်းရင်းသားပြည်သူများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



သီတင်းကျွတ်လပြည့်နေ့ညက ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**** ရှေ့ဖုံးမှ***

မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိပြည်၌ ဂေါတမမြတ်စွာဘုရားသည် ဒိဋ္ဌိတို့ကို နှိမ်နင်းတော်မူရန် ရေအစုံ၊ မီးအစုံ၊ ယမိုက်ပြာဋိဟာကို ပြတော်မူ၍ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး သတ္တမ ဝါကပ်တော်မူသည်။

တာဝတိံသာနတ်ပြည်၌ သန္တုသိတမည်သော မယ်တော်မိနတ်သားကို အမှူးထားကာ နတ်ဗြဟ္မာတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ အဘိဓမ္မာတရားဟောကြား၍ ပြီးဆုံးတော်မူသည်။ ထိုနေ့တွင်ပင် မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့သက်ဆင်းရာ သိကြားမင်း ဖန်ဆင်းပေးသော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့မှ မြတ်စွာဘုရားသည် ရောင်ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်စွာ အလယ်၌ရှိသော ပတ္တမြားစောင်းတန်းဖြင့်ဆင်းသက်ရာ နတ်အပေါင်းက လက်ယာဘက် ရွှေစောင်းတန်းဖြင့်လည်းကောင်း၊ ဗြဟ္မာကြီးအပေါင်းက လက်ဝဲဘက် ငွေစောင်းတန်းဖြင့်လည်းကောင်း ဆင်းသက်လိုက်ပါပြီး မာတလိနတ်သားက ပန်းမန်အမွှေးအကြိုင်တို့ဖြင့် ပူဇော်ရင်း လိုက်ပါလာသည်။ သာဝတ္ထိပြည်၌ရှိကြကုန်သော လူပရိသတ်အပေါင်းသည်လည်း သင်္ကဿသို့ရောက်ရှိကာ မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြိုဆိုကြကုန်သည်။

ဤပူဇော်ပွဲကိုအစွဲပြု၍ မြန်မာ့ယဉ်ကျေးမှုရာသီပွဲတော်အဖြစ် သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားကို ရည်မှန်းကာ ဆီမီးများဖြင့် ရှေးယခင်မှ ယနေ့တိုင် ဗုဒ္ဓဘာသာဝင်များက ပူဇော်ကြခြင်းဖြစ်သည်။

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင်တို့သည် နံနက်အရုဏ်တက်မှစ၍ ကုသိုလ်ကောင်းမှုများကို ပြုကြရာ ရွှေတိဂုံစေတီတော်၏ ၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)အခမ်းအနားများကို ယနေ့နံနက်ပိုင်းမှစတင်၍ ရင်ပြင်တော်ရှိ သတ်မှတ်ထားသော နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက နံနက်အရုဏ်တွင် ရင်ပြင်တော်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူကြသည်။

ထို့နောက် ဝါတွင်းသီလခံယူပွဲနှင့် ဆွမ်းသိမ်းအောင်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးလာပရိသတ်များက နဝင်္ဂသီလခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များနာယူခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အနုမောဒနာတရား နာယူခြင်းနှင့် ရေစက်ချအမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား ရောင်တော်ဖွင့်အသင်းတန်ဆောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ရွှေတိဂုံစေတီတော်ရှိ စောင်းတန်း ဓမ္မာရုံများ၌ ဘာသာရေးဝတ်အသင်းအဖွဲ့များက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ ညပိုင်းတွင် ဘာသာရေးအသင်းအဖွဲ့များ၊ ဆီမီးအလှူရှင်များက ရွှေတိဂုံစေတီတော်ရင်ပြင် ပတ်ပတ်လည်တွင် ရောင်စုံဆီမီးတစ်သောင်းဖြင့် ထွန်းညှိပူဇော်ထားသည်ကို သပ္ပာယ်စွာ ဖူးတွေ့ရသည်။

အလားတူ မဟာဝိဇယစေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့ အရုဏ်တက်တွင် စေတီတော်အား ဆွမ်းတော်ကြီး၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဘာသာရေးအသင်းအဖွဲ့များက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ ညပိုင်းတွင် ဆီမီးအလှူရှင်များက စေတီတော်ရင်ပြင်ပတ်ပတ်လည်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၌ ဂေါပကအဖွဲ့ကကြီးမှူး၍ နံနက်ပိုင်းတွင် ဆွမ်းတော်ကြီးနှင့် သစ်သီးဆွမ်းများ ကပ်လှူပူဇော်ခြင်း၊ ရင်ပြင်တော်ပေါ်ရှိ ဓမ္မာရုံများ၌ ဆရာတော်များထံမှ ဝါတွင်းသီလခံယူခြင်း ပြုလုပ်ကြသည်။ ညပိုင်းတွင် ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက စေတီတော်အား ဆီမီးများဖြင့် ကပ်လှူပူဇော်ကြသည်။

ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်ကြီး အောင်ဓမ္မာရုံ၌ အဘိဓမ္မာအခါတော်နေ့ ကျင်းပခြင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်ခြင်းများ ပြုလုပ်ကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့ မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်း အပေါ်ထပ်၌ ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာတရားတော်များကို ရွတ်ဆိုပူဇော်ကြပြီး ညပိုင်းတွင် စေတီတော်အား လျှပ်စစ်မီးရောင်စုံများဖြင့် ထွန်းညှိပူဇော်ကြသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော် သာသနာဇောတိကဓမ္မာရုံ၌ နံနက် ၅ နာရီတွင် စေတီတော်အား မုန့်၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ခြင်း၊ စေတီတော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ နံနက် ၉ နာရီခွဲတွင် သီလပေးတရားချီးမြှင့်ခြင်း၊ မွန်းလွဲ ၁ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်ခြင်း၊ မွန်းလွဲပိုင်းတွင် အကြိမ်(၄၀)မြောက် ပဝါရဏာပွဲ ကျင်းပခြင်းနှင့် ညပိုင်းတွင် ဆီမီး ၅၀၀၀ ဖြင့် ထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ကြသည်။

အလားတူ ယနေ့သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)၌ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်ရပ်ကွက်အသီးသီးရှိ စေတီပုထိုး၊ ဓမ္မာရုံများ၊ လမ်းများ၌ စတုဒိသာ ကျွေးမွေးခြင်း၊ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲများ၊ သက်ကြီးဝါကြီး၊ ဆရာသမား၊ မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ သံဃာတော်များ၏ ပဝါရဏာပွဲများ ၊ ဥပုသ်သီလဆောက်တည်ကြသူများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက စေတီတော်များအား ပန်း၊ သစ်သီး၊ ဆီမီး၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြခြင်းဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

# အနာဂတ်လောကကို အလှဆင်ပေးနေကြသည့် ဆရာများ၏ ဂုဏ်ကျေးဇူးကို ဖော်ထုတ်ပေးရန် ကမ္ဘာ့ဆရာများနေ့ကိုကျင်းပ

**မန္တလေး အောက်တိုဘာ ၅**

ကမ္ဘာတစ်ဝန်းရှိ အနာဂတ်လောကကို အလှဆင်ပေးနေကြသည့် အနန္တဂိုဏ်းဝင်ဆရာများ၏ ဂုဏ်ကျေးဇူးကို ဖော်ထုတ်ပေးလိုသော ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ဆရာများနေ့ကို နှစ်စဉ် အောက်တိုဘာ ၅ ရက်တွင် ကျင်းပခြင်းဖြစ်ကြောင်း မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပြုံးပန်းတစ်ရာခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအနေဖြင့် ငယ်စဉ်ကျောင်းသားဘဝကို ပြန်တွေးကြည့်၍ သင်ယူမှုအပေါ် အားရကျေနပ်မှုရှိပြီး ဆရာ ဆရာမများမှလည်း မိမိသင်ကြားခဲ့မှုအပေါ် ပြန်တွေးကြည့်မိကာ အားရကျေနပ်မှုရှိပါက ပညာရေးစနစ် အောင်မြင်မည်ဟု ၂၀၁၆ ခုနှစ်အတွင်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့်အတိုင်း ကြိုးစားလိုက်နာစေလိုကြောင်းနှင့် တိုင်းပြည်တည်ဆောက်ရာတွင် အခြေခံကျသည့် ဥယျာဉ်မှူး ဆရာ ဆရာမများက ယခု ထက်ပိုမိုကြိုးစားသင်ကြားပေးခြင်းဖြင့် တိုင်းပြည်ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ လက်အောက်ခံအဖွဲ့များ၏ အဖွဲ့ခေါင်းဆောင်များကပေးပို့သော စုပေါင်းသဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီက ဖတ်ကြားခဲ့ပြီး ယခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက် သတ်မှတ်ထားသည့် ဆောင်ပုဒ်မှာ "လွတ်လပ်စွာသင်ကြားဖို့ ဆရာများကို အားပေးစို့"ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




# (၁၃)ကြိမ်မြောက် ရခိုင်မောင်မယ်များ၏ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၅**

ရခိုင်လူမှုရေးအသင်းက ကြီးမှူး၍ ရခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်း (မန္တလေး)၏ (၁၃)ကြိမ်မြောက် ရခိုင်လူငယ်မောင်မယ်များ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၄ ရက် ညနေ ၆ နာရီက မဟာမုနိဘုရားရင်ပြင် အရှေ့တောင်ဘက်နေရာ၌ ကျင်းပရာ ရခိုင်တိုင်းရင်းသား လူငယ်မောင်မယ်များ၊ ရခိုင်လူမှုရေးအသင်း တာဝန်ရှိသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ **(ယာပုံ)**



ရှေးဦးစွာ ရင်ပြင်တော်သတ်မှတ်နေရာ၌ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဆီမီးထွန်းညှိပူဇော်ကြမည့် ရခိုင်လူမှုရေးအသင်းမှ တာဝန်ရှိသူများ၊ မိသားစုများ၊ ဧည့်သည်တော်များ၊ ရခိုင်တိုင်းရင်းသူ တိုင်းရင်းသားများက နေရာယူကြကာ မဟာမုနိဘုရားကြီးအား ဩကာသကန်တော့ချီးဖြင့် ဦးချကန်တော့ကြကာ ရခိုင်တိုင်းရင်းသား လူငယ်မောင်မယ်များ၊ မိသားစုများ၊ လူမှုရေးအသင်းမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များက မဟာမုနိရုပ်ရှင်တော်မြတ်အား (၁၃)ကြိမ်မြောက် ဆီမီး ၉၀၀၀ ကို ထွန်းညှိပူဇော်ကြပြီး ရခိုင်မင်္ဂလာစည်တော်အဖွဲ့က အောင်စည်အောင်မောင်း တီးခတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သီပေါဘော်ကြိုဘုရားကြီးတွင် သီတင်းကျွတ်လပြည့်နေ့၌ စုပေါင်းဒါနပြုလုပ်

**သီပေါ အောက်တိုဘာ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီး သာသနိကလုပ်ငန်းများနှင့် ဘုရားကြီးရင်ပြင်တော်တွင် ခင်းကျင်းရန်အတွက် ကော်ဇောများ၊ နေရာထိုင်များနှင့် အလှူငွေများ လှူဒါန်းပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက် ၈ နာရီက ဘုရားကြီးကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်မန်နေဂျာ ဦးခွန်ဆန်းမြင့်က လှူဒါန်းရသည့်အကြောင်းများကို တင်ပြလျှောက်ထားပြီး ဘော်ကြိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံမှ ကိုးပါးသီလနှင့် အနုမောဒနာတရားတော်ကို နာယူကြပြီး ဘော်ကြိုဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးဆန်းစိုင်းထံ အလှူငွေနှင့် ကော်ဇောများ စုစုပေါင်း ငွေကျပ် ၄၅ သိန်းကျော်တန်ဖိုးရှိ ပစ္စည်းများကို ပြည်နယ်မန်နေဂျာက ပေးအပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသည့် ဧည့်ပရိသတ်များကို ထမင်းဟင်းလျာများနှင့် ဧည့်ခံကျွေးမွေး ကုသိုလ်ပြုကြသည်။


**စိုင်း(သီပေါ)**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ အုတ်ဖိုမြို့၌ ၃ ဒသမ ၃၂ လက်မ၊ ကိုကိုးကျွန်းမြို့၌ ၂ ဒသမ ၄၇ လက်မ၊ ဟိုင်းကြီးကျွန်းမြို့၌ ၂ ဒသမ ၃၆ လက်မ၊ ဥက္ကံမြို့၌ ၁ ဒသမ ၇၇ လက်မ၊ ကွမ်းခြံကုန်းမြို့၌ ၁ ဒသမ ၅၄ လက်မနှင့် ဟင်္သာတမြို့၌ ၁ ဒသမ ၅၁ လက်မတို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

၃-၁၀-၂၀၁၇ရက်နေ့ မောင်တောမြို့နယ် လေယာဉ်ပျံကွင်းတမ်ပြေ ခမDT- 412867 ၌ တာဒီ၊ သိမ်တောင်ပြင်၊ ဘူးရားပြင်၊ အောင်ဝ တေးရွာများမှ ဘင်္ဂါလီလူမျိုး (၇၃၀)ဦး၊ ဘူးသီးတောင်မြို့နယ်၊ ငါးရံ့ချောင်းကျေးရွာ ခမ DT-481225 ၌ နန်ရာတုန်းကျေးရွာအုပ်စုပါ (၈)အုပ်စုမှ ဘင်္ဂါလီလူမျိုး (၃၈၂)ဦးနှင့် (၄-၁၀-၂၀၁၇)ရက်နေ့တွင် မောင်တောမြို့နယ်၊ ဝေါ်ဒူသာရချောင်းဝ ခမ DT-350960၌ ဘူးသီးတောင်မြို့နယ် ဝူတာပြင်ကျေးရွာ၊ ဖုံညိုလိမ်ကျေးရွာ၊ သပိတ်တောင်ကျေးရွာတို့မှ ဘင်္ဂါလီလူမျိုး (၁၄၄၃)ဦး စုစည်းရောက်ရှိနေသည့် နေရာပြမြေပုံ



✪ ကျောဖုံးမှ

ဘင်္ဂါလီ စုစုပေါင်း ၁၄၄၃ ဦးတို့ကို တွေ့ရှိခဲ့သည်။

စက်တင်ဘာ ၂၆ ရက်မှ ယနေ့အထိ တစ်ဖက်နိုင်ငံသို့ သွားရောက်ရန်မိမိတို့၏ နေရပ်အသီးသီးကို စွန့်ခွာ၍ နယ်စပ်အနီးသို့ ရောက်ရှိစုဝေးခဲ့မှု အခြေအနေများမှာ စက်တင်ဘာ ၂၆ ရက်တွင် ရွာသစ်ကေကျေးရွာအနီး၌ ၁၆၈ ဦး၊ စက်တင်ဘာ ၂၇ ရက်တွင် လေယာဉ်ပျံကွင်းကျေးရွာအနီး ကမ်းစပ်၌ ၇၇၁ ဦး၊ စက်တင်ဘာ ၂၈ ရက်တွင် လေယာဉ်ပျံကွင်းကျေးရွာအနီး ကမ်းစပ်၌ ၉၉၅ ဦး၊ စက်တင်ဘာ ၂၉ ရက်တွင် ပညောင်ပင်ကြီးကျေးရွာနှင့် နယ်စပ်ခြံစည်းရိုးကြား၌ ၅၃၀၊ အောက်တိုဘာ ၃ ရက်တွင် ဂေါ်ဒူသာရချောင်းဝအနီး၌ ၁၂၀၉၄ ဦး၊ လေယာဉ်ပျံကွင်းကျေးရွာကမ်းစပ်၌ ၇၃၀ နှင့် ငါးရံ့ချောင်းကျေးရွာအနီး၌ ၃၈၂ ဦး၊ အောက်တိုဘာ ၄ ရက်တွင် ပညောင်ပင်ကြီးကျေးရွာနှင့် ရွာသစ်ကေကျေးရွာကြား၌ ၁၄၄၃ ဦး၊ စုစုပေါင်း ဘင်္ဂါလီ ဦးရေ ၁၇၀၁၃ ဦး ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဇာနည်ခေါင်းဆောင်သခင်မြ အသက် ၁၂၀ ပြည့်မွေးနေ့ သခင်မြပန်းခြံအတွင်း ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၅**

အာဇာနည်ခေါင်းဆောင် သခင်မြ၏ မိသားစုနှင့် တို့ဗမာအစည်းအရုံး (မျိုးဆက်သစ်)အဖွဲ့တို့က ဦးဆောင်၍ တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ၊ အာဇာနည်ခေါင်းဆောင်သခင်မြ၏ အသက် ၁၂၀ ပြည့် မွေးနေ့ အခမ်းအနားကို အောက်တိုဘာ ၇ ရက် (စနေနေ့) တွင် အလုံမြို့နယ် သခင်မြပန်းခြံအတွင်း၌ ပြုလုပ်မည်ဖြစ်ကြောင်း ကျင်းပရေးအဖွဲ့မှ သိရသည်။

အခမ်းအနားကို နံနက် ၆ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး ကွယ်လွန်သူ သခင်မြအား ရည်စူး၍ ဦးသုမင်္ဂလ(ဒယ်အိုးဆရာတော်) အမှူးပြုသော သံဃာတော် ၁၁ ပါးတို့အား ဆွမ်းဆက်ကပ်၍လှူဖွယ်ပစ္စည်းများ လှူဒါန်းကြမည်ဖြစ်သည်။

နံနက် ၉ နာရီတွင် ဝိုင်အမ်ဘီဆရာတင် (သခင်တင်)ရေးသားသီကုံးသည့် " တို့ဗမာသီချင်း" (ခေါ်) "နိုင်ငံရေးကမ္ဘဝါ"ကို အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့၏တီးခတ်မှုဖြင့် သံပြိုင်သီဆိုကြမည်ဖြစ်သည်။

ပွဲစီစဉ်သူတစ်ဦးဖြစ်သည့် ဦးအောင်နိုင်(တို့ဗမာ)က "ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်မြက နိုင်ငံရေးမှာ ကွဲပြားမှုမရှိ တစ်သားတည်းအတူရှိနေသူပါ။ ကျွန်တော်တို့ တို့ဗမာအစည်းအရုံး (မျိုးဆက်သစ်)တွေအနေနဲ့ မိဘတွေက ထူထောင်ခဲ့တဲ့ တို့ဗမာအစည်းအရုံးကြီး ရည်ရွယ်ချက်အတိုင်း လုံးဝလွတ်လပ်ရေးအတွက်ကို အသက်ပေး၊ ထောင်ကျ၊ ဘဝပျက်နဲ့ ရုန်းကန်ခဲ့ကြတဲ့ ဘဝတွေကို နှစ်သက်စွာနဲ့ သခင်အမည်ခံပြီး သတ္တိရှိရှိ ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ခဲ့ကြတဲ့အတွက်ကြောင့် ကျွန်တော်တို့အားလုံး လွတ်လပ်ရေးဆိုတဲ့အရသာကို ခံစားနိုင်ခဲ့ကြရတာပါ။ အဲဒီလိုတိုက်ပွဲဝင် သခင်၊ သခင်မကြီးတွေရဲ့ကျေးဇူးတရားကို မမေ့သောအားဖြင့် အမျိုးသားအာဇာနည်ခေါင်းဆောင် သခင်မြရဲ့ အသက် ၁၂၀ ပြည့်မွေးနေ့ကို မှတ်တမ်းတင်ဂုဏ်ပြု ကျင်းပတာဖြစ်ပါတယ်"ဟု ရှင်းပြခဲ့သည်။ အခမ်းအနားသို့ တက်ရောက်လာသူအားလုံးအား အာဇာနည်ခေါင်းဆောင် သခင်မြကုသိုလ်အဖြစ် စတုဒိသာနို့ခေါက်ဆွဲကို လှူဒါန်းကျွေးမွေးမည့်အပြင် သခင်မြ၏ ဘဝနှင့် နိုင်ငံရေးဖြတ်သန်းမှုများ မှတ်တမ်းစာအုပ်များကိုလည်း အခမဲ့ဝေငှသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားခေါင်းဆောင် သခင်မြကို ၁၉၉၇ ခုနှစ် အောက်တိုဘာ ၇ ရက်(ကြာသပတေးနေ့)တွင် ဧရာဝတီဆိပ်ကမ်း အကောက်တောင်အနီးရှိ ပြည်ခရိုင် ထုံးဖိုမြို့တွင် အဘ ဦးဘိုချွန်နှင့်အမိ ဒေါ်သက်လယ်တို့က မွေးဖွားခဲ့ကာ မြန်မာအမျိုးသားတစ်ရပ်လုံးအတွက် နိုင်ငံရေးနယ်တွင် ဘဝကိုမြှုပ်နှံခဲ့ပြီး ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် တွင် ရန်ကုန်မြို့ဝန်ကြီးများရုံး၌ တိုင်းပြည်အနာဂတ်အရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ အစည်းအဝေးပြုလုပ်စဉ် လုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# သီတင်းကျွတ်လပြည့်နေ့တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

ဂေါတမမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့တွင် တာဝတိံသာနတ်ပြည်သို့ ကြွရောက်တော်မူပြီး မယ်တော်မိနတ်သားနှင့်တကွ နတ်ပြဟ္မာအပေါင်းတို့အား ဝါတွင်း သုံးလတာ ကာလပတ်လုံး အဘိဓမ္မာတရားတော်များကို ဟောကြားခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံးတော်မူသည်။ ထို့ကြောင့် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ အဖြစ်လည်း သတ်မှတ်ကြသည်။

မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ ဝါတွင်း သုံးလတာကာလပတ်လုံး အဘိဓမ္မာတရားတော်များကို ဟောကြားပြီး သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ဖြင့် ဆင်းတော်မူသည်။ မြို့သူမြို့သားများက ဆီမီးများထွန်းညှိပူဇော်ကြ၍ ဘုရားရှင်အား ကြိုဆိုကြသည်။



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများကို စည်ကားစွာ တွေ့ရစဉ် (သတင်းစဉ်)



ဆီမီးထွန်းညှိပူဇော်ကြသူများကို တွေ့ရစဉ် (သတင်းစဉ်)

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ကုသိုလ်ပွားများခြင်းကို နံနက် အရုဏ်တက်မှ စတင်ပြုလုပ်ကြရာ နေပြည်တော်ဝန်ထမ်းအိမ်ရာများနှင့် နေပြည်တော်ကောင်စီနယ်မြေ ရပ်ကွက်များရှိ စေတီတော်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် နေအိမ်များ၌ ဘုရားဝတ်ပြုသံများ၊ ဓမ္မစကြာ၊ ပရိတ်တရားများနှင့် ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ပွားပူဇော်ကြပြီး ကုသိုလ်ပွားများမှုများကို ဆောင်ရွက်ကြသည်။

ထိုသို့ကုသိုလ်ပွားများကြရာတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ နဝမအကြိမ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားနှင့် (၉၄)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါစေတီတော်၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ဥ္စည့်ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားတော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ထို့အပြင် နေပြည်တော် ဥပ္ပါတသန္တိစေတော်မြတ်ကြီး၌ ညနေ ၄ နာရီခွဲတွင် ဝတ်ရွတ်ပူဇော်ပွဲကိုလည်းကောင်း၊ ညနေ ၆ နာရီတွင် ဆီမီးထွန်းညှိပူဇော်ပွဲကိုလည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အလားတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင် ရွှေလက်လှစေတီတော်၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယစေတီတော်၊ ကရဏ္ဍကမ္ဘာ ဘိုးဘွားရိပ်သာရှိ သံသရာငြိမ်းအေးစေတီတော်၊ ပျဉ်းမနားမြို့နယ်ရှိ ကိုးခန်းကြီးဘုရား၊ ပုဗ္ဗသီရိမြို့နယ်ရှိ မဟာသကျရံသီ ရပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီးနှင့် သတ္တသတ္တာဟ စေတီတော်မြတ်ကြီးတို့၌ ကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့တော်တွင် သီတင်းကျွတ်မီးထွန်းပွဲတော် ပျော်ရွှင်စွာဆင်နွှဲ၊ တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးများပြား

မန္တလေး အောက်တိုဘာ ၅

**ယနေ့ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် မန္တလေးမြို့တော်အတွင်း သီတင်းကျွတ်မီးထွန်းပွဲတော်ကြီးကို ဆီမီးများထွန်းညှိဆင်နွှဲ၍ မြို့အတွင်းရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ် ရပ်ကွက်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီ၊ ဓမ္မာရုံနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဝါတွင်း ဆွမ်းသိမ်းသီလခံယူပွဲများ၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲများ၊ သံဃာတော်များ၏ ပဝါရဏာပွဲများ၊ ပူဇော်ကန်တော့ပွဲများကို ကုသိုလ်ပြု ကျင်းပကြပြီး ဓမ္မစကြာဝတ်အသင်းများ၊ ဘုရားဖူးလာပြည်သူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ ရွှေသင်္ကန်းများ လာရောက်ကပ်လှူပူဇော်ကြသည့် အလှူဒါနပြုသူများ၊ တရားဘာဝနာအားထုတ်ကြသူများ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။**

မန္တလေးမြို့၏ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် ယနေ့ နံနက် ၄ နာရီက မဟာမုနိဘုရားကြီး ရေတော်ဆရာတော် ဘဒ္ဒန္တ ဥက္ကဋ္ဌ အရှင်သူမြတ်အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မဟာမုနိရုပ်ရှင်တော်မြတ်အား မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ပန်း၊ သစ်သီး၊ ဆွမ်း၊ ရေချမ်း ကပ်လှူပူဇော်ကြသည်။ အလားတူ ရဟန်းရှင်လူ ဘုရားဖူးလာသူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်လှူခြင်းနှင့် ဝတ်အသင်းအဖွဲ့များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များက ဓမ္မစကြာပရိတ်တရားတော်ဝတ်ရွတ်စဉ်များ အလှည့်ကျရွတ်ဖတ်ပူဇော်ခြင်း၊ ဖယောင်းဆီမီးပူဇော်ခြင်း စသည့် ဒါနကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် ဘုရားဂေါပကအဖွဲ့က ကြီးမှူး၍ မန္တလေးတောင်ဆုတောင်းပြည့်ဘုရား စွယ်တော်မြတ်စေတီတော်၊ ပုထိုးတော်ကြီး၊ ရွှေကျီးမြင်၊ ဘုရားနီဘုရား၊ ဆုတောင်းပြည့် ဆုတောင်းရဘုရား၊ အောင်တော်မူဘုရား အစရှိသည့် ဘုရားစေတီတို့တွင် နံနက် အရုဏ်တက်ချိန်မှ စတင်ကာ အဘိဓမ္မာအခါတော်နေ့ ကျင်းပကြပြီး ညပိုင်းတွင် ဘုရားစေတီတို့၌ ရောင်စုံမီးများ၊ ဆီမီးများထွန်းညှိပူဇော်ကြကာ ဘုရားဖူးလာပြည်သူများအား စေတနာရှင် အလှူရှင်များက စတုဒိသာ ကျွေးမွေးကုသိုလ်ပြုကြသည်ကို စည်ကားစွာ တွေ့ရှိရသည်။



သီတင်းကျွတ်လပြည့်ညက မန္တလေး မဟာမြတ်မုနိဘုရား၌ ဘုရားဖူးလာပြည်သူများအား စည်ကားစွာတွေ့ရစဉ်

ကျောက်တော်ကြီးဘုရားသုံးဆူပွဲတော်တွင် မန္တလေးတောင်ခြေရှိ မန္တလေးမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး ကောင်းမှုပြုတည်ထားခဲ့သော ကျောက်တော်ကြီးမြတ်စွာဘုရား၊ ကုသိုလ်တော်ဘုရားနှင့်၊ စန္ဒာမုနိဘုရားစသည့် ဘုရားသုံးဆူတို့တွင် (၁၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို သီတင်းကျွတ်လဆန်း ၁၃ ရက်မှ စတင်ပြီး ၁၀ ရက်တိုင်တိုင် ကျင်းပလျက်ရှိသည့် သီတင်းကျွတ်လပြည့်နေ့၌ ဘုရားနယ်မြေရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ဌာနဆိုင်ရာတပ်ဖွဲ့များ အပါအဝင် လေးပြင်လေးရပ်တို့မှ အလှူရှင်တို့က ဆွမ်းသပိတ် များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ပဒေသာပင်တို့ကို ကားကြီး၊ ကားငယ်အသွယ်သွယ်တို့ဖြင့် လာရောက်လှူဒါန်းလျက် ကျောက်တော်ကြီးဘုရားအား ဖူးမြော်ပူဇော်ကန်တော့ကြပြီး ဘုရားဂေါပကအဖွဲ့ကကြီးမှူး၍ သံဃဒါနဆွမ်းလောင်းပွဲတော်တွင် ကုသိုလ်တော်ဘုရား၌ သံဃာတော်အပါး ၃၂၀၀ ကျော်၊ စန္ဒာမုနိဘုရားပွဲ၌ သံဃာတော် ၁၂၅ ပါးနှင့် ကျောက်တော်ကြီးဘုရားပွဲတွင် သံဃာအပါး ၂၀၀၀ တို့အား ဆွမ်းသပိတ်များ၊ စာရေးတံမဲနှင့်တကွ ဆွမ်းတော်ကြီးလောင်းလှူမည်ဖြစ်ပြီး မန္တလေးမြို့နှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲတော်လာ ပြည်သူများကို ဇာတ်အဖွဲ့တို့က ကပြဖျော်ဖြေတင်ဆက်လျက်ရှိရာ ကျောက်တော်ကြီး၊ ကုသိုလ်တော်နှင့် စန္ဒာမုနိဘုရားသုံးဆူဘုရားပွဲတော်မှာ အထူးစည်ကားလှသည်။



သီတင်းကျွတ်လပြည့်နေ့က ကျောက်စိမ်းစေတီတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများအား စည်စည်ကားကား တွေ့ရစဉ်

ညပိုင်းတွင် ဘုရားရှင်အားရည်မှန်း၍ မဟာမုနိဘုရားကြီး အပါအဝင် ဘုရားပုထိုး၊ စေတီ၊ ကျောင်းကန်ဓမ္မာရုံများတွင် ကုသိုလ်ပြုကြသူများ၊ အဘိဓမ္မာအခါတော်နှင့် ပူဇော်ပွဲများ သံဃာတော်များ၏ ပဝါရဏာပွဲများ၊ မိဘဆရာ ဂုဏ်ကြီးသူတို့အား ပူဇော်ကန်တော့ပွဲများ အေးချမ်းစွာကျင်းပကြပြီး ဆီမီးများ ပူဇော်ခြင်း၊ အိမ်ရာရုံး၊ ဘူတာရုံ၊ စည်ပင်ရုံး၊ အဆောက်အအုံ၊ ဈေးဝယ်စင်တာများ၊ ရပ်ကွက်များ၊ လမ်းများတို့၌ လည်းကောင်း အလှဆင်ရောင်စုံမီးတို့ဖြင့် ထွန်းညှိကာ လမ်းများအလိုက် နိဗ္ဗာန်ဈေးများ စည်ကားစွာကျင်းပကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေ ဝင်ရောက်လုပ်ကိုင်နိုင်ရေးမှာ အဓိကကျတဲ့ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ဖို့ စီမံကိန်းတွေစနစ်တကျဆောင်ရွက်သွားမှာဖြစ်

—— ဖိုးသက် ——

*(ယမန်နေ့မှအဆက်)*

**ဦးမောင်မောင်လတ်**

ဥက္ကဋ္ဌ

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)



**မေး။ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားမှုနဲ့ မီးသုံးစွဲမှုကို သိလိုပါတယ်။**

ဖြေ ။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၄၅ မြို့နယ်မှာ ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ စုစုပေါင်း ၃၄ ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၇၅၀၊ ၁၁ ကေဗွီ ဓာတ်အားခွဲရုံ ၁၂၅၁၉ ရုံ တည်ဆောက်ထားရှိပြီး ဓာတ်အားဖြန့်ဖြူးပေးလျက် ရှိပါတယ်။ လက်ရှိ ဓာတ်အားသုံးစွဲမှုမှာ ၁၃၅၀ မဂ္ဂါဝပ်ခန့်အထိရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း နှစ်စဉ်ဓာတ်အား တိုးတက်သုံးစွဲမှုမှာ ပျမ်းမျှ ၁၅ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ လက်ရှိမီးသုံးသူ အိမ်ထောင်စုပေါင်း ၁ ဒသမ ၂ သန်းကျော် ၇၈ ရာခိုင်နှုန်း ဓာတ်အားသုံးစွဲလျက်ရှိပါတယ်။ အရင်နှစ်ထက် မီးသုံးစွဲသူအိမ်ထောင်စု ငါး ရာခိုင်နှုန်း ပိုမိုတိုးတက် သုံးစွဲခဲ့ပါတယ်။ ဓာတ်အားသုံးစွဲသူအနေနဲ့ အိမ်သုံး ၅၀ ရာခိုင်နှုန်း၊ စက်မှုနဲ့ စီးပွားရေးသုံး ၃၄ ရာခိုင်နှုန်း၊ လမ်းမီးနဲ့ အခြား ၁၆ ရာခိုင်နှုန်း ရှိပါတယ်။

**မေး။ ရန်ကုန်မြို့ရဲ့ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှာ ဗို့အားကျဆင်းခြင်း၊ မီးအားမနိုင်ခြင်း၊ ဓာတ်အားပျောက်ဆုံးမှု (Losses) တွေ ရှိနေတာနဲ့ ပတ်သက်ပြီး သိချင်ပါတယ်။**

ဖြေ။ လက်ရှိသုံးစွဲနေတဲ့ ထရန်စဖော်မာတွေ ဝန်အားပြည့်နေတာ၊ ဓာတ်အားလိုင်းတွေ ရှည်လျားစွာ သွယ်တန်းထားတာ၊ ဓာတ်အားလိုင်းသုံးကြိုးမှာ ဝန်အားမျှတစွာ သုံးစွဲမှုမရှိဘဲ ကြိုးတစ်ချောင်းတည်းမှာ ပိုမိုစီးဆင်းနေရတာ၊ ဓာတ်အားလိုင်းကြိုးတွေ သတ်မှတ်ဝန်အားထက် ပိုမိုများပြားစွာ သယ်ယူဖြန့်ဖြူးနေရတာနဲ့ သစ်ပင်သစ်ကိုင်းတွေနဲ့ ဓာတ်အားလိုင်းကြိုးတွေ ရိုက်ခတ်မှုကြောင့် မီးခဏခဏ ပြတ်တောက်ရတာ ဖြစ်ပါတယ်။

**မေး။ ဒီကိစ္စရပ်တွေကို ဘယ်လို တိုးတက်အောင်ဆောင်ရွက်ပေးနေပါသလဲ ဆိုတာလည်း သိချင်ပါတယ်။**

ဖြေ။ ဒီလိုကိစ္စတွေကို ထရန်စဖော်မာတွေ ထပ်မံတိုးချဲ့တပ်ဆင်ပါတယ်၊ ဓာတ်အားလိုင်းကြိုးသစ်တွေ လဲလှယ်တပ်ဆင်ပေးပါတယ်၊ ဓာတ်အားလိုင်းကြိုးတွေ ရှည်လျားစွာ တည်ရှိနေမှုအတွက် ဓာတ်အားသုံးစွဲသူတွေကို အခြားထရန်စဖော်မာတွေမှာ ရွှေ့ပြောင်းပေးတာ (Load Share ပြုလုပ်တာ) လုပ်ပါတယ်။ နောက်သစ်ပင်သစ်ကိုင်း ရှင်းလင်းတာ၊ ရှုပ်ထွေး Service ဝိုင်ယာ ရှင်းလင်းပေးတာ၊ ဓာတ်အားကျဆင်းတဲ့နေရာတွေမှာ ထရန်စဖော်မာအသစ် တပ်ဆင်ပေးတာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဓာတ်အားပြတ်တောက်မှုကို အမြန်ဆုံးဖြေရှင်းနိုင်ဖို့အတွက်လည်း Call Center တွေကို ရုံးချုပ်နဲ့ မြို့နယ်တွေမှာ ထားရှိပါတယ်။ ဓာတ်အားလိုင်းတွေကို ပြုပြင်နိုင်ဖို့အတွက် မြို့နယ်အသီးသီးမှာ သက်ဆိုင်ရာ အဖွဲ့သုံးဖွဲ့စီ ဖွဲ့စည်းထားရှိပြီး နေ့/ည တာဝန်ချထားပါတယ်။ လိုင်းအပြစ်ဖြစ်ပွားသည့်နေရာကို သွားရောက်ပြီး အမြန်ဆုံးပြုပြင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ မန္တလေးတိုင်းဒေသကြီးရဲ့ လက်ရှိဓာတ်အားဖြန့်ဖြူးမှုအခြေအနေကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ မန္တလေးတိုင်းဒေသကြီးအတွင်း ၃၄ မြို့ကို တာဝန်ယူဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ၂၀ ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၅၇၈ ရုံ၊ ၁၁ ကေဗွီ ဓာတ်အားခွဲရုံ ၇၆၇၂ ရုံ တည်ဆောက်ထားရှိပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်အားသုံးစွဲတဲ့ အိမ်ထောင်စုပေါင်း ခြောက်သိန်းရှစ်သောင်းခန့်ရှိတဲ့အတွက် အိမ်ထောင်စုပေါင်းရဲ့ ၆၃ ဒသမ ၈ ရာခိုင်နှုန်း ဓာတ်အားရရှိပြီး ဖြစ်ပါတယ်။ အရင်နှစ်ထက် မီးသုံးစွဲသူ အိမ်ထောင်စု ခုနစ်ရာခိုင်နှုန်း ပိုမိုတိုးတက် သုံးစွဲခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးရဲ့ အများဆုံးဝန်အားက ၅၃၀ မဂ္ဂါဝပ်ခန့် ရှိပါတယ်။ တိုင်းဒေသကြီးအနေနဲ့ တစ်နှစ်ပျမ်းမျှ ၁၇ ရာခိုင်နှုန်းခန့် ဓာတ်အား တိုးတက်သုံးစွဲလျက် ရှိပါတယ်၊ ဓာတ်အားသုံးစွဲသူအနေနဲ့ အိမ်သုံး ၄၈ ရာခိုင်နှုန်း၊ စက်မှုနဲ့ စီးပွားရေးသုံး ၄၂ ရာခိုင်နှုန်း၊ လမ်းမီးနှင့် အခြား ၁၀ ရာခိုင်နှုန်း ရှိပါတယ်။

**မေး။ လက်ရှိ မန္တလေးတိုင်းဒေသကြီးမှာ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် ဖြည့်ဆည်းဆောင်ရွက်နေတာနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦး။**

ဖြေ။ ဓာတ်အားပေးစက်ရုံတွေက ထွက်ရှိလာတဲ့ ဓာတ်အားတွေကို ၂၃၀ ကေဗွီ ဗို့အားမြှင့် လိုင်းတွေကတစ်ဆင့် ဗို့အားနိမ့် ဓာတ်အားလိုင်းတွေနဲ့ အများပြည်သူနဲ့ စက်မှုသုံးလုပ်ငန်းမှာ အသုံးပြုနိုင်ဖို့ ဖြန့်ဖြူးပေးတာ၊ System Development Plan (ဗို့အားနိမ့်လိုင်းခွဲရုံတွေ တိုးတက် ဖြန့်ဖြူးနိုင်ဖို့ စီမံချက်ရေးဆွဲတာ)၊ System Improvement Plan (ဗို့အားနိမ့်လိုင်းတွေ ဓာတ်အားတည်ငြိမ်စွာ ဖြန့်ဖြူးနိုင်ရေး စီမံချက်ရေးဆွဲတာ)၊ Operation and Maintenance (ဓာတ်အားစနစ်အတွင်းရှိ ဗို့အားနိမ့်လိုင်းခွဲရုံတွေကို ထိန်းသိမ်းပြုပြင်တာ) ဆောင်ရွက်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါတယ်။

**မေး။ မီတာများဖတ်ရာမှာ အမှားအယွင်းတွေ ရှိတယ်လို့ သိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ပေးနေပါသလဲ။**

ဖြေ။ ဟုတ်ပါတယ်။ မှားယွင်းမှုများ ရှိခဲ့ပါတယ်။ ဒီအတွက် ဆောင်ရွက်ပေးနေတာက ဒေါပုံမြို့နယ်မှာ AMR (Automatic Meter Reading) စနစ်ကို Pilot Project အဖြစ် စတင်အသုံးပြု ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမီတာတွေ တပ်ဆင်ပြီးစီးတဲ့အတွက် အရင်လထက် ဓာတ်အားပျောက်ဆုံးမှု သုံးရာခိုင်နှုန်းခန့် ကျဆင်းသွားပါတယ်။ မီးသုံးစွဲသူတွေ အနေနဲ့လည်း မိမိတို့ရဲ့ဖုန်းနဲ့ပဲ သုံးစွဲမှုကို စစ်ဆေးနိုင်ပါတယ်။ စာရင်းဇယား ရေးသွင်းရာမှာ Human Error တွေ ပပျောက်စေနိုင်ပါတယ်။ Online စနစ်နဲ့ မီတာခ ပေးဆောင်နိုင်ပါတယ်။ ဓာတ်အားခကို ဌာနအနေနဲ့ အပြည့်အဝရရှိနိုင်ပါတယ်။ ဝန်ထမ်းအတွက် လွယ်ကူစွာဖတ်ရှုနိုင်ပြီး ဝန်ထမ်းအင်အား သက်သာစေပါတယ်။ ဝန်ဆောင်မှုစရိတ်တွေလည်း ကျဆင်းစေမှာ ဖြစ်ပါတယ်။

**မေး။ ပြည်သူတွေ လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေဖို့ ဘယ်လိုဆောင်ရွက်လျက်ရှိတယ်ဆိုတာကို ပြောပြပေးပါဦး။**

ဖြေ။ ပြည်သူတွေ လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေဖို့အတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး တက္ကသိုလ်တွေ၊ စာသင်ကျောင်းတွေ အပါအဝင် လူထုကို အသိပညာပေးဟောပြောတာ၊ နံရံကပ် စာစောင်ကပ်တာ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေတာ၊ ရှုပ်ထွေးရှည်လျား ဆားဗစ်ကြိုးတွေ ရှင်းလင်းတာ၊ ဓာတ်အားလိုင်းနဲ့ မလွတ်ကင်းတဲ့ သစ်ပင်သစ်ကိုင်းတွေ ခုတ်ထွင်ရှင်းလင်းတာ၊ ခွဲရုံနဲ့ ထရန်စဖော်မာဝင်း ခြံသန့်ရှင်းရေးဆောင်ရွက်တာ ဆောင်ရွက်ပါတယ်။ ဒါ့အပြင် ဓာတ်အားလိုင်းတိုင် လဲလှယ်ပေးတာ၊ အချို့သံတိုင်တွေမှာရှိတဲ့ ဆားဗစ်ကြိုးတွေမှာ အန္တရာယ်ကင်းရှင်းစေဖို့အတွက် Egg Insulator တွေ တပ်ဆင်တာ၊ ကောင်းကင်ဓာတ်အားလိုင်း Bridge Connection တွေ ပြုပြင်တာ၊ ထရန်စဖော်မာ ကြံ့ခိုင်မှုရှိစေရေးအတွက် ထရန်စဖော်မာတွေရဲ့ Earthing တွေ စစ်ဆေးတာ စတာတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

လျှပ်စစ်ဆိုင်ရာလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် စက်မှုကျွမ်းကျင် ( EI လက်မှတ်) ရရှိမှသာ ဆောင်ရွက်ရမှာဖြစ်ပါတယ်၊ ပြည်သူလူထုအနေနဲ့ လျှပ်စစ်အန္တရာယ် ကင်းရှင်းဖို့အတွက် ဌာနနဲ့ ပူးပေါင်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း ပြောလိုပါတယ်။

**ဦးတင်မောင်ဦး**

**ဦးဆောင်ညွှန်ကြားရေးမှူး**

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**



**မေး။ လက်ရှိဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွေ ဆောင်ရွက်နေမှုနဲ့ ပတ်သက်ပြီး ပြောပြပေးစေချင်ပါတယ်။**

ဖြေ။ ကျွန်တော်တို့က ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီး မပါဘဲ နေပြည်တော်အပါအဝင် ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတွေကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးမှာ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ စုစုပေါင်း ၁၆၃ ရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၈၃၇ ရုံ၊ ၁၁ ကေဗွီ ဓာတ်အားခွဲရုံ ၁၉၇၉၉ ရုံ တည်ဆောက်ထားရှိပြီး ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ လက်ရှိ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီး နှစ်ခုမပါဝင်ဘဲ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ ဓာတ်အားသုံးစွဲမှုက ၁၀၉၃ မဂ္ဂါဝပ်ခန့်အထိရှိပြီး နှစ်စဉ်ဓာတ်အား တိုးတက်သုံးစွဲမှုက ပျမ်းမျှ ၁၅ ရာခိုင်နှုန်းခန့် ရှိပါတယ်၊ ဓာတ်အားစနစ်ကနေ ဖြန့်ဖြူးထားတဲ့ မြို့အနေနဲ့ ၂၅၈ မြို့ ဒီဇယ်၊ အသေးစားရေအားနဲ့ အခြားစနစ်နဲ့ ဖြန့်ဖြူးထားတဲ့ မြို့က ၁၃၂ မြို့ ရှိပါတယ်၊ ဓာတ်အားသုံးစွဲသူတွေအနေနဲ့ အိမ်သုံး ၆၃ ရာခိုင်နှုန်း၊ စက်မှုနဲ့ စီးပွားရေးသုံး ၂၁ ရာခိုင်နှုန်း၊ လမ်းမီးနဲ့ အခြား ၁၆ ရာခိုင်နှုန်း ရှိပါတယ်။ မီးသုံးစွဲသူအိမ်ထောင်စု အရင်နှစ်ထက် လေး ရာခိုင်နှုန်း ပိုမိုတိုးတက် သုံးစွဲခဲ့ပါတယ်။

**မေး။ လက်ရှိမှာ တစ်နိုင်ငံလုံး မီးသုံးစွဲမှုအခြေအနေကို သိရှိလိုပါတယ်။**

ဖြေ။ မြန်မာနိုင်ငံမှာ မီးသုံးစွဲသူ အိမ်ထောင်စုဦးရေ ၁၀ ဒသမ ၉၉ သန်းအနက် ၄ ဒသမ ၂၂ သန်းရရှိပြီး ၆ ဒသမ ၆၇ သန်းရရှိရန် လိုအပ်လျက်ရှိပါတယ်။

**မေး။ ကျန်ရှိနေသေးတဲ့ ပြည်သူတွေ မီးရရှိဖို့အတွက် ဆောင်ရွက်ပေးနိုင်မယ့် အခြေအနေကရော။**

ဖြေ။ မီးရရှိဖို့ကျန်ရှိတဲ့ ပြည်သူတွေအတွက် နိုင်ငံတော်ဘတ်ဂျက်၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက် (National Electrification Plan)၊ အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေနဲ့ စီစဉ်ပြီး ဓာတ်အားဖြန့်ဖြူးနိုင်ဖို့ စီစဉ်ဆောင်ရွက်သွားပါမယ်။

**မေး။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် ဆောင်ရွက်နေမှုကို ပြောပြပေးနိုင်မလား။**

ဖြေ။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ကို ၂၀၁၅ ခုနှစ်ကနေ စတင်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံချက်မှာ လက်ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကနေ ပထမအဆင့် နှစ်မိုင်အတွင်းမှာရှိတဲ့ ကျေးရွာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒုတိယအဆင့်နှစ်မိုင်နဲ့ ငါးမိုင်အတွင်းမှာရှိတဲ့ ကျေးရွာတွေ၊ တတိယအဆင့် ငါးမိုင်နဲ့ ၁၀ မိုင်အတွင်းမှာ ရှိတဲ့ ကျေးရွာတွေနဲ့ စတုတ္ထအဆင့်မှာ ၁၀ မိုင်အထက် ကျေးရွာတွေကို လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်ထားပါတယ်။

**မေး။ အမျိုးသားလျှပ်စစ်စီမံကိန်းအရ သတ်မှတ်ထားတဲ့ မိုင်အတွင်းက မီးမရရှိသေးတဲ့ ကျေးရွာတွေအကုန်လုံးကို လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးသွားမှာလား (ဒါမှမဟုတ်) ရွေးချယ်ပေးသွားမှာလား သိချင်ပါတယ်။**

ဖြေ။ NEP Plan အရ အဆင့်လိုက်သတ်မှတ်ထားတဲ့ မိုင်အတွင်းမှာရှိတဲ့ မီးမရရှိသေးတဲ့ ကျေးရွာများ အားလုံးကို ဓာတ်အားပေးသွားမှာဖြစ်ပါတယ်။

**မေး။ လက်ရှိ ဆောင်ရွက်နေတဲ့ အစီအစဉ်အရ မီးရရှိမယ့် ကျေးရွာနဲ့ အိမ်ထောင်စုဦးရေ သိနိုင်မလား။**

ဖြေ ။ လက်ရှိ အစီအစဉ်အရ ကျေးရွာ ၆၂၄၀ နှင့် အိမ်ထောင်စု ခုနစ်သိန်းငါးသောင်းခန့် မီးရရှိမှာ ဖြစ်ပါတယ်။

**မေး။ လက်ရှိ မီတာတွေ ပြောင်းလဲတပ်ဆင်နိုင်ဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်၊ ဒါနဲ့ပတ်သက်ပြီး သိရှိလိုပါတယ်။**

ဖြေ။ ဌာနအနေနဲ့အရင်က လျှပ်စစ်သံလိုက်နည်းနဲ့ မီတာလည်စေတဲ့ Analogue မီတာတပ်ဆင် အသုံးပြုခဲ့ပါတယ်။ ဒီမီတာတွေက မီတာဖတ်ရာမှာ တိကျမှု အားနည်းတာ၊ ဓာတ်အား ပျောက်ဆုံးမှု၊ ဓာတ်အားလေလွင့်မှု ဖြစ်ပေါ်တာ၊ နှစ်ကာလကြာမြင့်ရင် မီတာလည်ပတ်မှု နှေးတာ၊ ဝန်ထမ်းအမြောက်အမြားသုံးစွဲပြီး ဖတ်ရှုရတာတွေကြောင့် လုပ်ငန်းဆောင်ရွက်ရာမှာ အဆင်မပြေမှု အားနည်းချက်တွေကြောင့် ပြည်သူလူထုရဲ့မကျေနပ်မှုတွေ ကြုံတွေ့ခဲ့ရပါတယ်၊ ဒါတွေကို ဖြေရှင်းနိုင်ဖို့အတွက် ပိုမိုတိကျသော Digital OMR (Off-Site Meter Reading) မီတာ လေးမျိုးနဲ့ ခွဲခြားပြောင်းလဲတပ်ဆင်ပေးဖို့ စီစဉ်နေပါတယ်၊ ၅(၃၀) အမ်ပီယာ (မျက်မြင်ဖတ်ရှုခြင်း)၊ ၅(၃၀) အမ်ပီယာ၊ ၁၀(၆၀) အမ်ပီယာ၊ ပါဝါမီတာ ၁၀(၈၀) အမ်ပီယာ(အဝေးထိန်းစနစ်ဖြင့် ဖတ်ရှုခြင်း) တွေ ပြောင်းလဲတပ်ဆင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ မီတာလေးမျိုးအတွက် ကုန်ကျစရိတ်ကြီးမြင့်မှု ရှိ/မရှိ သိရှိလိုပါတယ်။**

ဖြေ။ ဒီမီတာ လေးမျိုးမှာ ၅(၃၀)အမ်ပီယာ (မျက်မြင်ဖတ်ရှုခြင်း) အမျိုးအစားက ဈေးနှုန်းချိုသာပြီး တန်ဖိုးကြီးမြင့်ခြင်းမရှိတဲ့အတွက် ကျေးရွာနေအိမ်ထောင်စုတွေ သုံးဖို့သင့်ပါတယ်။ ၅(၃၀)အမ်ပီယာ (အဝေးထိန်းစနစ်ဖြင့် ဖတ်ရှုခြင်း) အမျိုးအစားက ဈေးနှုန်းအသင့်အတင့်သာရှိပြီး ယူနစ်အမြောက်အမြားမသုံးစွဲတဲ့ အိမ်ထောင်စုတွေ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ ၁၀(၆၀)အမ်ပီယာက ယူနစ်များများသုံးစွဲမယ့် အိမ်ထောင်စုတွေအတွက်ဖြစ်ပြီး ၁၀(၈၀)အမ်ပီယာက စက်မှု/စီးပွားရေးမှာ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ဒီလိုပြောင်းလဲတပ်ဆင်တဲ့အခါမှာ ရရှိမယ့် အကျိုးကျေးဇူးများကိုလည်း သိချင်ပါတယ်။**

ဖြေ။ ဓာတ်အားပျောက်ဆုံးမှုသက်သာစေပါမယ်။ ဈေးနှုန်းသက်သာမှုရှိမယ်။ လျင်မြန်စွာ ဖတ်ရှုနိုင်မယ်။ Radio Frequency အသုံးပြုထားတဲ့ HHU (Remote Hand Hold Unit)နဲ့ အဝေးမှ ဖတ်ရှုနိုင်ပါမယ်၊ ဝန်ထမ်းအင်အားမြောက်မြားစွာ မလိုအပ်ပါဘူး၊ မီတာဖတ်ရှုရာမှာ တိကျမှုအားကောင်းမယ် စတဲ့အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်ပါတယ်။

**မေး။ မီတာလျှောက်တဲ့အခါ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး စီမံထားရှိမှုကို သိရှိလိုပါတယ်။**

ဖြေ။ ဝန်ကြီးဌာနအနေနဲ့ ပြည်သူလူထု၊ ပုဂ္ဂလိကနဲ့ အဖွဲ့အစည်းအသီးသီးတို့က မီတာတွေ ကြန့်ကြာမှုမရှိစေဘဲ စနစ်တကျ မြန်ဆန်ကောင်းမွန်စွာ တပ်ဆင်ဆောင်ရွက်ပေးနေပါတယ်။ မီတာတပ်ရာမှာ မြေယာပိုင်ဆိုင်မှု အထောက်အထား၊ ဓာတ်အားရယူမယ့် လိုင်းနဲ့ ခွဲရုံမှ ဝန်အားနိုင်နင်းမှု ရှိ/မရှိကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ/မြို့နယ်လျှပ်စစ်မန်နေဂျာတွေက အမြန်စစ်ဆေးပြီး ကိုက်ညီမှုရှိရင် အိမ်သုံးမီတာကို တစ်ရက်အတွင်းနဲ့ (လုပ်ငန်းသုံး/စက်မှုသုံး) ပါဝါမီတာတွေကို ငါးရက်အတွင်း အပြီးတပ်ဆင်ပေးခြင်းတို့ ဆောင်ရွက်ပေးနေပါတယ်။ ဟုတ်ကဲ့။ အခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ကို ၂၀၁၅ ခုနှစ်ကနေ စတင်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံချက်မှာ လက်ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကနေ ပထမအဆင့် နှစ်မိုင်အတွင်းမှာရှိတဲ့ ကျေးရွာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒုတိယအဆင့် နှစ်မိုင်နဲ့ ငါးမိုင်အတွင်းမှာရှိတဲ့ ကျေးရွာတွေ၊ တတိယအဆင့် ငါးမိုင်နဲ့ ၁၀ မိုင်အတွင်းမှာရှိတဲ့ ကျေးရွာတွေနဲ့ စတုတ္ထအဆင့်မှာ ၁၀ မိုင်အထက် ကျေးရွာတွေကို လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်ဖို့ စီစဉ်ထား**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့ စင်ကာပူနိုင်ငံ၌ကျင်းပသော 10th ASEAN and Asia Forum (AAF) သို့ တက်ရောက်




**နေပြည်တော် အောက်တိုဘာ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် အဖွဲ့သည် အောက်တိုဘာ ၅ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် စင်ကာပူနိုင်ငံ Singapore Institute of International Affairs (SIIA)က ကြီးမှူးကျင်းပသည့် 10th ASEAN and Asia Forum (AAF) သို့ တက်ရောက်သည်။ **(ဓာတ်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နောက်တစ်ဆင့် တိုးမြှင့်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် China's Belt and Road ၏ ပဏာမခြေလှမ်းနှင့် ကမ္ဘာမှ နိုင်ငံတကာ အမြင်များနှင့် ပတ်သက်၍ ဆွေးနွေးဖလှယ်ပြောကြားခဲ့သည်။ China's Belt and Road သည် ဒေသတွင်း မဟာဗျူဟာသာမက တစ်ကမ္ဘာလုံးနှင့်ဆိုင်သော မဟာဗျူဟာဖြစ်ကြောင်း၊ OBOR ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ ကြိုဆိုပါကြောင်း၊ အထူးသဖြင့် OBOR ၏ ကုန်သွယ်မှုလမ်းကြောင်း ကွန်ရက်အနေဖြင့် ဥရောပနိုင်ငံများနှင့် ကျန်နိုင်ငံများက မဟာဗျူဟာလုပ်ငန်းစဉ်များအပေါ် အပြုသဘောဆောင်ပါကြောင်း။

OBOR သည် မြန်မာနိုင်ငံ၏ သက်သာချောင်ချိရေးမြှင့်တင်ရန်အတွက် အခွင့်အလမ်းတစ်ခုဖြစ်ပါကြောင်း၊ OBOR ကွန်ရက်ကြောင့် အာရှ၊ ဥရောပနှင့် ကျန်နိုင်ငံများမှ OBOR ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာပေါ်တွင်လည်း ကြိုဆိုကြမည်ဖြစ်ကြောင်း၊ OBOR သည် မြန်မာနိုင်ငံနှင့် ကျန်ကမ္ဘာ့နိုင်ငံများအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ငွေကြေးပူးပေါင်းမှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအကြားညှိနှိုင်းဖို့ အကြီးမားဆုံးလမ်းကြောင်းကြီး ဖြစ်လာနိုင်ကြောင်း၊ မြန်မာနိုင်ငံလို ဖွံ့ဖြိုးတိုးတက်ဆဲ နိုင်ငံတစ်ခုအနေနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်အကိုင်အခွင့်အလမ်းတိုးမြှင့်ရရှိရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါကြောင်း။

မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာ ကဏ္ဍများ အားနည်းခြင်း၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းပညာနှင့်ငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဖွံ့ဖြိုးတိုးတက်မှုမညီမျှခြင်း၊ မြို့ပြဒေသနှင့် ကျေးလက်ဒေသများအကြား ဝင်ငွေကွာဟချက်တို့ကို အချိန်တိုအတွင်း ကိုင်တွယ်ဖြေရှင်းပေးရန် လိုအပ်ပါကြောင်း၊ မြို့ပြဒေသများတွင်လည်း အိမ်ရာလိုအပ်ချက်၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ ကဏ္ဍများများစွာလိုအပ်လျက်ရှိရာ ပိုမိုကောင်းမွန်သည့် လမ်းကွန်ရက်စနစ်ရှိမှသာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ပြကျေးလက်ဒေသများအကြား ခရီးသွားလာချိန်များ ကွာခြားချက်ကို လျှော့ချလာနိုင်ခြင်းများကြောင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များအတွက် များစွာလိုအပ်လျက်ရှိကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် လျှပ်စစ်ကဏ္ဍကြောင့် ရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်ချက်များရှိပါကြောင်း၊ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားနှင့် သင့်တင့်သောဈေးနှုန်းဖြင့် လျှပ်စစ်ဓာတ်အား အလုံအလောက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းအားထုတ်ရမည်ဖြစ်ပါ၍ OBOR သည် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုနိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် Private Corporate Briefing သို့ တက်ရောက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ဥပဒေဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကွန်ရက်များ၊ လျှပ်စစ်ဓာတ်အားတိုးတက်မှုနှင့် ပတ်သက်၍ မဟာဗျူဟာရေးဆွဲထားမှု၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးကိစ္စရပ်များ၊ Solar Plant ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးကိစ္စများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အရည်အသွေးပြည့်ဝသည့်ပညာရေးကို ကောင်းမွန်သည့်ဆရာများဖြင့်သာ အောင်မြင်စွာအကောင်အထည်ဖော်နိုင်

နေပြည်တော် အောက်တိုဘာ ၅

**၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကား ပြောကြားသည်။** (အောက်ပုံ)




ရှေးဦးစွာ နေပြည်တော် ပျဉ်းမနားမြို့မှ အခြေခံဆရာ ဆရာမများက "ယနေ့ခေတ်တို့ဆရာ"သီချင်းဖြင့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို သီဆိုဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့အချိန်အခါသည် ကမ္ဘာတစ်ဝန်းတွင်ရှိကြသည့် ဆရာ ဆရာမများကို ဂုဏ်ပြုသည့် နေ့ထူးနေ့မြတ် အခါသမယဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် တပည့်များအား လူသားကောင်းများ၊ ပူးပေါင်းဆောင်ရွက်တတ်သူများ၊ တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်သူများ၊ တီထွင်ကြံဆနိုင်စွမ်းရှိသူများ ဖြစ်လာအောင် စဉ်ဆက်မပြတ် ထုဆစ်ပုံသွင်းပေးလျက်ရှိကြပါကြောင်း၊ အရည်အသွေးပြည့်ဝသည့် ပညာရေးကို ကောင်းမွန်သည့် ဆရာများဖြင့်သာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါကြောင်း။

ဆရာများ၏အခန်းကဏ္ဍနှင့် ပတ်သက်၍ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၌ ဆရာကို အနန္တောအနန္တငါးပါးတွင် အမြတ်တနိုးတန်ဖိုးထားကြပါကြောင်း၊ ဆရာများ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်၊ သိက္ခာနှင့် စည်းကမ်းများမှာလည်း များပြားလှပါကြောင်း၊ ဝတ်စားဆင်ယင်မှုမှအစ အနေအထိုင်၊ အပြောအဆို၊ အကျင့်အကြံဆိုသည့် စရိုက်လက္ခဏာ အားလုံးတွင် လူ့အဖွဲ့အစည်းက စံပြုထိုက်သည့်၊ လေးစားအတုယူထိုက်သည့် ပုဂ္ဂိုလ်များဖြစ်အောင် ကျင့်ကြံနေထိုင်ကြသူများဖြစ်ပါကြောင်း။

ကောင်းမွန်သော ဆရာများဖြင့် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲ၊ ပြဿနာ၊ မပြည့်စုံမှုနှင့်စိန်ခေါ်မှုများကို တီထွင်ကြံဆဖြေရှင်း၍ ပညာရေးအရည်အသွေး မြင့်မားလာရေးအတွက် ကျောင်းအပ်နှုန်းများမြင့်မားလာရန်၊ ကျောင်းထွက်နှုန်းများ လျော့နည်းလာရန်၊ မူလတန်းကျောင်းသား ကျောင်းသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ရန်နှင့် သင်ယူတတ်မြောက်မှုအရည်အသွေး ကောင်းမွန်ရန်၊ ဒေသအလိုက် လိုအပ်သော ကျွမ်းကျင်လုပ်သားဈေးကွက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နည်းပညာနှင့် သက်မွေးပညာသင်တန်းများဖြင့် ပြုစုပျိုးထောင်သင်ကြားလေ့ကျင့်ရန်၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင်ရေး Deep Learning ဖြင့် သင်ကြားလေ့ကျင့်ရန်တို့အတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး "လွတ်လပ်စွာသင်ကြားဖို့ ဆရာများကို အားပေးကြပါစို့"ဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ဒေါက်တာကြည်ရွှင်က ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များပေးပို့သည့် စုပေါင်းသဝဏ်လွှာကို ဖတ်ကြားပြီး မြန်မာနိုင်ငံဆရာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းခိုင်မျိုးထွန်းက မြန်မာနိုင်ငံဆရာများအဖွဲ့ချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အခြေခံပညာကျောင်းသား ကျောင်းသူများက "မြတ်ဆရာ"သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန် ဆရာ ဆရာမများနှင့် ဆုရ ဆရာ ဆရာမများ၏ ဆောင်ရွက်မှုမှတ်တမ်း အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန်ဆရာ ဆရာမများနှင့် ကျောင်းတက်ရက်မပျက်သော ဆရာ ဆရာမများ၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရရှိစေရန် ကြိုးကြပ်တာဝန်ယူခဲ့သည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်က အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်က တက္ကသိုလ်၊ ကောလိပ်အဆင့်၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးမင်းဦးက တက္ကသိုလ်၊ ကောလိပ်အဆင့်၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် တက္ကသိုလ်၊ ကောလိပ်အဆင့် ပိုစတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း အသီးသီး ဆုချီးမြှင့်ကြသည်။

ထို့နောက် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက "ပန်းပျိုးသူ"သီချင်းဖြင့် တေးသရုပ်ဖော်တင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်ပုဒ်မှာ "လွတ်လပ်စွာသင်ကြားဖို့၊ ဆရာများကို အားပေးစို့ (Teaching in Freedom, Empowering Teachers)" ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိတိုက်နိုင်

**နေပြည်တော် အောက်တိုဘာ ၅** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေ သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

# မကွေးမြသလွန်စေတီတော်မြတ်ကြီးအား ပန်းကိုးထောင်ဖြင့်ပူဇော်၊ အနယ်နယ်အရပ်ရပ်မှဘုရားဖူးများဖြင့် စည်ကား

မကွေး အောက်တိုဘာ ၅

**မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးအား ပန်းကိုးထောင်ဖြင့် နှစ်စဉ်ပူဇော်လျက်ရှိရာ ယခုနှစ်ဆိုလျှင် စေတီတော်မြတ်ကြီးအား ယင်းသို့ပူဇော်လာသည်မှာ (၂၉) ကြိမ်မြောက်ခဲ့ပြီ ဖြစ်သည်။ ယခုနှစ် ပန်းကိုးထောင်ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက် ၅ နာရီတွင် မြသလွန်စေတီတော်မြတ်ကြီး၌ ကျင်းပခဲ့သည်။**



အဆိုပါပွဲသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြသလွန်စေတီတော် ဗုဒ္ဓဝေယျာဝစ္စအသင်းသူ၊ အသင်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ပြီး ဝန်ကြီးချုပ်က အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

"ဘုရားပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့ကနေ သီတင်းကျွတ်လကွယ်အထိ ရက် ၂၀ တိုင်တိုင် အစဉ်အလာမပျက် ကျင်းပပါတယ်။ ဗုဒ္ဓပူဇနိယပွဲတော်ဆိုတော့ ဘုရားအနေကဇာတင်တာရှိတယ်။ သြဝါဒစရိယဆရာတော်ကြီးတွေက သုံးရက်တိုင်တိုင် ပဋ္ဌာန်းပူဇော်ပေးပြီး ပဋ္ဌာန်းအောင်ပွဲ ကျင်းပပေးတယ်။ အဲဒါတွေပြီးတော့ သီတင်းကျွတ်လပြည့်နေ့ နံနက်အရုဏ်မှာ သစ်သီးဆွမ်း၊ ပန်းကိုးထောင်တို့ကို ကပ်လှူပါတယ်။ မြို့ပေါ်မှာရှိတဲ့ သံဃာ ၂၀၀၀ ကျော်ကို ဆွမ်းလောင်းလှူပါတယ်။ ညမှာတော့ ဆီမီးကိုးထောင် ကပ်လှူပူဇော်ပွဲ ကျင်းပပါတယ်။ ဆီမီးကိုးထောင်ကိုတော့ နှစ်စဉ်နှစ်တိုင်းလှူနေကျအတိုင်း စေတီတော်မြတ်ကြီး အောက်ခြေမှာရှိတဲ့ လှေကားထစ်တွေပေါ်မှာ ထွန်းညှိပူဇော်ကြပါတယ်။ ဘုရားပွဲတော်ကို အနယ်နယ်အရပ်ရပ်က လာရောက်ကြတဲ့ ဘုရားဖူးပြည်သူတွေနဲ့ နှစ်စဉ်စည်ကားပါတယ်။ လပြည့်နေ့ဆို ဘုရားရင်ပြင်တော်မှာ ဘုရားဖူးလာသူတွေနဲ့ပြည့်နေတာပါပဲ။ မြသလွန်စေတီမှာ ဝေယျာဝစ္စအသင်း ၁၅ သင်းရှိပါတယ်။ ဆီမီးကိုးထောင်ပူဇော်တဲ့နေရာမှာ မြသလွန်စေတီ ဝေယျာဝစ္စအသင်း ၁၅ သင်းက အသင်းသူ အသင်းသားတွေနဲ့ စေတနာရှင်ပြည်သူတွေရဲ့ လှူဒါန်းမှုနဲ့ ပူဇော်ကျင်းပတာပါ။ ဆီမီးလှူဒါန်းတဲ့အခါမှာလည်း ဖယောင်းဆီမီးတွေ မသုံးဘူး။ အညာဒေသက နှမ်းထွက် ဒေသဖြစ်တဲ့အတွက် ဒေသကထွက်တဲ့ နှမ်းဆီစစ်စစ်ကိုပဲသုံးပြီး ပူဇော်ပါတယ်။ အခုနှစ်ဆီမီးကိုးထောင်ပူဇော်ပွဲကို လပြည့်နေ့ညပိုင်းမှာ ကျင်းပဖို့ စီစဉ်ထားပေမယ့် ရာသီဥတုအခြေအနေအရ ရက်ရွှေ့ဆိုင်းလိုက်ရပါတယ်" ဟု မြသလွန်စေတီတော်ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးအေးကျော်က ပြောသည်။

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးအား ဆီမီးကိုးထောင်ပူဇော်ရာတွင် ဒေသထွက် နှမ်းဆီစစ်စစ်များသာသုံးပြီး ဆီမီးကိုးထောင်အတွက် စုစုပေါင်း ဆီပိဿာ ၂၃၀ ခန့်ကုန်ကျကြောင်း သိရသည်။

"ဆီမီးကိုးထောင်၊ ပန်းကိုးထောင်ပူဇော်ပွဲကျင်းပတဲ့နေရာမှာ အလှူငွေအတွက် အခက်အခဲမရှိ နှစ်စဉ်ကျင်းပလာနိုင်ခဲ့ပါတယ်။ ပြည်သူလူထုကလည်း စေတနာသဒ္ဓါတရားထက်သန်စွာနဲ့ လှူဒါန်းပါတယ်။ ဆီမီးထွန်းပွဲမှာ ထူးခြားပြီး စီစဉ်လာတာကတော့ မီးကြာခွက်မျှောတဲ့ အစီအစဉ်ရှိလာပါတယ်။ ဒါကလည်း ဝေယျာဝစ္စအသင်းသူ အသင်းသားတွေစုပြီး လှူဒါန်းပြုလုပ်တဲ့ အစီအစဉ်ပါ။ ဒါကလည်း ကမ်းနဲ့ရေနဲ့နီးတဲ့အချိန်မှ လုပ်ရတာပါ။ ရေနဲ့မနီးရင် လုပ်လို့မရပါဘူး။ မီးကြာခွက်မျှောတာကတော့ ပြီးခဲ့တဲ့နှစ်ကမှ စတင်ပြီး လုပ်ဖြစ်တာပါ" ဟု ၎င်းက ဆက်လက်ပြောပြသည်။

မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်တွင် ဈေးဆိုင်ခန်းပေါင်း ၁၀၈၀ ကျော်ရှိပြီး ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာဝယ်ယူနိုင်ရေးအတွက် ဈေးဆိုင်ခန်းများအား စည်းကမ်းချက်များချမှတ်ကာ ရောင်းဝယ်ဖောက်ကားခွင့်ပေးထားကြောင်း သိရသည်။

**ဇွဲလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- ဇေမိုး**



ဘုရားဖူးလာပြည်သူများ မီးကြာခွက်မျှောရန် ပြင်ဆင်ပြုလုပ်နေသည်ကို တွေ့ရစဉ်



**အောက်တိုဘာ ၄ ရက်က သီပေါမြို့ တောင်မြို့ရပ်ကွက်ရှိ အသက် ၉၀ နှစ်အထက် အဘိုး အဘွားများအား နိုင်ငံတော်မှ လစဉ်ထောက်ပံ့ငွေ လူမှုရေးပင်စင်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ တောင်မြို့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုတို့ စုပေါင်း၍ ဖယောင်းတိုင်၊ အမွှေးတိုင်များနှင့် လှူဖွယ်ပစ္စည်းများကို အိမ်တိုင်ရာရောက်လှူဒါန်းစဉ်**
စိုင်း(သီပေါ)

## ပညာရည်ချွန်နှင့် အားကစားထူးချွန်သူများအား ဆုပေးပွဲကျင်းပ

**ဖြူး အောက်တိုဘာ ၅**

ဇေယျာဝတီမြို့ အရှေ့ဘက် လယ်ပြင်ကြီးကျေးရွာ အထက်တန်းကျောင်းခွဲ၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အောင်မြင်သော ကျောင်းသား ကျောင်းသူများနှင့် အားကစားထူးချွန်သူများအား ဆုပေးပွဲကို အောက်တိုဘာ ၄ ရက်က ကျင်းပရာ ဖြူးမြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်အေးအေးဝင်းနှင့် လယ်ပြင်ကြီးကျေးရွာမှ ကျောင်းအုပ်ဆရာမကြီးတို့က အမှာစကားများပြောကြားပြီး ရန်ကုန်မြို့နေ အလှူရှင် ဦးဟိဒီယာနန်းက မြို့နယ်ပညာရေးမှူးနှင့် လယ်ပြင်ကြီးကျောင်းမှ ဆရာ ဆရာမများ၊ စာပေနှင့် အားကစားတွင် ထူးချွန်သော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဖြူး-မြင့်ဦး)**

## တောင်ငူတွင် ဘာသာပေါင်းစုံသက်ကြီးပူဇော်ပွဲကျင်းပ

**တောင်ငူ အောက်တိုဘာ ၅**

တောင်ငူမြို့ (၈)ရပ်ကွက် မိသားစုကကြီးမှူးကျင်းပသော လူမျိုးဘာသာပေါင်းစုံ သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၄ ရက်က တောင်ငူမြို့ ကမ်းနားလမ်းရှိ (၈) ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပူဇော်ကန်တော့ခံ အသက်(၈၀)နှစ်နှင့်အထက် ဘာသာပေါင်းစုံ အဘိုး အဘွားများကို ကျန်းမာရေးစစ်ဆေးပေးကာ လှူဖွယ်ပစ္စည်းများနှင့် ထောက်ပံ့ငွေများဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ အဘိုးအဘွားများက ဆုံးမစကားပြောကြားသည်။

အဆိုပါအခမ်းအနားကို ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ်ကထက် ပိုမိုလှူဒါန်းနိုင်ခဲ့ကြောင်း၊ နောင်နှစ်များတွင်လည်း အစဉ်အလာမပျက် ကျင်းပနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အခမ်းအနား စီစဉ်ကျင်းပသူတစ်ဦးက ပြောကြားသည်။

**သူရ(တောင်ငူ)**



# သီတင်းကျွတ်ကာလတွင် ဖောက်အိုးနှင့် မီးရှူးမီးပန်းများကြောင့် အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၅**

ယနေ့သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာနေ့နှင့် သီတင်းကျွတ်ကာလတွင် အများပြည်သူ ထိတ်လန့်မှုနှင့် စိတ်အနှောင့်အယှက် မဖြစ်စေရန် ရပ်ကွက်၊ ကျေးရွာတို့တွင် အုပ်ချုပ်ရေးပိုင်းမှ အောက်တိုဘာ ၁ ရက် ညပိုင်း၌ လိုက်လံကြေညာထားသော်လည်း လှိုင်သာယာ မီးခွက်ဈေးလမ်းမနှင့် ရပ်ကွက်၊ ကျေးရွာတို့တွင် မီးရှူးမီးပန်းနှင့် ဖောက်အိုးများရောင်းချသည့်အတွက် ရပ်ကွက်အတွင်း ဖောက်အိုးသံများ ဆူညံလျက်ရှိရာ သက်ကြီးရွယ်အိုနှင့် အများပြည်သူ ထိတ်လန့်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



ရောင်းချရန်ခင်းကျင်းထားသည့် ဖောက်အိုးများ၊ မီးရှူးမီးပန်းများ

"အခုဟာက လိုအပ်လို့ တာဝန်ရှိသူတွေကြေညာတားမြစ်ထားတာကို ဖောက်အိုးရောင်းတဲ့သူက ရောင်းတယ်။ မီးရှူးတွေအသံတုန်ခါအောင် ပစ်လွှတ်ကြတယ်။ မနေ့ကတည်းက ပစ်ဖောက်နေတာသိရင် အထက်က ညွှန်ကြားထားတဲ့အတိုင်း လိုက်နာသင့်တယ်။ ဖောက်အိုးရောင်းတဲ့သူတွေကို ဘာလို့တားဆီးမှုမလုပ်နိုင်တာလဲ၊ အခုလို ညွှန်ကြားမှုကိုတောင် မထိန်းချုပ်နိုင်ရင် အမျိုးသားရေးနဲ့ပတ်သက်တဲ့ ညွှန်ကြားချက်တွေကိုလည်း ကြပ်မတ်နိုင်မလားဆိုတာ ပြည်သူတွေအတွက် စဉ်းစားစရာဖြစ်လာပြီ" ဟု အမှတ်(၈)ရပ်ကွက်မှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

လှိုင်သာယာတွင် ဖောက်အိုးနှင့် မီးရှူးမီးပန်းရောင်းသော ဈေးသည်များ နံနက်ပိုင်းမှစ၍ ရွာသွန်းသောမိုးကြောင့် နေ့ပိုင်းတွင် အရောင်းအဝယ်ပါးခဲ့ပြီး ညပိုင်းတွင် မိုးစဲသွားရာ ကလေးသူငယ်နှင့် လူငယ်အကြိုက် အသံမြည်မီးရှူးမီးပန်းနှင့် ဖောက်အိုးများကို အရင်းကျေစေရန်ရောင်းချကြခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ-သန်းစိုး**

## မြေငလျင်သတင်း

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၁၇ ခုနှစ် အောက်တိုဘာ ၅ ရက် မြန်မာစံတော်ချိန် ၆ နာရီ ၆ မိနစ် ၅၈ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်ဘက် မိုင် ၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မုံရွာမြို့၏ အနောက်တောင်ဘက် ၁၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်) တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာ တိုင်းရင်းသားပြည်သူများအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများလှူဒါန်း




**မန္တလေး  အောက်တိုဘာ  ၅**

ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာ ပြည်သူများအား လူသားချင်း စာနာထောက်ထားသော ကူညီထောက်ပံ့မှုများအဖြစ် မဟာအောင်မြေမြို့နယ် အဝေရာရာမ ရန်ကင်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဆရာတော် အရှင်ဩဒါတ သိရီဘိဝံသဦးစီးသည့် ရပ်မိရပ်ဖ စေတနာရှင်ပြည်သူများက လှူဒါန်းသော အလှူငွေများပေးအပ်လှူဒါန်းပွဲ ကို အောက်တိုဘာ ၄ ရက်က အဆိုပါကျောင်းတိုက်၌ ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများထံသို့ မဟာအောင်မြေမြို့နယ် သံလျက်မှော် အရှေ့ရပ်ကွက်အတွင်းရှိ ဆရာတော်ကြီးနှင့် စေတနာရှင် ရပ်မိရပ်ဖများက လှူဒါန်းသည့် အလှူငွေစုစုပေါင်း ငွေကျပ် ၁၂၅ သိန်း၊ ဆန်အိတ် ၇၀၊ ခေါက်ဆွဲခြောက် ၅၄ ဖာ၊ အသုံးအဆောင်ပစ္စည်းအိတ်များ၊ မန်းရွှေလီ အလှူဖိနပ်အရန် ၅၀၀၀ တို့ကို ရပ်မိရပ်ဖများက ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နှစ် ၅၀ ခန့် အစဉ်အလာမပျက်ကျင်းပလာသည့် ကျေးလက်ဒေသ မီးဝက်ပါပူဇော်ပွဲမှသည် . . . .

**ခင်ရတနာ**

**များပြားလှသည့်ကျေးရွာအတွင်းက လူငယ်များက ရောင်စုံတံခွန်များ ကိုင်ဆောင်ထားသည်။ လူငယ်များ၏ အနောက်တွင် ကျေးရွာအတွင်းမှ လုပျိုဖြူများက ကိုယ်တိုင်လုပ်ရောင်စုံ ဆီမီးခွက်ကလေးများဖြင့် စီတန်းစောင့်ဆိုင်းနေသည်။ တစ်ရွာလုံးသို့ ဆီမီးလှည့်လည်ပြီးပါက ရွာဦးကျောင်းရှိ မီးမြင်းမိုရ်ဝက်ပါဘုရားသို့သွားရောက်ကာ ဆီမီးပူဇော်ပွဲကျင်းပကြရမည်။ အားလုံး၏ရင်ထဲဝယ် သီတင်းကျွတ်လပြည့်နေ့ည မြတ်စွာဘုရားအားရည်မှန်းကာ ဆီမီးပူဇော်ခွင့်ရရှိသည့်အတွက် ဝမ်းသာကြည်နူးစိတ်များဖြင့် ပြည့်နှက်လျက်ရှိသည်။ အဆိုပါ မီးဝက်ပါပူဇော်ပွဲကို နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီး ကျေးရွာတွင် ရွာသူ ရွာသားများစုပေါင်းကာ နှစ်စဉ်ကျင်းပလေ့ရှိသည်မှာ နှစ်ပေါင်း ၄၉ နှစ်ခန့်ရှိလာပြီဖြစ်သည်။**



**သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာ အခါတော်နေ့) အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကာ မြတ်စွာဘုရားအား ဆီမီး ဝက်ပါ ပူဇော်နေကြသည့် ဝဲကြီး ကျေးရွာ ဒေသခံများ**
ဓာတ်ပုံ-ရာမည

သီတင်းကျွတ်လသည် စန်းပြည့်နက္ခတ် အဿဝတီထွန်းလင်းတောက်ပ၍ ဆီမီးထွန်းပွဲတော်လလည်းဖြစ်သည်။ နေ့တာနှင့်ညတာမျှတပြီး ယင်းလတွင် မီးထွန်းသည့်ပွဲကို မီးမြင်းမိုရ်ပွဲ သို့မဟုတ် တာဝတိံသာပွဲဟုလည်း ခေါ်ကြသည်။ မြတ်စွာဘုရားရှင် သတ္တမမြောက် ဝါဆိုတွင် တာဝတိံသာနတ်ပြည်မှ မယ်တော်နတ်သားအပါအဝင် နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားကို ဝါတွင်းသုံးလပတ်လုံးဟောကြားတော်မူပြီး လူ့ပြည် သင်္ကဿနဂိုရ်မြို့သို့ ပြန်လည်ဆင်းသက်တော်မူသည်။

မြတ်စွာဘုရားရှင်ဆင်းသက်သည့် ပတ္တမြားစောင်းတန်းအပြင် ဘေးနှစ်ဖက်နှစ်ချက်တွင် ရွှေစောင်းတန်းနှင့် ငွေစောင်းတန်းများဖြင့် နတ်၊ ဗြဟ္မာများက မြတ်စွာဘုရားရှင်အား ပူဇော်ကြသည်။ သိကြားမင်းသည် မြတ်စွာဘုရားအား ရွှေထီးမိုး၍လည်းကောင်း၊ ပဥ္စသိခ်နတ်သားက သုံးဂါဝုတ်မျှကြီးသည့် ဗေဠုဝနတ်စောင်းကို တီး၍လည်းကောင်း၊ မာတလိနတ်သားက ပန်းမန်နံ့သာတို့ဖြင့် လည်းကောင်း၊ သုယာမနတ်မင်းက စာမရီသား မြီးယပ်တို့ဖြင့်လည်းကောင်း၊ သန္တုသိတနတ်သားက ပတ္တမြားယပ်ဝန်းကိုခပ်၍ လည်းကောင်း၊ နတ်ဗြဟ္မာအပေါင်းက ခရုသင်းမှုတ်ခြင်း၊ သီဆိုကခုန်ခြင်းတို့ဖြင့် မြတ်စွာဘုရားကို လိုက်ပါပို့ဆောင်သကဲ့သို့ လူ့ပြည်မှလည်း ပြည့်ရှင်မင်းအပါအဝင် တိုင်းသူပြည်သားလူအများက ဆီမီးများ၊ အမွှေးနံ့သာများဖြင့် မြတ်စွာဘုရားအား ကြိုဆိုကြသည်ကို အစွဲပြုခြင်းမှာ မြန်မာလူမျိုးများတွင် ယခုမှစသည် မဟုတ် ပုဂံခေတ် မြင်းကပါ ဂူပြောက်ကြီးဘုရား နံရံဆေးရေးများတွင် ရေးဆွဲခဲ့သည်အထိ ရှေးကျသည့် ဘာသာတရားနှင့် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာတစ်ခုပင်ဖြစ်သည်။

"ရိုးရာယဉ်ကျေးမှုတစ်ရပ်ကို လက်ဆင့်ကမ်းပေးလိုက်တဲ့သဘောပါပဲ။ ဘုန်းကြီးတို့အနေနဲ့ ဝက်ပါပုံစံကိုတော့ ရိုးရှင်းတဲ့ လေးကျွန်းဝက်ပါပုံစံပဲ သုံးပါတယ်။ အလယ်က မြတ်စွာဘုရားကိုရည်မှန်းပြီး မြင်းမိုရ်တောင်သဏ္ဌာန်ပေါ့။ ဘေးမှာ ကျွန်းလေးကျွန်းသဏ္ဌာန်၊ ဝင်ပြီးရင် ဝင်တဲ့လမ်းအတိုင်း ပြန်ထွက်တဲ့ ဝက်ပါဖြစ်တယ်။ မီးပုံးလေးတွေကိုတော့ ကျေးရွာက လူငယ်တွေဝိုင်းဝန်းကုသိုလ်ပြုတာပါ။ ရောင်စုံမီးခံစက္ကူလေးတွေနဲ့ သစ်သားကိုအဓိကအသုံးပြုပါတယ်"ဟု ရိုးရာယဉ်ကျေးမှုကို နှစ်ပေါင်း ၄၉ နှစ်တိုင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သူ ဝဲကြီးကျေးရွာ နေမျိုးနွယ်ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အာဒိစ္စဝံသက မိန့်ကြားသည်။

မြန်မာ့ရိုးရာဝတ်စုံများကို ဝတ်ဆင်ထားကြသည့် လူငယ်မောင်မယ်များသည် မီးပုံးကလေးများကို ကိုင်ဆောင်ကာ ဘုန်းကြီးကျောင်းဝင်းအတွင်းသို့ ရောက်ရှိလာကြသည်နှင့် ဝက်ပါပူဇော်ပွဲကို စတင်ကြပြီဖြစ်သည်။ နှစ်ပေါင်းများစွာ မြန်မာ့ရိုးရာအစဉ်အလာ သီတင်းကျွတ်မီးပူဇော်ပွဲကို ကျင်းပခွင့်ရရှိခြင်းကြောင့် ဝမ်းသာကျေနပ်မိကြောင်း၊ လူငယ်များအတွက် ဘာသာတရား၊ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းပေးအပ်ရန်မှာ လူကြီးများတွင် တာဝန်ရှိကြောင်းနှင့် မီးပူဇော်ပွဲအပြင် ပဝါရဏာတွင် ပါဝင်ကြသည့် သံဃာတော်အရှင်သူမြတ်များအတွက် ကျေးရွာဒေသခံများက ဝတ္ထုငွေများကို ငွေပန်းခိုင်များ၊ ငွေပဒေသာပင်များဖြင့် ကြိုးစားလုပ်ကိုင် လှူဒါန်းကြသည့်အတွက်လည်း ဝမ်းသာပီတိဖြစ်ရကြောင်း ဝဲကြီးကျေးရွာ နေမျိုးနွယ်ပရိယတ္တိ စာသင်တိုက် တာဝန်ခံဆရာတော် ဦးပညာကလည်း မိန့်ကြားသည်။

နောင်နှစ်များတွင် လျှပ်စစ်မီးများဖြင့် ပူဇော်မည်ဟု မျှော်လင့်ထားသော်လည်း ယခုနှစ်ကဲ့သို့ သဘာဝဆီမီးဖြင့် ပူဇော်ခြင်းသည် ရိုးရာယဉ်ကျေးမှုကို ပိုမိုပေါ်လွင်စေသည်ဟု ဒေသခံရွာသားတစ်ဦးကလည်း မှတ်ချက်ပြုသည်။

"ကျွန်တော်တို့ငယ်ငယ်က ခက်ခဲတဲ့ ဝက်ပါတွေကို လနဲ့ချီ တည်ဆောက်ကြတယ်။ ပြီးတော့ မြတ်စွာဘုရားကို မီးပူဇော်ကြတယ်။ လျှပ်စစ်မီးတွေရလာပြီးတဲ့အခါ မီးပုံးလှည့်တာတွေ၊ မီးပူဇော်တဲ့နေရာတွေမှာ ဆီမီးထက် အသုံးများလာတယ်။ ပိုပြီးအလင်းရောင်လှူဒါန်းခွင့်ရလို့ ကောင်းပါတယ်။ ဒါပေမယ့် ပြည့်နေတဲ့ လဝန်းကြီးရယ်၊ သဘာဝဆီမီးလေးတွေရယ် မြတ်စွာဘုရားကို ပူဇော်မှုရယ်က ပိုပြီးအသက်ဝင်တယ်လို့ ထင်ပါတယ်"ဟု ဒေသခံတစ်ဦးကလည်း ပြောကြားသည်။

မြို့ကြီးပြကြီးများကဲ့သို့ပင် ကျေးရွာများတွင်လည်း တစ်နိုင်တစ်ပိုင် ဆီမီးပူဇော်ပွဲများကို သီတင်းကျွတ်လပြည့်နေ့ညများတွင် ဆင်နွှဲလျက်ရှိကြပြီး ယင်းတို့ကို ပိုမိုကောင်းမွန်သည့် အပြင်အဆင်များ၊ အနုသုခုမများနှင့် ထူးခြားသည့် မြတ်စွာဘုရားပူဇော်ပွဲများ ပြုလုပ်ခြင်း၊ ရိုးရာဓလေ့ပွဲတော်များကို ပြန်လည်ဆန်းသစ်ခြင်းများဖြင့် နိုင်ငံသူနိုင်ငံသားများအပြင် နိုင်ငံခြားခရီးသွားများကိုပါ ဆွဲဆောင်နိုင်မည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ဖြစ်ခြင်းကြောင့် အားလုံးဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် အလုဆင် ကုသိုလ်ပါဝင်နိုင်ပါကြောင်း။ ။

# သီတင်းကျွတ်လပြည့်တွင် မေတ္တာနှင့်ရောင်းချ၍ မေတ္တာဖြင့်ဝယ်ယူသည့် နိဗ္ဗာန်ဈေးကျင်းပ

**တပ်ကုန်း  အောက်တိုဘာ  ၅**

ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာအုပ်စု အင်ကြင်းမြိုင်တောရကျောင်းတိုက်အတွင်း၌ (သီတင်းကျွတ်လပြည့် ) အောက်တိုဘာ ၅ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ စေတနာရှင်များက နိဗ္ဗာန်ဈေးအဖြစ် မေတ္တာ နှင့်ရောင်းချလျက်ရှိသည့် လျက်ဆား၊ ကွမ်းယာ၊ အအေး၊ နို့သစ်ခွ၊ အသုပ်စုံ၊ မုန့်မျိုးစုံ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲကြော်၊ ရွှေထမင်း၊ ရွှေချီ၊ ရွှေရင်အေး၊ သာဂူ၊ ကြာဆံကြော်၊ ကြာဆံဟင်းခါး၊ အကြော်စုံ၊ လက်ဖက်ရည်၊ ကော်ဖီမစ်၊ အီကြာကွေးတို့ကို ဖိတ်ကြားထားသည့်ဧည့်သည်များနှင့် ဒေသခံပြည်သူ ၁၀၀၀ ကျော်က မေတ္တာဖြင့် ဝယ်ယူသုံးဆောင်ကြကြောင်း သိရသည်။

**တင်စိုးလွင်**



# သီတင်းကျွတ်ကာလ မိုးလေမလွတ်ကင်းသော်လည်း ဘုရားပွဲများဖြင့် စည်ကား

**ကျောက်ပန်းတောင်း အောက်တိုဘာ ၅**


မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် သီတင်းကျွတ်ကာလ မိုးလေကင်းလွတ်မှုမရှိသော်လည်း နှစ်စဉ်ကျင်းပမြဲဖြစ်သော ရပ်ကွက်၊ ကျေးရွာဘုရားပွဲများကို ကျင်းပလျက်ရှိကြရာ စံပြရပ်ကွက် မဟာဗောဓိမွှာရုံတွင် အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီ မှစတင်၍ ညနေပိုင်းအထိ စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်ဓမ္မာရုံဘုရားပွဲများကို ရပ်ကွက်အလိုက် သီတင်းကျွတ်လ၏ နောက်ဆုံးပတ်တွင် ကျင်းပလေ့ရှိကြပြီး ယခုနှစ် စံပြရပ်ကွက်ဓမ္မာရုံ ဗုဒ္ဓပူဇနိယဘုရားပွဲကို အကြိမ်(၄၀)မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။အဆိုပါဘုရားပွဲတွင် အောက်တိုဘာ ၁ ရက်မှစတင်၍ ပဋ္ဌာန်းဒေသနာရွတ်ဖတ်ပူဇော်ပွဲကို သုံးရက်တာကျင်းပပြီး မြန်မာ့ရိုးရာ ခြင်းအလုခတ်ပွဲ၊ ဝိုင်းခြင်းလုခတ်ပွဲနှင့် ကလေးများမုန့်စားပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အိတ်စွပ်အပြေးပြိုင်ပွဲနှင့် ကြိုးခုန်ပြိုင်ပွဲများ၊ အပြေးပြိုင်ပွဲများ ကျင်းပခဲ့ရာ ယခင်နှစ်များထက် ပိုမိုထူးခြားစည်ကားခဲ့သည်။


ကျောက်ပန်းတောင်းမြို့ပေါ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်ရှိရာ သီတင်းကျွတ်ကာလရောက်တိုင်း ရပ်ကွက်အလိုက် ဓမ္မာရုံဘုရားဗုဒ္ဓပူဇနိယပွဲများကို အပြိုင်အဆိုင်ကျင်းပလေ့ရှိကြပြီး ညနေချိန်များတွင် မီးကြာလှည့်များ၊ အတီးအမှုတ် အကအခုံများဖြင့် စည်ကားနေလေ့ရှိသလို ရပ်ကွက်များ၏ ဓမ္မာရုံများနှင့် ဘုရားစေတီများတွင်လည်း စတုဒိသာအကျွေးအမွေးများ၊ ရိုးရာခြင်းခတ်ပြိုင်ပွဲများ၊ ကလေးအားကစားပြိုင်ပွဲများဖြင့် ပျော်ရွှင်စည်ကားလျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့
WORLD SIGHT DAY
World Health Organization
အောက်တိုဘာလ(၁၂)ရက်၊ကြာသပတေးနေ့
" Make Vision Count"
"အမြင်အာရုံကောင်းစေဖို့ အရွယ်မရွေးမျက်စိ စမ်းသပ်လို့ ကာကွယ်ကုသကြပါစို့ "



အောက်တိုဘာ ၅ ရက်က သီတင်းကျွတ်လပြည့်ညက မဟာဝိဇယစေတီတော်ရင်ပြင်တွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း စတုတ္ထအကြိမ်မြောက် ဆီမီး ၉၀၀၀ ပူဇော်ကြစဉ် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



သီတင်းကျွတ်လပြည့်ညက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၏ ကျက်သရေဆောင် ဓာတုစယဓာတ်ပေါင်းစု စေတီတော်တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်

ကိုပေါက်(ဥတ္တာမြေ)



ရေစကြိုမြို့နယ်တွင် မီးမြင်းမိုရ်အထိမ်းအမှတ်ပွဲတော်ကို ရွှေဂူကြီးမြတ်စွာဘုရားအတွင်း၌ အောက်တိုဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိရာ ဆီမီး ၁၀၀၀၊ ပန်း ၁၀၀၀၊ နံ့သာ ၁၀၀၀တို့ဖြင့် ဘုရားဖူးလာပြည်သူများ ပူဇော်ကြစဉ်

အိမွန်ဆွေ(ရေစကြို)




ရခိုင်ပြည်နယ် မောင်တောဒေသ ဒုက္ခသည်များအတွက် မွန်ပြည်နယ်မဟာဒွါရသံဃာတော်များက စုပေါင်း၍ အလှူငွေ ကျပ်သိန်း ၂၀နှင့် ပစ္စည်းမျိုးစုံအိတ်ပေါင်း ၁၀၆ အိတ် လှူဒါန်းခြင်းကို အောက်တိုဘာ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ သုခိတာရာမပရိယတ္တိစာသင်တိုက်တွင် ပြုလုပ်ရာ မွန်ပြည်နယ်သံဃာတော်များကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဦးအေးသောင်းက ပေးအပ်လှူဒါန်း၍ သံတွဲခရိုင်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးမြမောင်က လက်ခံရယူစဉ်

ကိုကြီးတင်

# ပြင်ဦးလွင် ဝိုင်အမ်ဘီအေအသင်း၌ တာဝတိံသာဆင်း ဆီမီးပူဇော်ပွဲစည်ကားစွာကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၅**

ပြင်ဦးလွင်မြို့ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဝိုင်အမ်ဘီအေ မြတ်စွာဘုရားရှင်အား တာဝတိံသာဆင်း ဆီမီးပူဇော်ပွဲကို အောက်တိုဘာ ၅ ရက် သီတင်းကျွတ်လပြည့်နေ့က စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

အသင်းကြီး၌ တာဝတိံသာဆင်း ဆီမီးပူဇော်ပွဲနှင့်အတူ (၆၉) ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို လည်းကောင်း၊ သီတင်းကျွတ်ကျောင်းပေါင်းစုံ ကာတွန်းပြိုင်ပွဲနှင့် စာစီစာကုံး၊ ဗဟုသုတအကဲစမ်းပြိုင်ပွဲဆုများကို လည်းကောင်း၊ မြို့နယ်လုံးကျွတ် ဓမ္မစကြာဝတ်အသင်းများ၏ ဗုဒ္ဓဒေသနာတော်ရွတ်ဖတ်ပူဇော်ပြိုင်ပွဲများ၌ ဆုရရှိကြသည့် ဝတ်အသင်းများအား ဆုပေးခြင်းကို လည်းကောင်း၊ ညနေပိုင်းတွင် နိဗ္ဗာန်စျေးပွဲတော်ကိုလည်းကောင်း စည်ကားစွာကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့ပေါ်ရှိ ဓမ္မစကြာဝတ်အသင်းသား အသင်းသူများ၊ ကျောင်းသားကျောင်းသူများ၊ မြို့သူ မြို့သားများက ဝင်ရောက်ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**



ရမည်းသင်းမြို့ ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင်ဘုရားကြီး ဂေါပကအဖွဲ့၏ ဦးဆောင်မှုဖြင့်(၁၉)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့က ကျင်းပရာ မြို့တွင်း ရပ်ကွက်အတွင်းသို့ လှည့်လည်လာသည်ကို တွေ့ရစဉ်

လှိုင်သန်းတင့်(ရမည်းသင်း)



သီတင်းကျွတ်လပြည့်နေ့က ဇလွန်ပြည်တော်ပြန်ဘုရားကြီးစောင်းတန်း၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူအများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်

မျိုးမင်းသိန်း(မရမ်းကုန်း)



မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့် မြတ်စွာဘုရားရင်ပြင်ပေါ်တွင် သီတင်းကျွတ်လပြည့်ည၌ ဆီမီးတစ်သောင်းထွန်းညှိပူဇော်ပွဲကျင်းပရာ မန္တလေးတောင်တော်ဂေါပကအဖွဲ့ကြီးမှူး၍ အောင်မြေသာစံမြို့နယ် ရပ်ကွက် ၁၈ ခုမှ ဝတ်ရွတ် အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက ဆီမီးများကပ်လှူပူဇော်ကြစဉ် မင်းထက်အောင်(မန်းကိုယ်ပွား)

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ သို့ဝှက်ထားသည့် လက်နက်ခဲယမ်းများသိမ်းဆည်းရမိ၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်မှ မသင်္ကာသူတစ်ဦး ဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၅**

တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းက ARSA အစွန်းရောက် အကြမ်းဖက်သမားများ သို့ဝှက်ထားသည့် လက်နက်၊ ခဲယမ်းနှင့် မိုင်းများရှိကြောင်း တာဝန်သိသူတစ်ဦး၏ သတင်းပေးပို့ချက်အရ သဝန်ချောင်းကျေးရွာအနီး ပတ်ဝန်းကျင်တစ်ဝိုက် သွားရောက်ရှာဖွေခဲ့ရာ လက်နက်၊ ခဲယမ်းနှင့် မိုင်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သဝန်ချောင်းကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၁၀၀၀ ခန့်အကွာ၊ မေယုတောင်ခြေချုံအတွင်းမှ ၁၂ ဗို့ ပြောင်းချောသေနတ် တစ်လက်၊ ၎င်းကျည် ၁၄ တောင့်၊ အလျား ရှစ်လက်မ၊ အချင်း ငါးလက်မခန့်ရှိ လက်လုပ် ဆွဲမိုင်း နှစ်လုံး၊ အလျား ၁၀ လက်မ၊ အချင်း နှစ်လက်မခန့်ရှိ အဝေးထိန်းစနစ် လက်လုပ်မိုင်း နှစ်လုံး၊ အလျား ကိုးလက်မ၊ အချင်း နှစ်လက်မခန့်ရှိ သံပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်လက်ပစ်ဗုံး သုံးလုံး၊ လက်ပစ်ဗုံး တစ်လုံး၊ NF 11/63 mm Cs Smoke Grenade စာတန်းပါငွေရောင်မီးခိုးဗုံးတစ်လုံး၊ အလျား ၁၁ လက်မ၊ အချင်းတစ်လက်မခွဲခန့်ရှိ မီးကျည် နှစ်ချောင်း၊ အလျား ခြောက်လက်မခွဲ၊ အချင်းတစ်လက်မခန့်ရှိ မီးကျည် နှစ်ချောင်း၊ လက်လုပ်မိုင်းခွဲရာတွင်အသုံးပြုသော ဆက်စပ်ပစ္စည်း သော့ချိတ် ကိုးခု၊ New Leader စာတန်းပါ ဓာတ်ခဲနှစ်လုံး၊ အလျား သုံးလက်မ၊ အနံနှစ်လက်မ၊ ထု တစ်လက်မရှိ ဝိုင်ယာ ကြိုးများဖြင့် သွယ်တန်းထားသော ကြားခံပစ္စည်း တစ်ခုတို့ ကို ရှာဖွေသိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။**(ယာပုံ)**

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် မောင်တော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်မှ မသင်္ကာသူများရောက်ရှိနေကြောင်း တိုင်တန်းချက်အရ မြို့မကညင်တန်းအုပ်စုအတွင်း သွားရောက်ရှာဖွေခဲ့ရာ မာမတ်အာယာစ် (၂၃ နှစ်)အား အရိုး အသွား တစ်ပေခွဲခန့်ရှိ စတီးဓားတစ်ချောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရှားတောမြို့နယ်၌ ကျွဲ၊နွားများ စနစ်တကျထိန်းကျောင်းမွေးမြူရန်လိုအပ်

**ရှားတော အောက်တိုဘာ ၅**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ်၌ ထိန်းကျောင်းသူမဲ့ လွှတ်ထားသော ကျွဲ၊နွားများက သီးနှံစိုက်ခင်းများအား ဝင်ရောက်ဖျက်ဆီးသဖြင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် ကျွဲ၊နွား မွေးမြူသူများအနေဖြင့် မိမိတို့ကျွဲ၊နွားများကို စနစ်တကျထိန်းကျောင်းမွေးမြူသွားကြရန်လိုအပ်လျက်ရှိကြောင်း ဒေသခံအချို့၏ပြောကြားချက်အရ သိရသည်။

"မြို့နယ်မှာ ကျွဲ၊ နွားတွေကို ထိန်းကျောင်းသူမပါဘဲ လွှတ်ထားတတ်တဲ့ဓလေ့ရှိတော့ ကျွဲ၊နွားတွေ စိုက်ခင်းဝင်ဖျက်မှာကို အမြဲစိုးရိမ်နေကြရပါတယ်။ စိုက်ပျိုးရေးလုပ်တဲ့အခါ ခြံစည်းရိုးခတ်ပြီးမှ လုပ်ချင်ပေမယ့် အခက်အခဲတွေကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို စိတ်ပျက် လက်လျှော့သူတွေတောင်ရှိနေပါတယ်။ ဒါကြောင့် မြို့နယ်အတွင်းမှာ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းတွေကို စနစ်တကျထိန်းကျောင်းမွေးမြူတတ်တဲ့ အလေ့အထ ထွန်းကားဖို့ ဝိုင်းဝန်းပြုစုပျိုးထောင်ဖို့ လိုအပ်ပါတယ်"ဟု ရှားတောမြို့နေ ဒေသခံတစ်ဦးက ပြောသည်။

"မြို့နယ်မှာ ဒီလို ကျွဲ၊နွားတွေကို ထိန်းကျောင်းသူမဲ့ လွှတ်ထားတဲ့ မွေးမြူရေးစနစ် ရှိနေသမျှကာလပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းက ဖြစ်ထွန်းအောင်မြင်ဖို့ မလွယ်ကူပါဘူး။ ရေမြေကောင်းတွေရှိပေမယ့် ဟင်းသီးဟင်းရွက်တောင် မစိုက်ပံ့ကြလို့ လွိုင်ကော်မြို့ကနေ မှာယူစားသုံးကြရပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

လတ်တလောအခြေအနေတွင် မှတ်တမ်းများအရ မြို့နယ်အတွင်း ကျွဲအကောင်ရေ ၅၀၀၀ ကျော်နှင့် နွားကောင်ရေ ၄၀၀၀ ကျော် ခန့်ရှိကြောင်း အဆိုပါ ကျွဲ၊နွားအများစုတို့ကို ကျွဲ၊နွားပိုင်ရှင်တို့က ထိန်းကျောင်းသူမဲ့၊ ချည်တိုင်မဲ့ ဖြင့် တောတောင်များအတွင်း၌လည်းကောင်း၊ တောင်ယာများ၌လည်းကောင်း ကြိုးမပါဘဲ လွှတ်ထားတတ်ကြပြီး ရောင်းချရန်နှင့် အသားစားရန်လိုအပ်သည့်အခါမှသာ လိုက်လံဖမ်းဆီးခြင်းပြုလုပ်လေ့ရှိကြကြောင်း သိရသည်။

အထက်ဖော်ပြပါအတိုင်း ရှားတောမြို့နယ်အတွင်း ကျွဲ၊နွားများကို ထိန်းကျောင်းသူမဲ့ လွှတ်ထားတတ်ကြသည့် မွေးမြူရေးဓလေ့ကို စနစ်တကျမွေးမြူရေးစနစ်သို့ ပြုပြင် ပြောင်းလဲကြရန် မြို့နယ်အစည်းအဝေးများတွင် လည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာများတွင် လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်လျက်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ကျွဲ၊ နွားများ စည်းကမ်းမဲ့လွှတ်ထားခြင်းကို တားမြစ်ထားကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# ထားဝယ်-ထီးခီးကားလမ်း လားထော်ဂိတ်အနီး ယာဉ်တစ်စီးတိမ်းမှောက်



**ထားဝယ် အောက်တိုဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်-ထီးခီးကားလမ်းတွင် အောက်တိုဘာ ၄ ရက် နံနက် ၅ နာရီခွဲခန့်က ထားဝယ်-ထီးခီးကားလမ်း လားထော်ဂိတ်အနီး ၊ ယာဉ်အမှတ် ၁၁/ ----- ယာဉ်မှာ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ယာဉ်မောင်းအောင်ဇော်ထွေးမောင်းနှင်သော ယာဉ်အမှတ် ၁၁/ ---- ယာဉ်သည် နံနက် ၅ နာရီခွဲခန့်က ထားဝယ်-ထီးခီးကားလမ်း လားထော်ဂိတ်အနီး အရောက်တွင် မိုးရွာသွန်းမှုကြောင့် လမ်းချော်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ထိုးကျ တိမ်းမှောက်သွားရာ ယာဉ်ပေါ်ပါသူ ခရီးသည် ၁၁ ဦး အနက်မှ လေးဦး ထိခိုက်ဒဏ်ရာများရရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း အောင်ဇော်ထွေး (၂၄ နှစ်) ရေဖြူမြို့နယ် ကံပေါက်ကျေးရွာနေသူအား မေတ္တာနယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အရာတော်မြို့နယ်၌ လျှပ်စစ်ဝိုင်ယာကြိုး ရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် အမှတ်(၁)နယ်မြေ၊ ပိတောက်မြိုင်ရပ်ကွက်၌ အောက်တိုဘာ ၄ ရက် ည ၇ နာရီ မိနစ် ၄၀ က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ အရာတော်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါ ရပ်ကွက်နေ ဒေါ်ခင်မာမျိုး(၄၉နှစ်)၏ နေအိမ်တွင် အသုံးပြုသည့် လျှပ်စစ်ဝိုင်ယာကြိုးရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်းသိရပြီး မီးလောင်မှုကြောင့် ဒေါ်ခင်မာမျိုး၏ လေးပင်သုံးပင်၊ သွပ်မိုး၊ ထရံကာ အုတ်ခင်းနေအိမ်၏ အတွင်းထရံ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဒေါ်ခင်မာမျိုးအား အရာတော် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရိဒ်ခေါဒါရ်မြို့ မြန်မာ-အိန္ဒိယနယ်စပ်စစ်ဆေးရေးဂိတ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ရိဒ်ခေါဒါရ် အောက်တိုဘာ ၅**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ - အိန္ဒိယနှစ်နိုင်ငံနယ်စပ်ချစ်ကြည်ရေးတံတားစစ်ဆေးရေးဂိတ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က အောက်တိုဘာ ၅ ရက် နံနက် ၇ နာရီခွဲတွင် ဘိန်းဖြူ ၂၂၀ ဂရမ် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေခံတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ လဝကမှူး ဦးတေဇာလင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် မြန်မာ - အိန္ဒိယနယ်စပ်တံတား၌ လုံခြုံရေး တာဝန်ဆောင်ရွက်နေစဉ် အမှုကွင်းဆက်တရားခံအား ပိတ်ဆို့ ရှာဖွေရာ ရိဒ်ခေါဒါရ်မြို့ အမှတ် ( ၂ ) ရပ်ကွက်နေ ဦးလာလ်ရမ်းလျှန်း (၃၂ နှစ်)အား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးရာမှ ဘိန်းဖြူ ၂၂ ထုပ် စုစုပေါင်း အလေးချိန် ၂၂၀ ဂရမ်ခန့်ကို သိမ်းဆည်းရမိခဲ့သဖြင့် ဦးလာလ်ရမ်းလျှန်းအား ရိဒ်ခေါဒါရ်နယ်မြေ ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **(ရိဒ်ခေါဒါရ် ပြန်/ဆက်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက် အနောက်တောင်မုန်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာနိုင်သည်။

**(မိုး/ဇလ)**

# ကိုယ်ဝန်ဆောင်မိခင်များလိုက်နာဆောင်ရွက်ရန်

- ကိုယ်ဝန်ရှိသည်ဟု သံသယရှိလျှင် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများတွင် ကိုယ်ဝန်အပ်ပါ။
- ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို ကျွမ်းကျင်သူကျန်းမာရေးဝန်ထမ်းထံတွင် အနည်းဆုံး(၄)ကြိမ်ခံယူပါ။
  - ပထမအကြိမ် - ကိုယ်ဝန်(၄) လအတွင်း (စောနိုင်သမျှစောစော)
  - ဒုတိယအကြိမ် - ကိုယ်ဝန်(၆) လမှ (၇) လအတွင်း
  - တတိယအကြိမ် - ကိုယ်ဝန်(၈) လအတွင်း
  - စတုတ္ထအကြိမ် - ကိုယ်ဝန်(၉) လအတွင်း
- ကိုယ်ဝန်ဆောင်မိခင်များအာဟာရပြည့်ဝမျှတရန် အစားမရှောင်ပါနှင့်။ ကိုယ်ဝန်ဆောင်စဉ်အစားပိုစားပါ။
- မေးခိုင်ကာကွယ်ဆေး (၂) ကြိမ်ထိုးပါ။
- တတ်ကျွမ်းသောကျန်းမာရေးစောင့်ရှောက်မှုပေးသူမှညွှန်ကြားသော ဆေးဝါးများမှအပ အခြားဆေးများမသောက်ပါနှင့်။
- နေ့စဉ် သင့်တော်သော ကိုယ်လက်လှုပ်ရှားမှု အသင့်အတင့်ပြုလုပ်ပါ။ အိပ်ရေးဝအောင်အိပ်ပါ။ နေ့လယ်ပိုင်းတွင် အနားယူပါ။ အလေးအပင်မသော အလုပ်များမလုပ်ပါနှင့်။
- သံဓာတ်ဖောလိတ် ကိုယ်ဝန်ဆောင်အားဆေးကို စောနိုင်သမျှ စောစောသောက်ပါ။ ကိုယ်ဝန်(၇) လ ကျော်လျှင် မနက်တစ်လုံး၊ ညတစ်လုံး သောက်ပါ။
- သန့်ရှင်းပေ့ါပါးချောင်ချိ၍ ရာသီဥတုနှင့်ကိုက်ညီသောအဝတ်အစားများကို ဝတ်ဆင်ပါ။
- ဆေးလိပ်၊ အရက်မသောက်ပါနှင့်။ ကွမ်းမစားပါနှင့်။ ဆေးလိပ်အငွေ့အစရှိသည့် ညစ်ညမ်းသော လေထုပတ်ဝန်းကျင်မှရှောင်ရှားပါ။
- ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရန်အတွက် မည်သည့်အချိန်အိပ်အိပ် ဆေးစိမ်ခြင်ထောင်ဖြင့်အိပ်ပါ။
- မွေးဖွားရန် ကြိုတင်အစီအစဉ် ရေးဆွဲထားပါ။
- တစ်ခါသုံးမွေးဖွားအိတ်ငယ်ကို အသုံးပြုပါ။

ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့်

- ☐ ခေါင်းပြင်းထန်စွာကိုက်ပြီး အမြင်မှုန်ဝါးခြင်း၊
- ☐ အသက်ရှူမြန်ခြင်း၊ အသက်ရှူခက်ခြင်း
- ☐ အန်ခြင်း၊ ရင်ညွန့် (သို့) ညာဘက် နံရိုးအောက် အောင့်ခြင်း
- ☐ ဝမ်းဗိုက်အလွန်အမင်းဆက်တိုက်နာခြင်း
- ☐ မိန်းမကိုယ်မှ ရေဆင်း၊ သွေးဆင်းခြင်း
- ☐ ဖျားပြီး အိပ်ရာမှ မထနိုင်လောက်အောင် အားနည်းခြင်း
- ☐ တက်ခြင်း၊ သတိလစ်ခြင်း

စသည့်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသွားရောက်ပြသကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# တနင်္သာရီမြစ်အတွင်း ကူးတို့လှေတစ်စင်းတိမ်းမှောက်၊ နှစ်ဦးသေဆုံး၊ သုံးဦးပျောက်ဆုံးနေ

**မြိတ် အောက်တိုဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် တနင်္သာရီမြစ်အတွင်း အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီခန့်က မင်းသန်းကျေးရွာမှ မောင်းလော့်ကျေးရွာသို့သွားရောက်သော ကူးတို့လှေတစ်စင်း ရေစီးကြမ်းသဖြင့် တိမ်းမှောက်မှုဖြစ်ပွားကာ နှစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့နယ် မင်းသန်းကျေးရွာမှ ကျွန်းစုမြို့နယ် မောင်းလော့် ကျေးရွာသို့ တနင်္သာရီမြစ်အား နေ့စဉ် ဖြတ်သန်းပြေးဆွဲနေသော လှေမောင်း ဆန်းလင်း (ခ) မုန့်လုံးကြော် (၃၁နှစ်) မောင်းလော့်ကျေးရွာနေသူ မောင်းနှင်သော အလျား ၄၂ ပေ၊ အနံ ကိုးပေ၊ ဇောက်သုံးပေခန့်ရှိ မြင်းကောင်ရေ ၁၀ ကောင်အား စက်တစ်လုံး၊ မြင်းကောင်ရေ ငါးကောင်အား စက်တစ်လုံး တပ်ဆင်ထားသော ကူးတို့လှေသည် မင်းသန်းကျေးရွာမှ ခရီးသည် ၃၀ ခန့်နှင့် ဆိုင်ကယ်ခုနစ်စီးတင်ဆောင်၍ မောင်းလော့်ကျေးရွာသို့ ထွက်ခွာလာစဉ် နံနက် ၁၀ နာရီခန့်က မောင်းလော့်ကျေးရွာ ရေပိုင်နက်အတွင်း ရေစီးကြမ်းသဖြင့် ကူးတို့လှေမှာ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါလှေတိမ်းမှောက်မှုဖြစ်ပွားရာသို့ မောင်းလော့်ကျေးရွာသူ၊ ရွာသားများက ရှာဖွေကယ်ဆယ်ခဲ့ရာ ကူးတို့စက်လှေပေါ်တွင်လိုက်ပါလာသူများအနက် ဒေါ်စန်းကြူ (၆၅နှစ်) ပတ္တမြားလမ်း ထားဝယ်စုရပ် မြိတ်မြို့နေသူနှင့် ဒေါ်ဌေးဌေးလှိုင် (၄၀နှစ်) ကျောင်းဆရာမ ဆိပ်ငယ်ရပ်ကွက် မြိတ်မြို့နေသူတို့ နှစ်ဦးမှာ သေဆုံးသွားခဲ့ပြီး တက္ကသိုလ်ဝင်တန်းကျောင်းသူ တစ်ဦးနှင့် အမျိုးသားနှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိပြီး ဒဏ်ရာ ရရှိသူ သုံးဦး (မစိုးရိမ်ရ)တို့အား မောင်းလော့်ဆေးရုံမှ မြိတ် ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်၍ ဆေးကုသလျက်ရှိကြောင်း သိရသည်။

အဆိုပါလှေတိမ်းမှောက်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမင်းနှင့် တပ်ဖွဲ့ဝင်များ၊ ရေကြောင်းရဲတပ်ဖွဲ့(မြိတ်)မှ ရဲအုပ် အောင်ရည်သွေးနှင့်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပျောက်ဆုံးနေသူသုံးဦးအား ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။



**မြင့်ဦး(မြိတ်)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် အစီး ၃၃၀၊ သွင်းကုန် ၃၁၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၂၀၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



အဆိုပါ စစ်ဆေးရေးစခန်းများအား တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၄ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၃၃ ဒသမ ၈၄၀ခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် နှစ်သန်းခန့် စုစုပေါင်းတားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် သန်း ၃၅ ဒသမ ၈၄၀ ခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၄ ရက်တွင် မန္တလေးသို့ သွားရောက်မည့် Nissan ၁၂ ဘီးယာဉ် နှစ်စီးတို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်နိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း စုစုပေါင်း ငါးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၃၃ ဒသမ ၈၄၀ခန့် အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တာချီလိတ်၌ တရုတ်ရိုးရာလမုန့်ပွဲတွင် မီးရှူးမီးပန်းဖောက်ရာမှ မီးလောင်

**တာချီလိတ် အောက်တိုဘာ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် အမှတ် ၈/၃၅/၃၆ ရွှေပြည်သာလမ်းနေ အားယုံ(ခ)အားရှန်၏ နေအိမ်အပေါ်ထပ်သို့ အပြင်မှ မီးရှူးမီးပန်းလွင့်စဉ်ကာ ပစ္စည်းတချို့ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၄ ရက် ည ၈ နာရီ မိနစ်၅၀ ခန့်က ဆန်ဆိုင်း(က)ရပ်ကွက် ဆန်ဆိုင်းဈေးအနီး ရွှေပြည်သာလမ်းနေ အားယုံ(ခ)အားရှန်၏ နေအိမ်တွင် တရုတ်ရိုးရာလမုန့်ပွဲတော်ပြုလုပ်နေစဉ် ၎င်းနေအိမ်ဘေးရှိ မြေကွက်လပ်၌ နေအိမ်လုပ်သား အိုက်ကွမ်း(ခ)ဆိုင်းကွမ်း သည် မီးရှူးမီးပန်းကို ပစ်ဖောက်ကစားရာမှ မီးပွားမီးပန်းများလွင့်စဉ်ကာ နေအိမ်အပေါ်ထပ်မှတစ်ဆင့် အခန်းတွင်းရှိ မွေ့ရာနှင့်ပစ္စည်းတချို့ မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထိန်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းနုနှင့်တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦးနှင့် မီးသတ် တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များက မီးသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၉ နာရီတွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ မီးရှူးမီးပန်းပစ်ဖောက်ကစားခဲ့သူ အိုက်ကွမ်း(ခ)အိုက်ဆိုင်းအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## မြန်မာ့ရုပ်မြင်သံကြား

၆-၁၀-၂၀၁၇ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၃၅ - ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆီသို့ **ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာနေထိုင်ခွင့်ရှိသည်**

၁၂း၃၀ - ဆေးရောင်စုံရုပ်ရှင် **မြန်မာ့မော်ကွန်း** (ဇာတ်သိမ်းပိုင်း) ဟန်နီဝင်းထွန်း၊ ကျော်ကျော်ပိုင်မှူး၊ ထွန်းထွန်း၊ ထက်လူ၊ သင်းသင်းယုလှိုင် (ဒါရိုက်တာ- စင်ရော်မောင်မောင်)

**ညပိုင်း**

၁၆း၃၅ - World Of Innovations

၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း **(ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ)**

၁၈း၂၀ - ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်)

၁၈း၃၅ - (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြုဇာတ်လမ်း **မမျှော်လင့်သောဖိတ်ခေါ်သံ** မိုးယံဇွန်၊ ထူးခြား၊ ဇင်မျိုးခင်ဇာခြည်ကျော်၊ ဂန္ထဝင်၊ပိုင်ဖြိုးသု (ဒါရိုက်တာ-ကျော်နှင်းဆီ)

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ - ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းရေးဆီသို့ (နယ်စပ်ရေးရာဝန်ကြီးဌာန)

- **ဥယျာဉ်နန်းက ပန်းသခင်** စွမ်း၊ လင်းဇာနည်ဇော်၊ရတနာမိုင်

# မြစ်သားမြို့ ပြက္ခရွေတောင်ကြီးတွင် မြန်မာ့ရိုးရာဒိုးပတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုများချီးမြှင့်

**မြစ်သား အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့အနီးရှိ ပြက္ခရွေတောင်ကြီးတွင် စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာဒိုးပတ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ပြက္ခရွေမောနားတောင်ကလပ်ဘုန်းတော်ကြီးကျောင်း ရင်ပြင်တွင် အောက်တိုဘာ ၅ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပကြောင်း သိရသည်။




အဆိုပါ ပွဲတော်ကြီး ကျင်းပသည့် ပြက္ခရွေတောင်ကြီးပေါ်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော စွယ်တော်ရှင်ငါးဆူအနက် ပဉ္စမမြောက် စွယ်တော်တည်ရှိပြီး ပြက္ခရွေမောနားတောင်ကလပ် ဘုန်းတော်ကြီးကျောင်းရင်ပြင်တွင် ကင်းတားဆည်ရေသောက် ကျေးရွာသူ ကျေးရွာသားများက ဆွမ်းလောင်းလှူပွဲ၊ မြန်မာ့ရိုးရာဒိုးပတ်နှင့် မြေဝိုင်းကပွဲများကို အစဉ်အလာမပျက် ကျင်းပမြဲဖြစ်ရာ သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဒိုးပတ်နှင့် မြေဝိုင်းအက အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး သီတင်းကျွတ်လပြည့်နေ့တွင် ဆန်ခါတင်ခြောက်သင်းကို ရွေးချယ်ကာ ထပ်မံယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒိုးပတ်ပြိုင်ပွဲဝင် ဆန်ခါတင်ခြောက်သင်းမှ သပြေတောင်းအုပ်စု မြင်းခြံကုန်းရွာမှ ပထမ၊ ဝမ်းတွင်းမြို့နယ် နဘဲကံကျေးရွာမှ ဒုတိယ၊ ကဆွန်ကျေးရွာမှ တတိယနှင့် အိမ်ရှေ့တောင်ကျေးရွာ၊ လက်ခုပ်ကုန်းရွာနှင့် ဆင်သည်ကျေးရွာများမှ နှစ်သိမ့်ဆုများ ဆွတ်ခူးရရှိခဲ့သည်။

အကဆုများကို ကဆွန်ကျေးရွာမှ ပထမ၊ ဆင်သည်ကျေးရွာမှ ဒုတိယနှင့် နဘဲကံကျေးရွာမှ တတိယဆု ရရှိကာ ဆုများနှင့် ဂုဏ်ပြုလက်မှတ်များကို ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီးနောက် ROYAL Myanmar Teamix မှ ဒိုးပတ်ဝိုင်း ပထမဆုကို ငွေကျပ်တစ်သိန်း ၊ ဒုတိယဆုကိုသုံးသောင်းနှင့်တတိယဆု နှစ်သောင်း ထပ်မံချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

★ *ကျောဖုံးမှ*

ပွဲစကတည်းက မြန်မာအသင်း တိုက်စစ်ဖွင့်ကစားခဲ့ပြီး ထိုင်းအသင်းကလည်း မြန်မာအသင်း၏ အမှားကိုစောင့်ကာ တိုက်စစ်ဆင်ခဲ့သည်။ ၁၁ မိနစ်တွင် ထိုင်းအသင်း ဦးဆောင်ဂိုးရခဲ့ပြီး သောင်ဆန်ခရီက သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ဂိုးပြန်ရနိုင်သည့် ကျော်ကိုကိုနှင့် တင်ဝင်းအောင်တို့၏ ကန်သွင်းချက်များကို ထိုင်းဂိုးသမား ကာဝင် ကာကွယ်နိုင်ခဲ့သည်။ ၃၁ မိနစ်တွင် ထိုင်းအသင်း ဒုတိယဂိုးရခဲ့ပြီး တိုက်စစ်မှူး ဒန်ဒါက သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ပထမပိုင်းပြီးခါနီးတွင် ဒွေးကိုကိုချစ် အစား ဇင်မင်းထွန်း၊ ဒုတိယပိုင်းအစတွင် ကျော်ဇင်လွင်အစား မျိုးကိုထွန်းတို့ ထည့်သွင်းကစားခဲ့သည်။ ၄၉ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး ဇင်မင်းထွန်း ဖန်တီးပေးသောဘောလုံးကို အောင်သူက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ချေပဂိုးထပ်မံရရန် ကြိုးပမ်းလာသော်လည်း ထိုင်းအသင်းက အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သည်။ ၇၇ မိနစ်တွင် ထိုင်းအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး သစ်တီဖန်က သွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် မြန်မာအသင်းမှ တိုက်စစ်မှူး အောင်သူ အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

မြန်မာအသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ် (၄) အဖြစ် အောက်တိုဘာ ၁၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်းပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## မြန်မာသီရိလင်္ကာရာမကျောင်းတိုက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာသီရိလင်္ကာရာမကျောင်းတိုက်၌ (၂၄)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်) ၁၅-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ စေတနာရှင် ဓမ္မမိတ်ဆွေများနှင့်ပေါင်းစုကာ ကုသိုလ်ပြုလိုပါသောကြောင့် ကြွရောက်ကြပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

**အလှူမင်္ဂလာရက်** - ၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ ၁၅-၁၀-၂၀၁၇ ရက် (တနင်္ဂနွေနေ့)

**ရေစက်ချတရားနာချိန်** - နံနက် ၉း၃၀ နာရီ

**ကျွေးမွေးဧည့်ခံချိန်** - နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ

ကထိန်သင်္ကန်းဒွိစုံ တစ်စုံ(၅၀၀၀ိ/-)(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့်လည်းကောင်း၊ ဆွမ်းဆက်ကပ်လှူဒါန်းကျွေးမွေးရန်အတွက်လည်းကောင်း ကုသိုလ်ပါဝင်နိုင်ကြပါသည်။ **သာသနာ့ပါလဝေယျာဝစ္စအဖွဲ့**

**မြန်မာသီရိလင်္ကာရာမကျောင်းတိုက်၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၅၀၂၀၉၃၇၊ ၀၁-၅၆၉၇၅၆**

## ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မုဒိတာများ

၂၅-၁၁-၂၀၁၆

- နောက်နှစ်တွေမှာလည်း အတူတူ ဘုရားဖူးသွားရပါ၏လို့ ဆုတောင်းနေပါတယ်။ ဦးသုဝဏ္ဏ (နတ္တလင်း ၀၉-၇၉၉၈၈၈၄၉၄)
- သာသနာပြုလုပ်ငန်းတွေအောင်မြင်ပါစေ။ ဒေါ်နန္ဒာရီ (မရမ်းကုန်း ၀၉-၇၉၉၅၃၁၆၃၂၄)
- (၃)နှစ်ဆက်တိုက်သွားတယ်ဆိုမှတော့ ဂွတ်ရှယ်ပဲပေါ့။ ဒေါ်ရှင်စိုးမိုး (မြောက်ဒဂုံ ၀၉-၅၀၀၅၈၁၃၉)
- ဝမ်းသာလွန်းလို့ မျက်ရည်များတောင်လည်မိပါတယ်။ ဦးသိန်းဌေး (မရမ်းကုန်း ၀၉-၈၆၈၀၆၆၇)
- ထပ်မံဘုရားဖူးသွားလိုစိတ်ပိုလာသည်။ ဦးဘုန်းရွှေ (ပင်းတယ ၀၉-၅၃၂၁၀၇၃)
- ပျော်စရာခရီးစဉ်တစ်ခုဖြစ်ပါသည်။ မနွယ်နီလင်း (ပဲခူး ၀၉-၇၉၀၁၅၂၉၉၈)
- ခင်နန္ဒာနှင့် ခရီးသွားပါဦးမည်။ လင်းလင်းကြည် (မော်လမြိုင် ၀၉-၄၉၃၁၂၁၉၀)
- ပြီးပြည့်စုံပါသည်။ ဦးကိုကို (မကွေး ၀၉-၂၅၈၂၂၉၉၉၁)
- မောင်နိုင်ဇော်နှင့်အဖွဲ့အား ဂုဏ်ယူကျေးဇူးတင်ရှိပါကြောင်း။ ဦးကြီးရွှေ (သဲကုန်း ၀၉-၉၇၂၄၅၈၈၇၁၁)

၂၆-၁၁-၂၀၁၆

- ကျန်းမာချမ်းသာကြပါစေ။ ဦးတင့်လွင်ဦး (လှိုင်ကော် ၀၉-၅၆၀၀၇၇၉) ဒေါ်သဇင်မြင့် (လှိုင်ကော် ၀၉-၇၈၅၆၀၀၇၇၉)
- နောက်ထပ်အကြိမ်များစွာ သွားရောက်လှူဒါန်းပါမည်။ ဒီထက်ပိုမိုအောင်မြင်ပါစေ။ ဒေါ်ခင်ဝင်းကြည် (လှိုင်ကော် ၀၉-၅၆၀၀၁၉၃)
- စနစ်ကျပြီး အသေးစိတ်ရှင်းလင်းပြောပြပေးတဲ့အတွက် ဗဟုသုတများရရှိခဲ့ပါတယ်။ ချောစု(ခ)နှင်းနှင်းဖြူ (လှိုင်ကော် ၀၉-၇၉၁၀၉၉၄၁၉)
- ပြီးပြည့်စုံပါသည်။ ဒေါ်ညိုညိုပြုံး (လှိုင်ကော် ၀၉-၂၀၂၃၇၇၇) ဒေါ်အေးအေးဝင်း (လှိုင်ကော် ၀၉-၅၄၀၀၂၈၀)
- ပျော်ရွှင်ရပါသည်။ ဒေါ်စုစုခိုင် (လှိုင်ကော် ၀၉-၅၆၀၀၄၅၃)
- နောက်တစ်ခေါက် ကိုတေဇာနဲ့ထည့်ပေးပါရှင်။ ဒေါ်နန်းဖန် (မန္တလေး ၀၉-၇၇၅၀၆၀၂၀၆)
- အဆင်ပြေဆုံးခရီးဖြစ်ပါသည်။ ဒေါ်ခင်ခင်ဆွေ (လှိုင်ကော် ၀၉-၅၆၀၀၄၄၉)
- အစစအရာရာပြီးပြည့်စုံပါသည်။ ဒေါ်စိန်ရင် (လှိုင်ကော် ၀၉-၅၆၀၀၃၄၉) ဒေါ်ချိုချိုပြုံး (လှိုင်ကော် ၀၉-၅၂၅၃၀၈၁)
- အားလုံးပြီးပြည့်စုံပါသည်။ ဒေါ်ရီမိုး (မန္တလေး ၀၉-၂၀၁၃၄၀၀)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်မျိုးစုံနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၂) (၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်)

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၁၁-၂၀၁၇ ရက်၊ ၁၆း၃၀ နာရီ

၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၁၁-၂၀၁၇ ရက်၊ ၀၉း၀၀ နာရီ

၃။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ လားရှိုးခရိုင်၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၂၀၃၀၅၈

အသေးစိတ်အချက်အလက်များ သိလိုပါက ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ စကားဝါလမ်းမကြီး၊ အကွက်အမှတ်(၃၁)၊ ကံသုံးဆင့်အနောက်(စကားဝါ)အကွက်၊ ဦးပိုင်အမှတ်(၅၄/၈)၊ ဧရိယာ ဝ.၁၁၀ ဧကရှိမြေအား ဦးစိုးဝင်း၊ ဒေါ်လှလှမွန်(ခ)ဒေါ်လေဝှာအမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်ချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

**အောင်ပါစေ**

အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း

အိပ်ခန်း၊ရုံးခန်း၊ဆိုင်ခန်း၊စက်ကိရိယာ၊ ပိုင်အိုင်၊ဌာနဆိုင်ရာရုံးခန်းများ ပြောင်းရွှေ့လိုပါက ၁၀ ပေ၊၁၄ ပေ၊ ၁၅ ပေ၊၁၆ ပေ၊၁၇ ပေ၊ ၂၄ ပေ၊ ၁၀ ဘီး၊၁၂ဘီးကားများနှင့် အလုပ်သမားများအပါ စိတ်တိုင်းကျ ပြောင်းရွှေ့ပေးသည်။(မြို့တွင်း/နယ်ဝေး)

09 253266665
09 250554793
09 256263264

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/4905 Toyota Harrier, S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်း ၁၂/ကမတ(နိုင်)၀၄၂၁၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၆)၊ လားရှိုးမြို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်မျိုးစုံနှင့်လုပ်ငန်းခွင်သုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ် (၂) (၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်)

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၁၁-၂၀၁၇ ရက်၊ ၁၆း၃၀ နာရီ

၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၁၁-၂၀၁၇ ရက်၊ ၀၉း၀၀ နာရီ

၃။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၂၀၂၆၁၉

အသေးစိတ်အချက်အလက်များသိလိုပါက ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်မျိုးစုံနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ် (၂) (၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်)

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၁၁-၂၀၁၇ ရက်၊ ၁၆း၃၀ နာရီ

၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၁၁-၂၀၁၇ ရက်၊ ၀၉း၀၀ နာရီ

၃။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့ ဖုန်း-၀၈၂-၄၀၀၄၉

အသေးစိတ်အချက်အလက်များ သိလိုပါက ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# သမ္မတအာဒိုဂန်ကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်သည်ဟုပြစ်မှုထင်ရှားရှိသူများကို တစ်သက်တစ်ကျွန်းထောင်ဒဏ်ချမှတ်

**မူဂလာ အောက်တိုဘာ ၅**

လွန်ခဲ့သောနှစ်အာဏာသိမ်းမှုမအောင်မြင်သည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး တူရကီ အနောက်တောင်ပိုင်း မူဂလာတရားရုံးတစ်ရုံးက သမ္မတ တေရစ်အာဒိုဂန်အား သတ်ဖြတ်ရန်ကြံစည်ကျူးလွန်သည်ဟု ပြစ်မှုထင်ရှားခဲ့သူ တပ်မတော်သားဟောင်း ၄၂ ဦးကို ထောင်ဒဏ်တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ရိုက်တာ သတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

တရားခံ ၄၇ ဦးရှိသည့်အနက် ၄၂ ဦး၏ပြစ်ဒဏ်များကို တရားသူကြီး အမ်မဓာ ဆာ့ဟ်ဘက်စ်တော့ဂျ်က ဖတ်ကြားခဲ့သည်။

မူဂလာသည် ဇိမ်ခံအပန်းဖြေကမ်းခြေအနီးတွင်တည်ရှိပြီး အဆိုပါနေရာ၌ အာဒိုဂန်နှင့် သူ၏မိသားစုသည် လုပ်ကြံသူလူဆိုးများလက်မှ သီသီလေးလွတ်မြောက်ခဲ့သည်။ အာဏာသိမ်းသည့် ညတွင် လုပ်ကြံသူတပ်ဖွဲ့ဝင်များသည် ၎င်းနေထိုင်ရာ ဟိုတယ်ကိုဝင်စီးခဲ့ရာ အာဒိုဂန်မှာ ကံကောင်းစွာဖြင့် လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

အာဒိုဂန်ကိုယ်တိုင် တရားလိုအဖြစ်ပါဝင်ခဲ့သော ဖေဖော်ဝါရီလကတည်းကစခဲ့သည့် တရားခွင်သည် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေသော လုံခြုံရေးနှိမ်နင်းဖြိုခွင်းမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အဆိုပါဖြစ်ရပ်မျိုးသည် ယခုအချိန်အထိ အဆုံးသတ်ရောက်ရှိရန်အတွက် အတော်ကြီးမားပြီး အရှိန်ယူရသည့် ကိစ္စရပ်တစ်ခုဖြစ်သည်။


ဂျူရီအဖွဲ့၏ ဆုံးဖြတ်ချက်သည် လူတိုင်းအတွက် အကျိုးရှိစေမည်ဟု မျှော်လင့်ရကြောင်း တရားသူကြီး အမ်မဓာဆာ့ဟ်ဘက်စ်တော့ဂျ်က ပြောကြားခဲ့သည်။ တရားခံများတွင် သမ္မတအာဒိုဂန်ကို လုပ်ကြံသတ်ဖြတ်ရန် အပြစ်တွေ့ရှိခဲ့ကြောင်း တရားသူကြီးက ဆက်လက်ပြောကြားခဲ့သည်။

(ရိုက်တာ)




သမ္မတတေရစ်အာဒိုဂန်ကိုထောက်ခံသူများက တူရကီအလံများကို ဝှေ့ယမ်းနေသည်ကိုတွေ့ရစဉ်

# မြောက်ကိုရီးယားကို စစ်ရေးအရဆန့်ကျင်တိုက်ခိုက်ခြင်းသည် အောင်မြင်မှုမရနိုင်ကြောင်း ပူတင်ပြော



**မော်စကို အောက်တိုဘာ ၅**

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များကို ဖျက်ဆီးရန်အတွက် စစ်ရေးအရ ဆန့်ကျင်တိုက်ခိုက်ခြင်းသည် အောင်မြင်မှုမရနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မြောက်ကိုရီးယားအနေဖြင့် မည်သူမျှမသိသော စစ်ရေးဆိုင်ရာ စွမ်းဆောင်မှုများကို ကွယ်ဝှက်ထားနိုင်သောကြောင့်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာ ပူတင်က မကြာသေးမီက ပြောခဲ့သည်။

မြောက်ကိုရီးယားကို သံခင်းတမန်ခင်းနည်းလမ်းနှင့် စီးပွားရေးမက်လုံးပေးသည့်စနစ်များဖြင့် ချဉ်းကပ်မည့်အစား အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် စစ်ရေးအရ ဆန့်ကျင်တိုက်ခိုက်မည့်စိတ်ကူးကို ရုရှားနိုင်ငံအနေဖြင့် အပြင်းအထန် ကန့်ကွက်လျက်ရှိသည်။

မြောက်ကိုရီးယား၏ လူ့ပ်ရှားမှု၊ နိုင်ငံရေးနှင့် လူ့ကျင့်ဝတ်များနှင့် ပတ်သက်ပြီး စစ်ရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုအပေါ် သံသယမကင်းဖြစ်မိကြောင်း ပူတင်အနေဖြင့် မော်စကိုတွင် ကျင်းပသော စွမ်းအင်အစည်းအဝေး၌ ပြောကြားခဲ့သည်။

“မြောက်ကိုရီးယားကို လက်နက်စွန့်လွှတ်ဖို့အရေး ကမ္ဘာကြီးအနေဖြင့် ဆန့်ကျင်မှုတွေ ပြုလုပ်နိုင်ပါ့မလား။ ရသည်ပဲဆိုစေဦး။ အဲဒီရည်မှန်းချက်အထမြောက်အောင်မြင်လာမှာလား။ ကျွန်တော်တို့မသိဘူး။ သူတို့ ဘယ်နေရာမှာ ဘာတွေရှိသလဲဆိုတာ ဘယ်သူသိသလဲ။ ဘယ်သူမှ ရာနှုန်းပြည့်မသိဘူး” ဟု ရုရှားသမ္မတ ဗလာဒီမာ ပူတင်က ပြောခဲ့သည်။

မြောက်ကိုရီးယားအရေးတွင် အမေရိကန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံ၏ ထင်မြင်ယူဆမှုများအပေါ် နားထောင်သင့်ကြောင်း ပူတင်က ဆက်လက်ပြောကြားခဲ့သည်။

(ရိုက်တာ)

# စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့်နှစ်နိုင်ငံဆက်ဆံရေးကို အီရန်နှင့်တူရကီ ထူထောင်

**တီဟီရန် အောက်တိုဘာ ၅**

အီရန်နှင့်တူရကီခေါင်းဆောင်နှစ်ဦးတို့သည် ပေါ်ထွက်လာနေသည့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်သည့်အနေဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် ဗုဒ္ဓဟူးနေ့တွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်နှင့်တွေ့ဆုံစဉ်တွင် အီရန်ဝန်ကြီးချုပ် အယာတိုလာခါမေနီသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဖြင့် တီဟီရန်နှင့် အန်ကာရာ၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အီရန်ခေါင်းဆောင်သည် အီရတ်ရှိ ကာ့ဒ်လွတ်လပ်ရေးအတွက် ရွေးကောက်ပွဲကျင်းပနေချိန်တွင် အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေး၏ ခြိမ်းခြောက်မှုများကို တစ်သားတည်းအတူတကွရင်ဆိုင်သွားရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် ပြည်ပအင်အားကြီးနိုင်ငံများသည် ယုံကြည်စိတ်ချ၍မရကြောင်းနှင့် ဒေသတွင်း၌ အစ္စရေးနိုင်ငံသစ်တစ်ခုကို ထူထောင်ရန်ကြိုးပမ်းနေကြောင်း ခါမေနီက ပြောကြားခဲ့သည်။ ထို့ကြောင့် အီရန်နှင့်တူရကီ တစ်သားတည်း ပူးပေါင်းမှုသည် အလွန်အရေးကြီးပြီး အစ္စလာမ္မစ်ကမ္ဘာနှင့် နှစ်နိုင်ငံလုံးအတွက် အချက်အချာဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့အပြင် ဗုဒ္ဓဟူးနေ့အစောပိုင်းတွင် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်လေးခုကို လက်မှတ်ရေးထိုးပွဲပြုလုပ်ခဲ့ရာတွင် အီရန်သမ္မတ ဟာဆန်ရိုဟာနီနှင့် တူရကီဆွေးနွေးဖက်တို့သည် အီရတ်ရှိ ကာ့ဒ်မျိုးနွယ်စုများ၏ ရွေးကောက်ပွဲကျင်းပမှုရလဒ်များကို လက်ခံနိုင်ဖွယ်မရှိဟုဆိုကာ ငြင်းပယ်ခဲ့သည်။

အီရန်နှင့်တူရကီသည် အီရတ်နှင့်ဆီးရီးယားတွင်ဖြစ်ပွားနေသည့် လူမျိုးစုဆိုင်ရာပဋိပက္ခများကိုလည်း ပြန်လည်ချေပမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ရိုဟာနီက ပြောကြားခဲ့သည်။

(ဆင်ဟွာ)



# ဂျပန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖြည့်စွက်ရေးနှင့် ပတ်သက်၍ ပါတီများသဘောထားကွဲလွဲ




**တိုကျို အောက်တိုဘာ ၅**

အောက်တိုဘာလအတွင်း၌ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် ဂျပန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်မှုတစ်ခုဖြစ်လာနိုင်ကြောင်း သိရသည်။ လက်ရှိအာဏာရနေသည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ပြန်လည်ပြင်ဆင်မှုကို ထောက်ခံအားပေးလျက်ရှိပြီး အတိုက်အခံပါတီများကမူ အဆိုပါအကြောင်းအရာအပေါ်တွင် သဘောထားကွဲလွဲမှုများဖြစ်ပေါ်လျက်ရှိသည်။

အဓိကပါတီဖြစ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပထမဆုံးအကြိမ် ပြန်လည်ပြင်ဆင်ရေးအတွက် ဥပဒေပြုလွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖြည့်စွက်ချက်မူကြမ်းကို တင်သွင်းသွားရန် အလေးအနက် ကတိပေးအပ်ခဲ့သည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် စစ်ပွဲစွန့်လွှတ်ကြောင်း သဘောတူညီထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းမှ ကိုယ်ပိုင်ကာကွယ်ရေးအင်အားစုများကို ကိုးကားလျက် ပြင်ဆင်ချက်အတွင်းထည့်သွင်းသွားရန် ကြိုးပမ်းနေကြောင်း သိရသည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် လွတ်လပ်ပြီး တိုးတက်သည့် ပညာရေးအစီအစဉ်များ၊ အရေးပေါ်ကိစ္စရပ်များကို တုံ့ပြန်ဆောင်ရွက်ရန် တောင်းဆိုသွားမည်ဖြစ်ပြီး လာမည့်နှစ်တွင်ပြုလုပ်မည့် ဥပဒေပြုလွှတ်တော်ပုံမှန်အစည်းအဝေးတွင် ဖွဲ့စည်းပုံပြင်ဆင်ချက်မူကြမ်းကို တင်ပြသွားမည်ဖြစ်ကြောင်းနှင့် အခြားသောပါတီများ၏ထောက်ခံမှုများကိုလည်း ရရှိအောင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

## နိုင်ငံတကာ သတင်းတိုထွာ

### မူးယစ်မှောင်ခို ဂိုဏ်းတစ်ခုမှ အဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီးနိုင်ခဲ့

**ဟနွိုင်း အောက်တိုဘာ ၅**

လာအိုနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ မူးယစ်ဆေးဝါးများ မှောင်ခိုတင်သွင်းသည့် ဂိုဏ်းတစ်ခုမှ အဖွဲ့ဝင်တစ်ဦးအား သက်ဆိုင်ရာအာဏာပိုင်များက ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ငါအန်စီရင်စုတွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၃ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဖမ်းဆီးရမိသူမှာ ငါအန်စီရင်စုတွင် နေထိုင်သော အသက် ၂၇နှစ်အရွယ် ဖန်ဗန်တန်ဖြစ်ပြီး ၎င်းကိုဘိန်းဖြူတုံး ၂၀၊ စိတ်ကြွရူးသွပ်ဆေး ၁ ကီလိုဂရမ်၊ မူးယစ်ဆေးတောင့် ၁၂၀၀၀ ခုနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ် ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို တီယန်ဖုန် နေ့စဉ်သတင်းစာတွင် ဖော်ပြခဲ့သည်။

ဖန်ဗန်တန်သည် လာအိုနှင့် ငါအန်တွင် ပမာဏများစွာ တရားမဝင်မူးယစ်ကုန်သွယ်နေသည့် မူးယစ်ဂိုဏ်းအဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း သိရသည်။

ဘိန်းဖြူ ၆၀၀ ဂရမ်ကျော်၊ စိတ်ကြွရူးသွပ်ဆေး ၂ ဒသမ ၅ ကီလိုဂရမ်နှင့် အထက်ကုန်ကူးခြင်းသည် ဗီယက်နမ်ဥပဒေအရ သေဒဏ်အထိ ပြစ်ဒဏ်ပေးနိုင်ကြောင်း သိရသည်။

ထို့အတူ ဘိန်းဖြူ ၁၀၀ ဂရမ် သို့မဟုတ် အခြားတရားမဝင် မူးယစ်ဆေး ၃၀၀ ဂရမ်ထုတ်လုပ်ခြင်းသို့မဟုတ် ကုန်သွယ်ခြင်း ပြုလုပ်ပါကလည်း သေဒဏ်ချမှတ်ခံရနိုင်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

### တရုတ်နှင့်အမေရိကန် ပထမဆုံးဆိုက်ဘာလုံခြုံရေး ဆွေးနွေး

**ပေကျင်း အောက်တိုဘာ ၅**

တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ယခုရက်သတ္တပတ်အတွင်း ပထမဆုံး တရားဥပဒေစိုးမိုးရေးနှင့် ဆိုက်ဘာလုံခြုံရေးဆွေးနွေးပွဲကို စတင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ပြည်သူ့လုံခြုံရေးဝန်ကြီး တစ်ဖြစ်လဲ တရုတ်နိုင်ငံတော်အကြံပေးပုဂ္ဂိုလ် ဂူရှန်ကွန်းသည် အောက်တိုဘာ ၃ ရက်မှ ၆ ရက်အထိကျင်းပမည့် အဆိုပါဆွေးနွေးပွဲတွင် ပူးတွဲဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဂျန်ရှောင်က မကြာသေးမီတွင် ကြေညာခဲ့သည်။

တရုတ် သမ္မတရှီကျင့်ဖျင်နှင့် အမေရိကန် သမ္မတဒေါ်နယ်ထရန့်တို့ ဖလော်ရီဒါတွင် ဧပြီလကတွေ့ဆုံစဉ်ကာလက ဖွဲ့စည်းခဲ့သောအဆိုပါ ဆွေးနွေးပွဲသည် အဆင့်မြင့် ဆက်သွယ်ရေး ယန္တရားလေးခုအနက် တစ်ခုဖြစ်ကြောင်း သိရသည်။
**(ဆင်ဟွာ)**

# စိန်ခေါ်မှုများနှင့် အမေရိကန်သမ္မတ၏ အာရှခရီးစဉ်

**ခြူးစန္ဒီနွေး**

အမေရိကန်အနေနဲ့ ကမ္ဘာပေါ်မှာ စူပါပါဝါကို ဆက်လက်ထိန်းသိမ်းထားဖို့ဆိုရင် အာရှကိုလည်းပစ်ပယ်ထားလို့ မရပါဘူး။ အမေရိကန်သမ္မတအိုဘားမားလက်ထက်ကတော့ အာရှနဲ့အရှေ့တောင်အာရှနိုင်ငံတွေနဲ့အတော်လေး အဆင်ပြေခဲ့ပြီး အရှေ့တောင်အာရှဘက်ကိုလည်း မကြာခဏဆိုသလို ခြေဆန့်ခဲ့ပါတယ်။ သမ္မတထရန့်လက်ထက်မှာတော့ အမေရိကန်ရဲ့ မူဝါဒအတော်လေး ပြောင်းလဲသွားပြီး အာရှနဲ့ ပတ်သက်ရင် သူ့သဘောထားအမြင်ကို ခန့်မှန်းရခက်ပါတယ်။



မကြာသေးခင်က ပြုလုပ်ခဲ့တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံမှာ အမေရိကန်နဲ့ မြောက်ကိုရီးယားအရေးဟာ အတော်လေးတင်းမာခဲ့ပါတယ်။ မြောက်ကိုရီယားရဲ့ နျူကလီးယားအရေးနဲ့ ဒုံးကျည်စမ်းသပ်မှုတွေနဲ့ ပတ်သက်ပြီးဒေသတွင်း နိုင်ငံတွေရဲ့ စိုးရိမ်မှုတွေမြင့်တက်နေတဲ့ အချိန် သမ္မတထရန့်ဟာ အာရှကို ခရီးထွက်မယ်လို့ အိမ်ဖြူတော်က အတည်ပြုပြောကြားခဲ့ပါတယ်။

နိုဝင်ဘာလအတွင်းမှာပြုလုပ်မယ့် ထိပ်သီးအစည်းအဝေး တက်ရောက်ဖို့ရယ်၊ မြောက်ကိုရီးယားအရေးနဲ့ ပတ်သက်ပြီး အမေရိကန်ရဲ့ မူဝါဒအပေါ် စိုးရိမ်မှုမြင့်တက်နေတဲ့ အာရှက မဟာမိတ် နိုင်ငံခေါင်းဆောင်တွေနဲ့ ဆွေးနွေးမှုပြုလုပ်ဖို့ရယ် အာရှကို ခရီးထွက်မှာပဲဖြစ်တယ်။ နိုဝင်ဘာ ၃ရက်ကနေ ၁၄ ရက်အထိ ထရန့်ဟာ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်တို့ကိုသွားရောက်မှာဖြစ်ပြီး ခေါင်းဆောင်တွေနဲ့ ဆွေးနွေးမှုအပြင် သမ္မတထရန့်ဟာ အာရှပစိဖိတ် ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေး၊ အရှေ့တောင်အာရှနိုင်ငံများအသင်းညီလာခံတို့ကို တက်ရောက်မှာပဲဖြစ်တယ်။

အဲဒီခရီးစဉ်အတွင်းမှာ အမေရိကန်သမ္မတထရန့်ရဲ့ဦးစားပေး အစီအစဉ်တွေကတော့ မြောက်ကိုရီးယားအရေး၊ အကြမ်းဖက်မှုတွေနဲ့ ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်တွေပဲ ဖြစ်မယ်လို့ ခန့်မှန်းရပါတယ်။ အဲဒီကိစ္စတွေဆွေးနွေးတဲ့အခါ ထရန့်ရဲ့သဘောထားကတော့ သူတက်လာကတည်းက ကြွေးကြော်ခဲ့သလို အမေရိကန်သာ ပထမဦးစားပေးပါပဲ။ မြောက်ကိုရီးယားရဲ့ ဒုံးကျည်စမ်းသပ်မှုနဲ့ နျူကလီးယားအစီအစဉ်ကတော့ ထရန့်သမ္မတဖြစ်လာကတည်းက ပထမဦးဆုံးကြုံတွေ့ရတဲ့ပြဿနာပါပဲ။ သမ္မတအိုဘားမားလက်ထက်ကတည်းက မပြီးပြတ်သေးတဲ့ကိစ္စဖြစ်ပြီး ထရန့်သမ္မတဖြစ်လာတဲ့ အခါမှာတော့ ထရန့်ဆီကိုလက်လွှဲပြောင်းခဲ့ပါတယ်။ အိုဘားမားထက်စာရင် အဆပေါင်းများစွာပိုပြီးသဘောထားတင်းမာတဲ့ ထရန့်ဟာ မြောက်ကိုရီးယားနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂမှာ ပြောဆိုခဲ့မှုတွေဟာ မြောက်ကိုရီးယားကို ပိုပြီးဒေါသထွက်စေခဲ့ပါတယ်။ ဒါကတော့ အမေရိကန်နဲ့ သူ့ရဲ့မဟာမိတ်နိုင်ငံတွေကို မြောက်ကိုရီးယားက ထိခိုက်လာမယ်ဆိုရင် မြောက်ကိုရီးယားကို အလုံးစုံချေမှုန်းပစ်မယ်လို့ထရန့်က ပြောကြားခဲ့ပါတယ်။ ဒါဟာမြောက်ကိုရီးယားကို ပိုပြီး ဒေါသထွက်စေခဲ့ပါတယ်။ အာရှမှာ အမေရိကန်ရဲ့မဟာမိတ်နိုင်ငံတွေဖြစ်တဲ့ ဂျပန်နဲ့ တောင်ကိုရီးယားကို သွားမယ့် ခရီးစဉ်ဟာ မြောက်ကိုရီးယားအရေးနဲ့ များစွာ ပါဝင်ပတ်သက်နေပါလိမ့်မယ်။ ဆိုးလ်နဲ့ တိုကျိုကိုသွားတဲ့အခါ ထရန့်ဟာ သူ့ရဲ့ မူဝါဒနဲ့ပတ်သက်လို့ပိုပြီး ရှင်းလင်းလာလိမ့်မယ်လို့ ယူဆရပါတယ်။

ယခုနှစ်အစောပိုင်းက ထရန့်ဟာ ဥရောပမှာ နေတိုးအဖွဲ့ခေါင်းဆောင်တွေကို မိန့်ခွန်းပြောတဲ့အခါ ဒီကိစ္စဟာ လွယ်ကူတဲ့ကိစ္စမဟုတ်ဘူးလို့ဆိုပါတယ်။

တရုတ်ပြည်နဲ့ပတ်သက်တဲ့ ခရီးစဉ်မှာတော့ နှစ်နိုင်ငံဆွေးနွေးမှုတွေကြား စိန်ခေါ်မှုတွေအများကြီးရှိမှာပါ။ ကုန်သွယ်ရေးမှာထရန့်ရဲ့ အမေရိကန်သာပထမဦးစားပေးဆိုတဲ့စကားနဲ့အညီ ဆောင်ရွက်ရင်တော့ ကုန်သွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေမှာ လျော့ရဲလာနိုင်ပါတယ်။ ကုန်သွယ်ရေးမှာအမေရိကန်နဲ့ တောင်ကိုရီးယား လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ်ကနေ နုတ်ထွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်အတိုင်းတော့ အကောင်အထည် မဖော်သေးပါဘူး။ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ်နဲ့ပတ်သက်ပြီးထရန့်ရဲ့ ရန်လိုတဲ့ သဘောထားကတော့ ပိုပြီးလူသိများလာခဲ့ပါတယ်။ ဒ့ါအပြင် ထရန့်ဟာ Trans Pacific Partnership (TPP) ကိုလည်း ငြင်းပယ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ထရန့်ရဲ့အခုအာရှခရီးစဉ်မှာနောက်ထပ် သဘောတူစာချုပ် ချုပ်ဆိုမှုတွေ ပြုလုပ်မယ်၊ ပြင်ဆင်မှုတွေပြုလုပ်မယ်လို့ ယူဆရတယ်။ တကယ်လို့အဲဒီကုန်သွယ်ရေး သဘောတူစာချုပ်တွေဟာ အမေရိကန်ရဲ့အောင်မြင်မှုကိုအထောက်အကူ မဖြစ်ဘူးဆိုရင် ထရန့်ဟာ စိတ်ဝင်စားမှာမဟုတ်ပါဘူး။

ဗီယက်နမ်နဲ့ ဖိလစ်ပိုင်ခရီးစဉ်မှာတော့ ထရန့်အတွက် မတူညီတဲ့စိန်ခေါ်မှုတွေနဲ့တွေ့ကြုံရမှာပဲ ဖြစ်တယ်။ ဗီယက်နမ်ဟာ တစ်ချိန်တုန်းက အမေရိကန်နဲ့ တကယ့်ရန်ဘက်တွေ ဖြစ်ခဲ့ပေမယ့် အချိန်ကာလ ပြောင်းလဲလာမှုနဲ့အတူ နှစ်နိုင်ငံရဲ့ ဆက်ဆံရေးဟာလည်း ပြောင်းလဲလို့ လာပါတယ်။ ဗီယက်နမ်ကို အမေရိကန်ရဲ့မိတ်ဖက်အဖြစ် သမ္မတအိုဘားမားလက်ထက်မှာ ဆက်ဆံရေးတွေပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့တယ်။ ဒါကို ထရန့်လက်ထက်မှာ ဆက်လက်ထိန်းသိမ်းနိုင်ဖို့ ကြိုးပမ်းရမှာပါ။ ဒါပေမယ့်လည်း အမေရိကန်ရဲ့ (Trans Pacific Partnership) ကုန်သွယ်ရေးသဘောတူစာချုပ်မှာ မအောင်မြင်မှုနဲ့ ပတ်သက်ပြီးတော့ ဗီယက်နမ်ဟာ စိတ်မကြည်ပါဘူး။ သို့ပေမယ့်လည်း အမေရိကန်နဲ့ ဆက်ဆံရေးကို အရှိန်အဟုန်မပျက် ဆက်လက်ထိန်းထားနိုင်မယ်လို့ ယူဆရပါတယ်။ ဖိလစ်ပိုင်ကိုသွားရောက်ဖို့အတွက်တော့ အစပိုင်းမှာ ထရန့်ဟာစိတ်မပါပါဘူး။ ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးရဲ့ မူးယစ်ဆေးဝါး နှိမ်နင်းရေးဟာလည်း နာမည်ကြီးပါပဲ။ မူးယစ်နှိမ်နင်းမှုကြောင့် လူပေါင်းများစွာသေကျေပျက်စီးရတယ်ဆိုပြီး လူ့အခွင့်အရေးချိုးဖောက်တယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ ဒူတာတေးကို အမေရိကန်က အမြင်မကြည်ပါဘူး။ ဒူတာတေးကြောင့် အမေရိကန်မုန်းတီးရေးပိုပြီး ဖြစ်ပေါ်စေတယ်လို့ ယူဆထားတော့ ထရန့်ဟာ ဖိလစ်ပိုင်ကိုလာဖို့ စဉ်းစားရပါတယ်။ ဒူတာတေးရဲ့လုပ်ရပ်တွေကို ထောက်ခံသလို ဖြစ်သွားမှာစိုးတာလည်း ပါပါတယ်။

ဒါပေမယ့် ကုလသမဂ္ဂအထွေထွေညီလာခံမှာ အရှေ့တောင်အာရှနိုင်ငံ့ခေါင်းဆောင်တွေဟာထရန့်ကို အာရှကိုလာရောက်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးကလည်း ထရန့် ဖိလစ်ပိုင်လာမှာကို ဒူတာတေးက ကြိုဆိုတယ်လို့ ပြောပါတယ်။

ဖိလစ်ပိုင်ကိုလာရတဲ့ နောက်ထပ်ကိစ္စတစ်ခုကတော့ အိုင်အက်စ်စစ်သွေးကြွတွေကို နှိမ်နင်းဖို့လို့ ယူဆရပါတယ်။ ဆီးရီးယား၊ အီရတ်တို့မှာ အိုင်အက်စ်တွေဟာ အခြေမလှတော့ အရှေ့တောင်အာရှမှာ ခြေကုပ်ယူဖို့ ကြိုးပမ်းလာပါတယ်။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက်စစ်သွေးကြွတွေကိုနှိမ်နင်းဖို့ အရေးမှာ ထရန့်ဟာ အကူအညီတွေ ပေးထားပါတယ်။ ဒ့ါအပြင် အကြမ်းဖက်သမားတွေကို နှိမ်နင်းတဲ့အခါမှာပိုပြီးတော့ အကူအညီတွေပေးနိုင်ဖို့ နည်းလမ်းသစ်တွေ ရှာဖွေသွားမယ်လို့ ယူဆရပါတယ်။ ယခု နှစ်အစောပိုင်းမှာ ထရန့်ဟာ G7 နဲ့ G20 ထိပ်သီးအစည်းအဝေးမှာ ကျေနပ်လောက်စရာ ကောင်းတဲ့ အောင်မြင်မှုတွေ မရခဲ့ပါဘူး။ ရာသီဥတုပြောင်းလဲမှုသဘောတူညီမှုကနေ နောက်ဆုတ်သွားတာတွေနဲ့ ပတ်သက်ပြီး G7 ခေါင်းဆောင်တွေနဲ့ စိတ်သဘောထားချင်း မတိုက်ဆိုင်ပါဘူး။

ဒါပေမယ့်လည်း အာဆီယံအစည်းအဝေးကတော့ သူ့ဘာသာပဲ အောင်အောင်မြင်မြင်နဲ့ ပြီးဆုံးသွားမှာပါ။ သမ္မတအိုဘားမားဟာ တရုတ်ရဲ့ စူပါပါဝါကို ထိန်းညှိဖို့ အာရှကို ပစ်ပယ်လို့မရဘူးဆိုတဲ့ အတွေးနဲ့ အရှေ့တောင် အာရှနိုင်ငံတွေနဲ့ပါ ဆက်ဆံရေးကောင်းမွန်အောင် ကြိုးစားခဲ့ပါတယ်။ ဒီအချက်ကိုတော့ ထရန့်က မေ့လျော့နေမှာ မဟုတ်ပါဘူး။ ဗီယက်နမ်မှာ ပြုလုပ်မယ့် အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုညီလာခံကတော့ နိုဝင်ဘာ ၆ ရက်ကနေ ၁၁ ရက် အထိ ဖြစ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံများ ထိပ်သီးအစည်းအဝေးကတော့ နိုဝင်ဘာ ၁၀ ရက်ကနေ ၁၄ ရက်အထိ ဖိလစ်ပိုင်မှာ ကျင်းပမှာဖြစ်တယ်။ အရှေ့အာရှညီလာခံက နိုဝင်ဘာ ၁၃ ရက်ကနေ ၁၄ ရက်အထိ ဖိလစ်ပိုင်မှာပဲ ကျင်းပမှာဖြစ်တယ်။ ဒါတွေကတော့ ထရန့် တက်ရောက်မယ်လို့ သိထားတဲ့အစည်းအဝေးတွေပဲဖြစ်တယ်။

ထရန့်သမ္မတဖြစ်ပြီးကတည်းက ပထမဦးဆုံးအကြိမ် အာရှကို လာရောက်ခြင်းပဲဖြစ်တယ်။ အိုဘားမားလက်ထက်က ထားရှိခဲ့တဲ့အာရှနိုင်ငံတွေနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးတွေကို ထရန့်လက်ထက်မှာလည်း ဆက်ပြီး ထိန်းထားနိုင်မလားဆိုတာ မကြာခင်သိရတော့မှာပါ။

**ကိုးကား-သည်ဒီပလိုမက်**

**ဖိလစ်ပိုင်ကိုလာရတဲ့ နောက်ထပ်ကိစ္စတစ်ခုကတော့ အိုင်အက်စ်စစ်သွေးကြွတွေကို နှိမ်နင်းဖို့လို့ ယူဆရပါတယ်။ ဆီးရီးယား၊ အီရတ်တို့မှာ အိုင်အက်စ်တွေဟာ အခြေမလှတော့ အရှေ့တောင်အာရှမှာ ခြေကုပ်ယူဖို့ ကြိုးပမ်းလာပါတယ်။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက်စစ်သွေးကြွတွေကို နှိမ်နင်းဖို့အရေးမှာ ထရန့်ဟာ အကူအညီတွေပေးထား**

## ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၈၉)

# ဥပဒေစကား နေ့တိုင်းကြားလျှင်



ဦးဟန်ညွန့် (ဥပဒေ)

**ဥပဒေစကား**

“ဥပဒေစကားတွေ နေ့တိုင်းကြားနေရတယ်။ အဓိပ္ပာယ်တော့ တိတိကျကျ သိပ်မသိကြဘူး။ တိတိကျကျလည်းသိ၊ အဓိပ္ပာယ်လည်း နားလည်၊ သဘာဝလည်းကျ၊ ဟောပြောမှုတွေကိုလည်း သဘောပေါက်ရင် ပိုပြီးကောင်းတာပေါ့။”

“ရာဇဝတ်မှုတွေက တစ်နေ့တခြား များလာတယ်လို့ သတင်းစာမှာ ဖတ်ရတယ်။ ရာဇဝတ်ဘေး ပြေးမလွတ် ဆိုသလိုပေါ့။”

“ရုပ်မြင်သံကြားမှာ တရားဥပဒေအမေးအဖြေ” ကဏ္ဍတွေမှာ ဆရာဆွေးနွေးနေတာတွေလည်း မြင်ရ၊ ကြည့်ရတယ်။ ဥပဒေပညာရှင်ကြီးတွေနဲ့ (လူငယ်ရှေ့နေများ၊ မျိုးဆက်သစ်များအတွက်) ဟောပြောဆွေးနွေးပေးနေတာတွေလည်း ကြည့်ရပါတယ်။”

“သုတေသီတွေအတွက် ပညာရှင်ဆန်ဆန် ဆွေးနွေးတာမျိုးရှိသလို အများ (အလွှာအစုံက) နားလည်အောင် ဟောပြောတာတွေလည်း ကြားရမြင်ရပါတယ်။”

“သတင်းစာတွေမှာလည်း အများပြည်သူ ဖတ်ရှုသိရှိနိုင်အောင် ဆောင်းပါးများ ရေးလျက်ရှိပါတယ်။ သုတေသန ဆောင်းပါးက တစ်မျိုး၊ ပေါ့ပေါ့ပါးပါး အများနားလည်အောင် လွယ်လွယ်ကူကူရေးတာက တစ်ဖုံ။ အမျိုးစုံပေါ့။”

“ဒီနေ့တော့ လူငယ်ရှေ့နေမျိုးဆက်သစ်တွေအတွက် ဥပဒေစကားလုံး ဥပဒေ၏ အနက်အဓိပ္ပာယ်ကို မိတ်ဆက်ပေးစေချင်ပါတယ်” စသည်ဖြင့် မိတ်ဆွေတစ်ဦးက ဆိုလာပြန်သည်။ ထို့ကြောင့် ဤစာကို ရေးပါသည်။ “ဥပဒေစကား နေ့တိုင်းကြားလျှင်” ဟု ခေါင်းစဉ်အမည်ပေးလိုက်ပါပြီ။ စကား၏ အဓိပ္ပာယ်ကို ပထမလေ့လာကြစို့။

**စကား၏ အဓိပ္ပာယ်**

**စကား**- အနက်အဓိပ္ပာယ်ရှိသော နှုတ်မြွက်အသံ

- တိုတိုနှင့် အဓိပ္ပာယ်ပြည့်သော ပြောဆိုချက်ဆိုရိုးစကား၊ လက်သုံးစကား၊ အဆိုအမိန့်ရိုးရိုး၊ လူသားအားလုံး သို့မဟုတ် လူမျိုးတစ်မျိုး သို့မဟုတ် လူမျိုးတစ်မျိုး၏ အစိတ်အပိုင်းတစ်ရပ်၊ ပြောဆိုသုံးစွဲသောအနက်ရှိ နှုတ်မြွက်သံအပေါင်း ထုတ်ဖော်ပြောဆိုသော အကြောင်းအရာ၊

(မြန်မာအဘိဓာန်၊ (စ)အက္ခရာ၊ စာ-၁၇၈)

**ဥပဒေ၏ အဓိပ္ပာယ်**

ဥပဒေ၏ အဓိပ္ပာယ်ကို-

“အများပြည်သူတို့ လိုက်နာဆောင်ရွက်အသုံးပြုရန် သက်ဆိုင်ရာဥပဒေပြု အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ဥပဒေပြု အာဏာပိုင်တစ်ဦးဦးက ပြဋ္ဌာန်းထားသည့်ကျင့်စဉ်၊ အစဉ်အဆက် ဆောင်ရွက်ခဲ့သော သတ်မှတ်ချက်”ဟု (မြန်မာအဘိဓာန် (ဥ) အက္ခရာ၊ စာ-၁၉၉) တွင် ဖွင့်ဆိုသည်။

**အင်္ဂလိပ်မြန်မာ ဥပဒေဝေါဟာရ အဘိဓာန်၏ ဖွင့်ဆိုချက်**

ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေသော အင်္ဂလိပ်မြန်မာ ဥပဒေဝေါဟာရအဘိဓာန် (စာ- ၁၈၇) တွင် Law ကဏ္ဍ၌ အောက်ပါအတိုင်း ဖွင့်ဆိုသည်-

- Law- ဥပဒေ
- Law- abiding- ဥပဒေကို လေးစားလိုက်နာသော
- Law Commission - ဥပဒေကော်မရှင်
- Law in Force - တည်ဆဲဥပဒေ
- Law Journal - ဥပဒေပညာဂျာနယ်
- Law Less -ဥပဒေမဲ့သော၊ ဥပဒေကို လေးစားလိုက်နာခြင်းမရှိသော
- Law-making treaties- ဥပဒေပြု အပြည်ပြည်ဆိုင်ရာ စာချုပ်များ
- Law Merchant - ကူးသန်းရောင်းဝယ်မှု ဓလေ့ထုံးတမ်း
- Law of Flag - သင်္ဘောတွေ လွှင့်ထူသည့် အလံဆိုင်ရာ နိုင်ငံဥပဒေ
- Law of Nations -အပြည်ပြည်ဆိုင်ရာဥပဒေ
- Law Office - ဥပဒေရုံး
- Law Officer - ဥပဒေအရာရှိ

(ကျန်ကဏ္ဍများကို ဆက်လက်လေ့လာရန် တိုက်တွန်းပါသည်)



**အခြားဖွင့်ဆိုချက်များ**

ဥပဒေ (LAW) ၏ ဖွင့်ဆိုချက် (တစ်မျိုး)မှာ -

- တရားဥပဒေ၊ ဥပဒေကဲ့သို့ အာနိသင်ရှိသော အများလက်ခံထားသည့် ဓလေ့ထုံးတမ်းများလည်း ပါဝင်ပါသည်။ ဥပဒေကို ချိုးဖောက်ပါက တရားရုံးတော်က အရေးယူအပြစ်ပေးပါသည်။ ဓလေ့ထုံးတမ်းဖောက်ဖျက်ပါက ရပ်ရွာဒေသက ပြစ်တင်ရှုတ်ချပြီး ဝိုင်းပယ်ဒဏ်ခတ်မည်ဖြစ်ပါသည်။ ဟု ဖွင့်ဆိုသည်။

**Law of Nature**

1. A Scientifically determined law of natural phenomena
2. The equivalent of natural law; in the sense of a law binding on all mankind

(လူသားအားလုံးနှင့် သက်ဆိုင်အကျိုးသက်ရောက်သော လောကဓမ္မတာတရားများ) ဟု ခြုံငုံဖွင့်ဆိုနိုင်ပါသည်။

**Law of the land**

The generally applicable law (မိမိနေထိုင်ရာတိုင်းပြည်၏ ဥပဒေ)

**ဥပဒေ**

ပါဠိဘာသာမှ ဆင်းသက်လာသည်။ ဥပဒေစကားရပ်၏ အရင်းခံအဓိပ္ပာယ်မှာ ညွှန်ပြခြင်း၊ ညွှန်ကြားခြင်း၊ ပို့ချခြင်း၊ နည်းညွှန်ခြင်း ဟူ၍ ဖြစ်သည်။ နိုင်ငံအသီးသီးတွင် LAW ဆိုသော စကားလုံးအသုံးအနှုန်းမှာ အမျိုးမျိုးသော အဓိပ္ပာယ်ဆောင်နေသည်။ အာဏာပိုင်ဖြစ်ပေါ်လာသော အခြေအနေ၊ ပြဋ္ဌာန်းလိုက်သောဥပဒေ၊ တရားရုံးများ၏ ဆုံးဖြတ်ချက်၊ ထုံးဖွဲ့ချက်များ၊ ကိုးကွယ်သောဘာသာ၏ ပညတ်ချက် စသည့်တို့အပေါ်အခြေခံ၍ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြပေသည်။

**Law**

Law ကို လက်တင်ဘာသာဖြင့် “ Jus” ဟူ၍လည်းကောင်း၊ ပြင်သစ်ဘာသာဖြင့် Lex; Loi; Legge; Droit ဟူ၍လည်းကောင်း၊ အီတာလျံဘာသာအားဖြင့် Dritto ဟူ၍လည်းကောင်း၊ ဂျာမန်ဘာသာအားဖြင့် “Recht” ; “ Gesetz ” ဟူ၍လည်းကောင်း အရင်းအမြစ်ပေါ်မူတည်၍ အဓိပ္ပာယ်ဖွင့်ဆိုသုံးစွဲကြသည်။

**အငြိမ်းစားတရားလွှတ်တော် တရားဝန်ကြီးချုပ် ဦးချန်ထွန်းအောင်၏ အယူအဆ**

“လူတို့လိုက်နာရသော တရားဥပဒေအတွက် တရားရုံးများအတွက်၊ ဥပဒေပြုဌာနများအတွက် ရေသောက်မြစ်သဖွယ် ဖြစ်ပေါ်လာချက်များကို သိပ္ပံနည်းဖြင့် ဝေဖန်ရေးသားခြင်းဖြစ်၍ အလွန့်အလွန် နက်နဲလှသော ပညာရပ်ဖြစ်ပေသည်။ ဥပဒေသိပ္ပံပညာ ပေါ်ပေါက်လာခြင်းအကြောင်းရင်းနှင့် ပတ်သက်၍ ကျွန်တော်၏ ထင်မြင်ချက်မှာ လူသတ္တဝါများဖြစ်ပေါ်လာခြင်း၏ အဆက်ဆက်သမိုင်းများကို ထောက်ထားရခြင်းဖြင့် မိမိတို့၏ ယဉ်ကျေးမှုအဆင့်အတန်း အလွှာလွှာအပေါ်မူတည်၍ အမြဲပြောင်းလဲနေသည့် “ကိစ္စမြားမြောင် ဤလူ့ဘောင်” တွင် လူပုဂ္ဂိုလ်အသီးသီးတို့၏ စားဝတ်နေရေး၊ ဆက်ဆံရေး ပတ်ဝန်းကျင်အခြေအနေများအပြင် အပြည်ပြည်ဆိုင်ရာ ကူးသန်းသွားလာဆက်ဆံရေး စသည်တို့လည်း တစ်နေ့တခြား ပွားများလာသဖြင့် ထိုအခြေအနေမျိုးတွင် စည်းကမ်း၊ နည်းလမ်းဥပဒေများရှိမှသာလျှင် ပြေပြစ်မည်ဖြစ်၍ ဥပဒေအမျိုးမျိုး ပြုလုပ်ရခြင်းဖြစ်ပေသည်။”

**ဥပဒေသိပ္ပံပညာဆိုသော စကားရပ်**

“ဥပဒေသိပ္ပံပညာဆိုသော စကားရပ်မှာ-

အင်္ဂလိပ်ဘာသာအားဖြင့် Juris prudence ကို ခေါ်ဆိုပြီး အင်္ဂလိပ်နှင့် လက်တင်ဘာသာစကားရပ်မှတစ်ဆင့် ပေါက်ပွားလာခြင်းဖြစ်သည်။ ဥပဒေသိပ္ပံပညာဆိုသည်မှာ knowledge of law သာ ဖြစ်ပါသည်။

သင်ကြားလေ့လာမှုအရ သို့မဟုတ် ယေဘုယျအားဖြင့် ဥပဒေသိပ္ပံပညာဆိုသည်မှာ ဥပဒေ၏ ပထမသဘောတရားများကို ခွဲခြမ်းစိတ်ဖြာလေ့လာသောပညာ သို့မဟုတ် ဥပဒေ၏ သိပ္ပံပညာဟူ၍ အဓိပ္ပာယ်ရရှိလေသည်။

(ဥပဒေပါမောက္ခ ဦးတင်အုံးရေးသားပြုစုသော ဥပဒေသိပ္ပံပညာစာအုပ်၊ ၁၉၇၇၊ ပထမအကြိမ်မှ ကောက်နုတ်ဖော်ပြချက်)

**ယုတ္တိဗေဒအပေါ် အခြေခံသည့် ဥပဒေ**

**ဥပဒေဟူသည် ယုတ္တိဗေဒအပေါ် အခြေခံသည်-**

(၁) ဥပဒေအား ကြောင်းကျိုးတရား၏ ပညတ်ချက်အဖြစ် မှတ်ယူခြင်း

(၂) ဥပဒေအား အချုပ်အခြာအာဏာပိုင်၏ အမိန့်အဖြစ် မှတ်ယူခြင်း

(၃) ဥပဒေအား တရားရုံး၏ လက်တွေ့လုပ်ဆောင်ချက်အဖြစ် မှတ်ယူခြင်း

(၄) ဥပဒေသည် ကိုယ်ကျင့်တရားနှင့် လောကနီတိအပေါ် အခြေပြုရခြင်း

(၅) ဥပဒေသည် လူမှုရေးဆိုင်ရာ အစဉ်အလာများနှင့် ဓလေ့ထုံးစံများ၏ အစုအစည်းဖြစ်ခြင်း

(၆) ဥပဒေသည် တက္ကဗေဒ (တစ်နည်း) မှန်ကန်စွာ ဆင်ခြင်ခြင်းအတတ်ဖြင့် ရုပ်လုံးဖော်ထားသည့် အရာဖြစ်ခြင်း

(၇) ဥပဒေဆိုသည်မှာ တရားရုံး၏ ပြုလုပ်ချက်သာ ဖြစ်၍ တရားရုံး၏ ပညတ်ချက် (တစ်နည်း) တရားရုံး၏ အမိန့်မဟုတ်ခြင်း

(၈) ဥပဒေသည် လူမှုရေးဆိုင်ရာ ရည်မှန်းချက် အများအပြားကို အောင်မြင်ပေါက်မြောက်စေရန်နှင့် အဆင့်မြှင့်တင်ပေးရာတွင် အသုံးပြုသည့် နည်းလမ်းတစ်သွယ်ဖြစ်ခြင်း

(၉) ဥပဒေစည်းမျဉ်းများသည် မလိုအပ်ပါ။ ဥပဒေကြောင်းအရ အငြင်းပွားမှုများသည် တရားမျှတမှုအပေါ်အခြေခံသည့် လွတ်လပ်သော တွေးခေါ်ခြင်းဆိုင်ရာ စည်းမျဉ်းများဖြင့်သာ အသုံးပြုဖြေရှင်းသင့်ခြင်းတို့ဖြစ်သည်။

**ဥပဒေအရ တရားမျှတမှု**

တာဝန်ရှိခြင်း (တစ်နည်း) တာဝန်မကင်းမှုဆိုသည်မှာ ဝတ္တရားတစ်ရပ်အား ထမ်းဆောင်ရန် ဥပဒေအရ စည်းနှောင်ထားသည့် (သို့မဟုတ်) တရားမျှတမှုအပေါ် အခြေခံသည့် တရားရုံးဆုံးဖြတ်ချက်ဖြင့် ထမ်းဆောင်ရမည့် တာဝန်တစ်ရပ်အား ပြီးမြောက်အောင် ဆောင်ရွက်ခြင်းကိုဆိုသည်။

**သဘာဝတရားမျှတမှု**

“ရောမဥပဒေတွင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းဥပဒေအရ တစ်စုံတစ်ရာကို ထမ်းရွက်ရန် တာဝန်ရှိသည့်အတွက် ဥပဒေအရ စည်းနှောင်ထားမှု၊ အဆိုပါ တာဝန်ရှိမှုတွင် မြီစား၏ တာဝန်ရှိမှုအပြင် မြီရှင်၏ အခွင့်အရေးရှိမှုကိုပါ ဆိုလိုသည်။

တာဝန်ရှိမှု (တစ်နည်း) တာဝန်မကင်းမှုဆိုသည်မှာ တာဝန်ရှိမှုအတိုင်း ထမ်းဆောင်ရန် တာဝန်ယူခြင်းကို ဆိုလိုသည်” ဟု လေ့လာမှတ်သားရပါသည်။

**စေတနာ**

(၁) ဥပဒေစကား နေ့တိုင်းကြားကြပါစေ။ ဆောင်းပါးရှင်က မေတ္တာဝေပါသည်။

(၂) ဥပဒေစကား ကြားရုံသက်သက်မျှသာမက လက်တွေ့လိုက်နာကျင့်ကြံ၊ ဖြန့်ဝေ၊ ပွားများခြင်းဖြင့် လောကကို အလှဆင်နိုင်ကြပါစေကြောင်း တွေးမိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

> **လူတို့လိုက်နာရသော တရားဥပဒေအတွက် တရားရုံးများအတွက်၊ ဥပဒေပြုဌာနများအတွက် ရေသောက်မြစ်သဖွယ် ဖြစ်ပေါ်လာချက်များကို သိပ္ပံနည်းဖြင့် ဝေဖန်ရေးသားခြင်းဖြစ်၍ အလွန့်အလွန်နက်နဲလှသော ပညာရပ်ဖြစ်**

---



## စာပေဗိမာန်စာမူဆုရစာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် အောက်တိုဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ပြဇာတ်စာပေ တတိယဆုရရှိသည့် မောင်(မကွေး)၏ “ လေ့ခွက်ချည်းကျန် အလံမလဲပေ့” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် မြန်မာတို့က မင်းလှခံတပ်မှနေ၍ နယ်ချဲ့အင်္ဂလိပ်အား ခုခံတိုက်ခိုက်ပုံကို စင်တင်ပြဇာတ်ပုံစံဖြင့် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဇာတ်အိမ်ကျယ်သည်နှင့်အမျှ ဇာတ်လမ်းခိုင်ခံ့ပြီး ဇာတ်ဆောင်များစွာကို အသုံးပြုကာ နယ်ချဲ့ကို မြန်မာတစ်မျိုးသားလုံးက တိုက်ထုတ်သည့်ပုံဖြင့် အားမာန်တက်ဖွယ်ရေးထားခြင်းဖြစ်သည်။ ယနေ့ မြန်မာ့စာပေလောကတွင် ရှားရှားပါးပါးဖြစ်နေသော ပြဇာတ်စာပေကောင်းမျှော်လင့်နေသူများအတွက် မျှော်ရကျိုးနပ်စေမည့် စာအုပ်ဖြစ်ပါသည်။

ရောင်းဈေး ငွေကျပ် ၁၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိစာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁- ၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ အမှတ် (တ-၅၅)သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ကျင်းပ

**ကျောက်တန်း အောက်တိုဘာ ၅**

၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့အသောကာရာမ ပရိယတ္တိစာသင်တိုက် သာသနဝေပုလ္လ ဓမ္မဗိမာန်၌ ကျင်းပခဲ့သည်။ အစီအစဉ်အရ အသက် ၇၀ နှင့်အထက်ရှိ အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား လှူဒါန်းငွေများဖြင့် ပူဇော်ခဲ့ကြသည်။

ကျောက်တန်းမြို့နယ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ၌ မြို့နယ်အတွင်းနေထိုင်ပြီး အခြေခံပညာကျောင်းများ၌ ပညာသင်ကြားပို့ချပေးခဲ့ကြသူ အသက် ၇၀ နှင့်အထက် ဆရာကြီး ဆရာမကြီး ၇၂ ဦးအား လှူဖွယ်များဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည် ။

**စိုးဝင်း ( ကျောက်တန်း )**

# အမျိုးသားပို့ကုန်မဟာဗျူဟာတွင် မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍကို ထည့်သွင်းရေးဆွဲမည်



**ရန်ကုန် အောက်တိုဘာ ၅**
အမျိုးသားပို့ကုန်မဟာဗျူဟာထဲတွင် မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍကို အသစ် ထည့်သွင်းရေးဆွဲမည်ဖြစ်ကြောင်း ရန်ကုန်မြို့ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးတွင် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

မြန်မာ့ လက်မှုအနုပညာပစ္စည်းများကို သစ်၊ ဝါး၊ ကြိမ်၊ ချည်၊ ကြေး၊ ကျောက်၊ ဆင်စွယ်၊ ရွှေချည်ထိုး၊ ခရုကမာများနှင့် ပြုလုပ်ကြပြီး တောင်သူလယ်သမားများအနေဖြင့် လယ်ယာလုပ်ငန်းခွင် ပြင်ပတွင် ဝင်ငွေရှာသောလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အမျိုးသား ပို့ကုန်မဟာဗျူဟာထဲတွင် မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍကို အသစ်ထည့်သွင်းရေးဆွဲရခြင်းနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက "အမျိုးသားပို့ကုန်မဟာဗျူဟာကို ၂၀၁၂ ခုနှစ်ကတည်းက စတင်ခဲ့ပါတယ်။ ဆန်စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ရော်ဘာ၊ ရေထွက်ကုန်၊ သစ်တောထွက်ကုန်၊ အထည်ချုပ်၊ ခရီးသွားလုပ်ငန်း၊ ပို့ကုန်ကို အထောက်အကူပြုတဲ့ ကဏ္ဍတွေအနေနဲ့ ငွေကြေးရရှိနိုင်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ အရည်အသွေးမြှင့်တင်ရေးကဏ္ဍ၊ သတင်းအချက်အလက်ရရှိရေးကဏ္ဍစတာ ဒါတွေကို ကျွန်တော်တို့က ပထမဦးဆုံးလုပ်ခဲ့တယ်။ အဲဒီကတည်းက လက်မှုအနုပညာပစ္စည်းကို ထည့်ချင်တယ်။

ဒါပေမယ့် ဦးစားပေးအစီအစဉ်အရ မထည့်နိုင်ခဲ့တဲ့အတွက် အခုမှ စတင်ထည့်သွင်းပြီး အကောင်အထည်ဖော်ရတာ ဖြစ်ပါတယ်"ဟု ပြောသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ ရေးဆွဲခြင်း နည်းပညာအကူအညီကို ITC (International Trade Center)မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အခန်းကဏ္ဍတစ်ခုချင်းအလိုက် ကိုရီးယားနိုင်ငံရှိ အဖွဲ့အစည်းများ၊ Action Aid အဖွဲ့အစည်းများအပြင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပြည်တွင်းလက်မှုအနုပညာ အသင်းများကလည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြန်မာ့ လက်မှုအနုပညာပစ္စည်းကဏ္ဍကို သက်ဆိုင်ရာလုပ်ငန်းရှင်များသာမက ဒေသဆိုင်ရာ အခြေအနေများနှင့်ပါ အသေးစိတ် ဆွေးနွေးရမည်ဖြစ်သောကြောင့် အချိန်ခြောက်လမှ တစ်နှစ်အတွင်းရေးဆွဲရန် စီစဉ်ဆောင်ရွက်ထားကြောင်းသိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

## မန္တလေးမြို့နေပြည်သူလူထု လုံခြုံစိတ်ချစွာသွားလာနိုင်ရေး လုံခြုံရေးဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၅**
မန္တလေးမြို့နေ ပြည်သူလူထုလုံခြုံစိတ်ချစွာသွားလာနိုင်ရေးအတွက် မြို့တွင်းလမ်းများအား လှည့်ကင်း၊ ပတ်ကင်းများနှင့်အတူ ပိတ်ဆို့ရှာဖွေမှုများ ဆောင်ရွက်နေကြောင်း အောင်မြေသာစံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"တရားဥပဒေစိုးမိုးရေးနဲ့ရပ်ရွာအေးချမ်းသာယာရေးအတွက်ကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဆရာတို့အခုလို လှည့်ကင်း၊ ပတ်ကင်းစပြီး ဆောင်ရွက်တဲ့အချိန်ကနေခုအထိ မှုခင်းတွေအတော်လေးကျဆင်းသွားတယ်။ အချိန်ပြည့် လှည့်ကင်းတွေ ဆောင်ရွက်နေတဲ့အတွက်ကြောင့် ဒုစရိုက်သမားတွေအတွက် အခွင့် အလမ်းနည်းပါးသွားသလို ပြစ်မှုကျူးလွန်ဖို့အခွင့်အရေးတွေမရတော့ဘူး။ ဒါကြောင့် မှုခင်းတွေကျဆင်းသွားတာဖြစ်ပါတယ်"ဟု အောင်မြေသာစံမြို့နယ်(ခေတ္တ)ရဲတပ် ဖွဲ့မှူး ဒုရဲမှူးခင်မောင်လွင်က ပြောကြားသည်။

အမှတ်(၄) နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်မြတ်ကျော်သူက "မမှန်ကန်တဲ့ နံပါတ်တွေတပ်ဆင်အသုံးပြုသွားလာပြီးတော့ လုယက်မှုတွေကျူးလွန်တာတွေကို ဖော်ထုတ်နိုင်ဖို့၊ ကားနဲ့ဆိုင်ကယ်တွေမှာ မလိုလားအပ်တဲ့လက်နက်ခဲယမ်းတွေ၊ ဖောက်ခွဲဖျက်ဆီးမယ့်ပစ္စည်းတွေ မသယ်ဆောင်နိုင်ဖို့ ဒါတွေကို အဓိကထား ဆောင်ရွက်နေတယ်။ ပိတ်ဆို့ရှာဖွေရာမှာလည်း လက်နက်သယ်ဆောင်လာတာတွေကို အတော်များများတွေ့ရတဲ့အတွက် သိမ်းဆည်းနေရတယ်" ဟု ပြောသည်။

"မန္တလေးမြို့မှာ အရင်က အခုလို စစ်ဆေးမှုတွေမပြုလုပ်ခင်တုန်းက ကျုံးဘေးပတ်လည်မှာ ခိုးမှုတွေ၊ လုယက်မှုတွေ၊ ခိုက်ရန်ဖြစ်ပွားမှုတွေအမျိုးမျိုးကြုံရတယ်။ အခုဆိုရဲတပ်ဖွဲ့အနေနဲ့ ပြည်သူတွေလုံခြုံရေး ဆောင်ရွက်ပေးနေတော့ အေးချမ်းစွာသွားလာနိုင်ပြီ"ဟု အောင်မြေသာစံမြို့နယ်မှ မနေနွယ်ဝင်းက ပြောကြားသည်။

မန္တလေးခရိုင်တွင် အဓိကအားဖြင့် မြို့ဝင်/မြို့ထွက်နေရာများဖြစ်သည့် ရွှေကျင်ဂိတ်၊ အုန်းချော‌ဂိတ်၊ မြစ်ငယ်ဂိတ်၊ တံခွန်တိုင်အဝိုင်းပတ်၊ ရတနာပုံတံတားတို့တွင် အဖွဲ့ပေါင်းစုံဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိပြီး မြို့တွင်းပိုင်း၌လည်း သက်ဆိုင်ရာနယ်မြေစခန်းများမှ မှုခင်းကျဆင်းရေးလုပ်ငန်းများကို ပူးပေါင်းအဖွဲ့များဖြင့် ပိတ်ဆို့ရှာဖွေမှုများပြုလုပ်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စေတီတည်ဆောက်ရေး လုပ်အားဒါနပြု

**သီပေါ အောက်တိုဘာ ၅**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မီးရထား ရပ်ကွက် သန္တိသုခမဟာစည်ကျောင်းတိုက်ဝင်းအတွင်း တည်ဆောက်လျက်ရှိသော အောင်တော်မူစေတီတော်မြတ်ကြီး၏ အာရုံစီလောင်းလုပ်အားဒါနပြုပွဲတွင် မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကျောက်မဲမှ အင်ဂျင်နီယာအဖွဲ့သားများ၊ မြို့မိမြို့ဖလုပ်အားရှင်များ အောက်တိုဘာ ၁ ရက်က ပါဝင်ပူးပေါင်း၍ လုပ်အားဒါနပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ပေါက်ကန်-အိုင်မနက်ချောင်းကားလမ်းအား ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်

**နတ်မောက် အောက်တိုဘာ ၅**
ပေါက်ကန်-အိုင်မနက်ချောင်းကားလမ်းသည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တို့အပြင် ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကံပြားလမ်းနှင့် ကျောက်ပန်းတောင်း-မိတ္ထီလာလမ်းတို့ကို ဆက်သွယ်ထားသော လမ်းဖြစ်ပြီး လမ်းအရှည်မှာ ၁၄ မိုင် ၆ ဖာလုံရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အဆိုပါကားလမ်းအား မကွေးခရိုင်လမ်းဦးစီးဌာနနှင့် ထွန်းအိမ်လင်းကုမ္ပဏီ၊ ခိုင်ခန့်ဖြူစင်ကုမ္ပဏီတို့အား တာဝန်ပေးခဲ့ပြီး မူလလမ်း ၁၂ ပေ အကျယ်အား ၁၈ ပေ ချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ပေ ၄၀ အကျယ် မြေကြီးတာပေါင်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆက်လက်၍ ကတ္တရာလမ်းအကျယ် ၁၂ ပေ အား ၁၈ ပေ အကျယ်ချဲ့ခြင်း၊ ရေစီးသန်သော ရေကျော်သဲချောင်းများအား သံကူကွန်ကရစ် တံတားဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရမ်းစိုးမြင့်**



## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော စက်တင်ဘာလ (၂၁) ရက်နေ့မှ စက်တင်ဘာလ (၂၇) ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

*အောက်တိုဘာ ၁ ရက်မှ အဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၄ | ဝတ္ထုတို ( ၅ ) ပုဒ် | သိန်းဖေမြင့် | ၁၅၀၀ | စိတ်ကူးချိုချို |
| ၃၅ | ဝတ္ထုတို ( ၅ ) ပုဒ် | မနှင်းဖွေး | ၈၀၀ | စိတ်ကူးချိုချို |
| ၃၆ | ဝတ္ထုတို ( ၅ ) ပုဒ် | ကျော်အောင် | ၉၀၀ | စိတ်ကူးချိုချို |
| ၃၇ | ဝတ္ထုတို ( ၅ ) ပုဒ် | မင်းကျော် | ၈၀၀ | စိတ်ကူးချိုချို |
| ၃၈ | ဝတ္ထုတို ( ၅ ) ပုဒ် | ညိုထွန်းလူ | ၁၂၀၀ | စိတ်ကူးချိုချို |
| ၃၉ | ပိရမစ်များ (စာစဉ် ၈၉) | Key collection | ၁၅၀၀ | Key collection |
| ၄၀ | တာ့ဂျ် မဟာလ် (စာစဉ် ၉၀) | Key collection | ၁၅၀၀ | Key collection |
| ၄၁ | သုံးကြောင်းကဗျာ ၁၀၀ | နေသူရိန်ဟန် | ၂၀၀၀ | နှစ်ကာလများ |
| ၄၂ | လက်ဆောင် | မိုးရှင်း (Jmt) | ၂၀၀၀ | Myanmar Heritage |
| ၄၃ | အာဏာနှင့်မာယာ | ရီနေဆန်း | ၁၈၀၀၀ | ငါတို့စာပေ |
| ၄၄ | ဝတ္ထုတို ( ၅ ) ပုဒ် | ဂျိဇော် | ၇၀၀ | စိတ်ကူးချိုချို |
| ၄၅ | ဝတ္ထုတို ( ၅ ) ပုဒ် | ဒဂုန်တာရာ | ၈၀၀ | စိတ်ကူးချိုချို |
| ၄၆ | ဝတ္ထုတို ( ၅ ) ပုဒ် | ဝင်းဝင်းမြင့် (နန်းတော်ရှေ့) | ၈၀၀ | စိတ်ကူးချိုချို |
| ၄၇ | ဝတ္ထုတို ( ၅ ) ပုဒ် | နေဝင်းမြင့် | ၉၀၀ | စိတ်ကူးချိုချို |
| ၄၈ | ဝတ္ထုတို ( ၅ ) ပုဒ် | အောင်လင်း | ၉၀၀ | စိတ်ကူးချိုချို |
| ၄၉ | ကဗျာများ | ဟိန်းမြတ်ဇော် | ၄၀၀၀ | နှစ်ကာလများ |
| ၅၀ | ဥပဒေအဘိဓာန် | U Kyaw Zeya | ၃၅၀၀ | မယ်နှင့်မောင်စာပေ |
| ၅၁ | လီကွမ်းယု(သို့မဟုတ်) တံငါကျွန်းမှ ကမ္ဘာ့ခေါင်းဆောင် | ရဲနောင်ထွဋ် | ၂၀၀၀ | ပန်းဆက်လမ်း |
| ၅၂ | ရေဆူလို့ပွက်ကရောနှင့် အခြားဝတ္ထုတိုများ | မောင်သိက္ခာ | ၃၅၀၀ | ရန်အောင် (၂) |
| ၅၃ | တို့ကမ္ဘာကြီး လှပါစေ | ကိုရင်လှ | ၅၀၀၀ | ရွှေကလောင်စာပေ |
| ၅၄ | လိင်သဘာဝနှင့်ကျူးလွန်ချိုးဖောက်ခြင်း | မင်းခက်ရဲ | ၃၀၀၀ | MKS |
| ၅၅ | လိုအပ်နေသောရေဥပဒေ | ဒေါက်တာခင်မောင်လွင် | ၃၅၀၀ | Smart |
| ၅၆ | လူ့အခွင့်အရေး အခြေခံကျမ်း | ကလောင်စုံ | ၁၂၀၀၀ | MKS |
| ၅၇ | မာယာအတွေးရသဒဿနစာစု | ဦးဘုန်း(ဓာတု) | ၂၅၀၀ | လင်းလွန်းခင် |
| ၅၈ | ဆရာကြီးဦးသံဗျင် ဂုဏ်ပြုအမှတ်တရစာစုများ | ကလောင်စုံ | ၂၅၀၀ | ရွက်စိမ်းစာပေ |
| ၅၉ | ဒေါက်တာရေချမ်း | ဇန်မော်တင်အောင် | ၄၀၀၀ | နေရီရီ |
| ၆၀ | ပြိတ္တာဘုံရောက်မောင်ကံကောင်း | မောင်ဆန္ဒ(လယ်ဝေး) | ၁၅၀၀ | ရွှေပဒေသာ |
| ၆၁ | စုတ်ချက်မညီသောပန်းချီကား | မိုးစက်ပွင့် | ၁၇၀၀ | ရွှေပဒေသာ |
| ၆၂ | ကြယ်တွေရေတွက်ပြစေချင် | မမသဒ္ဒါမောင် | ၂၀၀၀ | ရွှေပဒေသာ |
| ၆၃ | ပြည်တော်ပြန်ချစ်သူ... ရွှေကြေးမုံ | လှိုင်းကြာဖြူ(လားရှိုး) | ၁၇၀၀ | ရွှေပဒေသာ |
| ၆၄ | အိမ်တွင်းသာသနာပြုကြစို့ | အရှင်စန္ဒဇောတိ(ပါဠိပါရဂူပိဋကတ်တစ်ပုံအောင်) | ၈၀၀ | ရန်အောင်စာပေ |
| ၆၅ | ရခိုင်အရေး သွေးမအေးနဲ့ | အရှင်စန္ဒဇောတိ(ပါဠိပါရဂူပိဋကတ်တစ်ပုံအောင်) | ၁၂၀၀ | ရန်အောင်စာပေ |
| ၆၆ | မြန်မာပြည်အနောက်တံခါးက တစ္ဆေခြောက်သံ | အရှင်စန္ဒဇောတိ(ပါဠိပါရဂူပိဋကတ်တစ်ပုံအောင်) | ၁၂၀၀ | ရန်အောင်စာပေ |

# မေးခွန်းထုတ်စရာဖြစ်နေတဲ့ လီဗာပူးအသင်းရဲ့ ခံစစ်



ပရီမီယာလိဂ်ပွဲစဉ် (၇)အပြီး အသင်းကြီးခြောက်သင်းထဲမှာ အဆိုးရွားဆုံးက လီဗာပူးအသင်းဖြစ်တယ်။ လက်ရှိအချိန်အမှတ်ပေးဇယားရဲ့အဆင့် ၇ နေရာမှာရှိနေပြီး သူ့ရဲ့အထက်မှာက ဘန်လေရှိတယ်။ အထူးသဖြင့် လီဗာပူးအသင်းရဲ့ ဆိုးရွားဆုံးက ခံစစ်ပိုင်းလို့ ပြောရမယ်။ ပရီမီယာလိဂ် (၇)ပွဲပြီးချိန်မှာ လီဗာပူးအသင်းရဲ့ပေးဂိုးက ၁၂ ဂိုးရှိနေပြီ။ ဒါဟာ ခရစ္စတယ်လ်ပဲလေ့စ်၊ ဝက်စ်ဟမ်းအသင်းတို့ပြီးရင် ဂိုးအများဆုံးပေးထားရတဲ့အသင်းလည်း ဖြစ်တယ်။ ဒါကြောင့် လီဗာပူးအသင်းအနေနဲ့ အောင်မြင်မှုတွေရရှိဖို့ဆိုရင် ခံစစ်ပိုင်းလိုအပ်ချက်တွေကို အကောင်းဆုံးဖြည့်နိုင်ဖို့လိုတယ်လို့ ပြောရမယ်။ လီဗာပူး ဘာတွေလိုအပ်နေလဲ။ ဂျာဂျင်ကလော့အနေနဲ့ ဘာတွေပြင်ဆင်ဖို့ လိုအပ်နေပြီလဲ။

**လီဗာပူးရဲ့ခံစစ်**

ရာသီစပြီးနှစ်လအတွင်း လီဗာပူးအသင်းဟာ ပြိုင်ပွဲစုံမှာ ဂိုး ၂၀ အထိ ပေးထားရတာဟာ ကောင်းမွန်တဲ့လက္ခဏာတော့ မဟုတ်ဘူး။ အာဆင်နယ်အသင်းကို ဂိုးပြတ်နဲ့ နိုင်ပြီးခဲ့တဲ့နောက်ပိုင်း လီဗာပူးအသင်းဟာ ဂိုးမပေးရတဲ့ပွဲဆိုတာ မရှိခဲ့ဘူး။ သူတို့အနေနဲ့ အဲဒီလိုအခြေအနေကို အဆုံးသတ်ဖို့ကြိုးစားပေမယ့် နောက်ဆုံးကစားခဲ့တဲ့ပွဲအထိတော့ ဂိုးတွေပေးနေရတုန်းလို့ ပြောရမယ်။ အသင်းရဲ့ တန်ပြန်တိုက်စစ်အားကလည်းနည်းတယ်။ ကွင်းလယ်ခံစစ်ပိုင်းကလည်း လျော့ရဲမှုတွေရှိတယ်။ ဘယ်နောက်ခံနေရာမှာ မိုရီနိုကို ထားသုံးတယ်။ ပြီးခဲ့တဲ့ရာသီကတော့ မိုရီနိုဟာ ကွင်းလယ်ပိုင်းမှာ ကစားခဲ့ရတယ်။ အခုတော့ သူဟာ ခံစစ်ပိုင်းအတွက်သာမက တိုက်စစ်ပိုင်းအတွက်ပါ အသင်းမှာအဓိကကျသူအဖြစ်ရှိနေတယ်။ ဂျိုဂိုမက်ဇ်ဟာ အသင်းရဲ့ညာနောက်ခံနေရာအတွက်အကောင်းဆုံးကစားပေးထားတယ်။ တိုးတက်မှုတွေရှိတယ်။ ဒါပေမယ့် ဒီလိုထိပ်တန်းအဆင့်မှာ ကစားနိုင်ဖို့ကတော့ လိုအပ်ချက်တွေ ရှိနေသေးတယ်။ နွေရာသီက ဟားလ်စီးတီးအသင်းကနေ ရောက်ရှိလာခဲ့တဲ့ ရောဘတ်ဆန်ကလည်း တဖြည်းဖြည်းနဲ့အသားကျလာခဲ့ပေမယ့် အကောင်းဆုံးတော့မဖြစ်သေးဘူး။ ဒါတွေကြောင့်လည်း လီဗာပူးရဲ့ခံစစ်ပိုင်းဟာ ပြဿနာတွေ ရှိနေသေးတယ်လို့ ပြောရမှာပါ။

**ဂျာဂျင်ကလော့ရဲ့လုပ်ဆောင်မှု**

ဂျာဂျင်ကလော့အနေနဲ့ လီဗာပူးအသင်းဟာ ဒီနှစ်ရာသီမှာအခုလို ပြဿနာတွေရှိလာနိုင်တယ်ဆိုတာကို သိလျက်သားနဲ့ ဘာကြောင့် မဖြေရှင်းခဲ့တာလဲဆိုတာ လူတိုင်းသိချင်တဲ့အဖြေလို့ ပြောရမယ်။ ဒါပေမယ့် ပြီးခဲ့တဲ့နွေရာသီဈေးကွက်ကို ကြည့်မယ်ဆိုရင် ဂျာဂျင်ကလော့က အသင်းရဲ့ခံစစ်ပိုင်းအတွက် အကောင်းဆုံးဖြည့်တင်းဖို့ ကြိုးစားခဲ့တယ်။ ဆောက်သမ်တန်အသင်းခံစစ်မှူး ဗန်ဒစ်ကို ဝယ်ယူဖို့ အပြင်းအထန်ကြိုးစားခဲ့တယ်။ အခြားကစားသမားတွေကိုလည်းခေါ်ယူဖို့ကြိုးစားခဲ့သေးတယ်။ ဒါပေမယ့် လီဗာပူးအသင်း ခေါ်ယူချင်တဲ့ကစားသမားတိုင်းကို မခေါ်ယူနိုင်ခဲ့ဘူး။

ဂျာဂျင်ကလော့ဟာ ပြီးခဲ့တဲ့ရာသီတွေ ကတည်းက အသင်းရဲ့ဗဟိုခံစစ်အတွက် အကောင်းဆုံးဖြစ်မယ့်ကစားသမားကို ခေါ်ယူဖို့ကြိုးစားနေခဲ့တယ်။ ဒါပေမယ့် လက်ရှိအချိန်အထိတော့ မအောင်မြင်သေးဘူးလို့ ပြောရမယ်။ ဒါပေမယ့် ၂၀၁၆ ခုနှစ်က အော့ဘတ်အသင်းကနေ ခေါ်ယူထားခဲ့တဲ့ ကလာဗန်ကတော့ လက်ရှိအချိန်မှာ အသင်းရဲ့ အားထားစောင့်ကြည့်ချင်စရာ ကစားသမားအဖြစ် ရှိနေတယ်။ ဒါပေမယ့် သူ့ရဲ့အခြေအနေကလည်း အားရစရာသိပ်မရှိဘူးလို့ ပြောရမယ်။ ဒါကြောင့်လည်း လီဗာပူးအသင်းရဲ့ခံစစ်ပိုင်းအခြေအနေတွေက ဆိုးရွားနေတယ်လို့ ပြောရမှာဖြစ်ပါတယ်။

**အဓိကပြဿနာ**

လက်ရှိအခြေအနေတွေအရ လီဗာပူးအသင်းရဲ့အဓိကပြဿနာက ဗဟိုခံစစ်ပိုင်းလို့ ပြောရမယ်။ ပြီးခဲ့တဲ့ နယူးကာဆယ်အသင်းနဲ့ပွဲကို ကြည့်မယ်ဆိုရင် ဂျိုဆီလူးကို ဂိုးပေးရခြင်းဟာ ဂျိုးမာတစ်ရဲ့ညံ့တာတွေပါတယ်။ လိုဗရန်က အသင်းမှာပါဝင်ကစားနေပေမယ့် ကြံ့ခိုင်မှုက ထင်သလောက်မကောင်းသေးဘူး။ ကလာဗန်ကလည်း ပုံမှန်ပွဲထွက်ခွင့်ရဖို့ ရုန်းကန်နေရတုန်းဖြစ်တယ်။ နောက်တန်းခံစစ်လေးဦးနေရာကိုလည်း ဂျာဂျင်ကလော့က အလှည့်ကျပြောင်းလဲမှုတွေ လုပ်နေတယ်။ ဂိုးသမားတွေဖြစ်တဲ့ မစ်နိုလက်နဲ့ ကားရီးယက်စ်တို့ကလည်း အလှည့်ကျစီရှိနေတာကြောင့် ယုံကြည်မှုပိုင်းကို ကြည့်မယ်ဆိုရင်လည်း အားနည်းတယ်လို့ ပြောရမယ်။ ဒါကြောင့် လီဗာပူးအသင်းရဲ့ အဓိကပြဿနာက ဗဟိုခံစစ်သမားကောင်းတစ်ဦးမရှိခြင်းဖြစ်သလို ကစားသမားတွေကလည်း အလှည့်ကျကစားနေရတာကြောင့် ပုံမှန်ခြေစွမ်းပြဖို့ခက်တယ်။ ဒါ့အပြင် ဂိုးသမားနှစ်ဦးစလုံးကလည်း လက်စွမ်းပိုင်းသိပ်မကွာတာကြောင့် တစ်လှည့်စီကစားနေရတာတွေကလည်း အသင်းရဲ့ဂိုးပေါက်နဲ့ပတ်သက်ပြီး အားနည်းချက်တစ်ခုလို့ဆိုနိုင်တယ်။

**ပြင်ဆင်မှု**

လီဗာပူးအသင်းအနေနဲ့ အခုလိုအခြေအနေတွေကို ဘယ်လိုပြင်ဆင်ရမလဲ။ ဒီနှစ်ပရီမီယာလိဂ်မှာ လီဗာပူးအသင်းဟာ တစ်ပွဲသာရှုံးနေသေးပေမယ့် ခံစစ်ပိုင်းရဲ့အားနည်းချက်က ထင်သာမြင်သာရှိလွန်းတယ်။ ဒါကြောင့် မန်နေဂျာ ဂျာဂျင်ကလော့အနေနဲ့ ဆုဖလားတွေ ရယူနိုင်ဖို့ဆိုရင် ဒီအားနည်းချက်ကို အချိန်မီပြင်ဆင်ရမယ်လို့ ပြောရမယ်။ နည်းဗျူဟာပိုင်းအပြောင်းအလဲလုပ်ပြီး ဂျာဂျင်ကလော့အနေနဲ့ အသင်းရဲ့ခံစစ်ပိုင်းကို ထိန်းနိုင်ဖို့တော့ရှိပါတယ်။ ဒါ့အပြင် ဇန်နဝါရီဈေးကွက်မှာလည်း ဆောက်သမ်တန်ခံစစ်မှူး ဗန်ဒစ်ကလည်း လီဗာပူးအသင်းကို ရောက်ရှိလာနိုင်တာကြောင့် အသင်းရဲ့ခံစစ်ပိုင်းကလည်း တစ်မျိုးတစ်ဖုံတော့ ပြောင်းလဲသွားနိုင်ပါတယ်။

ဒါကြောင့်အခု ရာသီအစခုနစ်ပွဲသာ ရှိနေသေးတာကြောင့် လီဗာပူးအသင်းရဲ့အနာဂတ်ကို ကြိုတင်တွက်ဆဖို့ကတော့ ခက်ခဲလွန်းပါတယ်။ လီဗာပူးအနေနဲ့ လာမယ့်ပွဲတွေမှာ လက်ရှိအသင်းရဲ့အခြေအနေတွေကို ဘယ်လို ရင်ဆိုင်ဖြေရှင်းမလဲဆိုတာကိုတော့ မြက်ခင်းစိမ်းတွေပေါ်က ပြိုင်ပွဲတွေကိုသာ ဆက်လက်အားပေးရင်း စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

**အောင်က**

# နိုင်ပွဲနဲ့အတူ တိုက်ရိုက်ခြေစစ်ပွဲအောင်မယ့် စပိန်

— ဝေမိုးဆက် —

## WC Qualification Europe

အခုအောက်တိုဘာလဆန်းပိုင်းမှာ ၂၀၁၈ ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲတွေကို တစ်ကျော့ပြန် ကျင်းပနေပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုသတင်းစာထွက်ရှိတဲ့နေ့ရက်နဲ့ အနီးကပ်ဆုံးယှဉ်ပြိုင်ကစားမယ့်ပွဲတွေကို သုံးသပ်ဖော်ပြပေးလိုက်ရပါတယ်။ အဆိုပါပွဲတွေအထဲမှာတော့ နိုင်ပွဲရရှိရုံနဲ့ခြေစစ်ပွဲအောင်မြင်သွားမယ့် စပိန်၊ ဆားဘီးယားတို့ပွဲတွေ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေကာ အကြိုတ်အနယ်ရှိလာနိုင်ပါတယ်။

### ကိုဆိုဗို vs ယူကရိန်း

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ယူကရိန်း | ၃ | ၀ | ကိုဆိုဗို |

ခြေစစ်ပွဲအောင်မြင်နိုင်ဖို့အတွက် ဒီပွဲသာ အနိုင်ရထားမယ်ဆိုရင် မျှော်လင့်ချက် အားကောင်းလာနိုင်တာကြောင့် ယူကရိန်းတို့ ဒီလိုပွဲမျိုးမှာအမှားခံမှာမဟုတ်ပါဘူး။ ကိုဆိုဗိုက အခုနောက်ပိုင်းမှာ ခံကစားပုံကောင်းမွန်လာတယ်ဆိုပေမယ့် ကစားသမားအင်အားပိုင်းမှာ သိသိသာသာကွာဟနေပါတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း ခြေစွမ်းပိုင်းကွာဟမှုတွေရှိနေတာကြောင့် ဒီပွဲမှာ ယူကရိန်းအနေနဲ့ ကိုဆိုဗိုကို အကောင်းဆုံးထိန်းချုပ်ပြီးနိုင်ပွဲရယူသွားနိုင်ဖို့ ရှိနေပါတယ်။

### သြစတြီးယား vs ဆားဘီးယား

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ဆားဘီးယား | ၂ | ၃ | သြစတြီးယား |

ဒီပွဲအနိုင်ရခဲ့မယ်ဆိုရင် ဆားဘီးယားအနေနဲ့တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်သွားမှာဖြစ်တာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို ဒါပေမယ့် သြစတြီးယားကလည်းခြေစွမ်းပိုင်း ကောင်းမွန်သလိုအိမ်ကွင်းအားသာချက်လည်း ရှိနေပါတယ်။ ကစားသမားအင်အားပိုင်းမှာ ဆားဘီးယားက အားသာမှုရှိနေပေမယ့် ဒီပွဲမှာတော့ ဆားဘီးယားတို့အခက်တွေ့နိုင်ကာ နိုင်ရင်တောင်ဂိုးမပြတ်ဘူး။

### အိုင်ယာလန် vs မော်လ်ဒိုဗာ

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | မော်လ်ဒိုဗာ | ၁ | ၃ | အိုင်ယာလန် |

ဝေလခြေချော်ခဲ့ရင် အုပ်စုဒုတိယနေရာ ရယူနိုင်ဖို့အခွင့်အရေးရှိနေတာကြောင့် အိုင်ယာလန်တို့အားစိုက်ကစားလာမှာဖြစ်ပါတယ်။ အိုင်ယာလန်က ခြေစွမ်းပိုင်းအရကောင်းမွန်သလိုအိမ်ကွင်းအားသာချက်လည်းရှိနေပါတယ်။ မော်လ်ဒိုဗာကတော့ ခြေစွမ်းအရရော စုဖွဲ့မှုအရပါ အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အိုင်ယာလန်ကသာဖိအားပေးပြီး နိုင်ပွဲယူသွားမှာပါ။

### စပိန် vs အယ်ဘေးနီးယား

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | အယ်ဘေးနီးယား | ၀ | ၂ | စပိန် |

စပိန်ဟာ ဒီပွဲအနိုင်ရတာနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ စပိန်တို့တိုက်စစ်ဖွင့်ကစားမှာဖြစ်ပြီး အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါ့အပြင် အယ်ဘေးနီးယားခြေကလည်း သာမန်သာရှိတာကြောင့် ဒီပွဲမှာလည်း စပိန်ကသာဂိုးပြတ်နိုင်ပွဲရသွားနိုင်ပါတယ်။

### တူရကီ vs အိုက်စလန်

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | အိုက်စလန် | ၂ | ၀ | တူရကီ |

ခရိုအေးရှားခြေချော်ခဲ့ရင် ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ခွင့်ရနိုင်တဲ့ အိုက်စလန်တို့ဒီပွဲမှာ နိုင်ပွဲရယူနိုင်အောင်အားစိုက်လာမှာဖြစ်ပေမယ့် ခြေစစ်ပွဲအောင်မြင်ဖို့မျှော်လင့်နိုင်သေးတဲ့ တူရကီကလည်း ခြေစွမ်းမာကျောကာ အိမ်ကွင်းဖြစ်နေပါတယ်။ ဒါကြောင့်ဒီပွဲမှာအိုက်စလန်တို့ မထင်မှတ်ဘဲအခက်တွေ့နိုင်ကာ ဒီပွဲမှာတော့ သရေလောက်ပဲရမယ်။

### ဂျော်ဂျီယာ vs ဝေလ

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ဝေလ | ၁ | ၁ | ဂျော်ဂျီယာ |

အုပ်စုဒုတိယနေရာတည်မြဲနိုင်ဖို့ ဝေလတို့ ခြေကုန်ထုတ်ပြီး နိုင်ပွဲရယူနိုင်အောင်အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့် ဂျော်ဂျီယာကလည်း အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်ကာ အိမ်ကွင်းဖြစ်နေပါတယ်။ ဒါကြောင့် ဝေလတို့ အခက်တွေ့နိုင်ကာ ကပ်ပြီးသာ အနိုင်ရဖို့ရှိပါတယ်။

### အီတလီ vs မက်ဆီဒိုးနီးယား

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | မက်ဆီဒိုးနီးယား | ၂ | ၃ | အီတလီ |

စပိန်ခြေချော်ခဲ့ရင် ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့ အခွင့်အရေးရှိနေတဲ့ အီတလီဟာ ဒီလိုပွဲမျိုးမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားသွားမှာပါ။ အီတလီရဲ့လက်ရှိခြေစွမ်းက ကောင်းမွန်နေကာ ကစားသမားစုဖွဲ့မှုအရလည်း မက်ဆီဒိုးနီးယားထက် ပိုမိုတောင့်တင်းနေပါတယ်။ အိမ်ကွင်းမှာ အီတလီပဲအနိုင်ရမယ်။

### ခရိုအေးရှား vs ဖင်လန်

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ဖင်လန် | ၀ | ၁ | ခရိုအေးရှား |

အမှားမခံတဲ့အခြေအနေရောက်နေတဲ့ ခရိုအေးရှားအနေနဲ့ ဒီပွဲမှာမဖြစ်မနေနိုင်ပွဲရအောင်အားစိုက်လာမှာ သေချာနေပါတယ်။ ကစားသမားအင်အားပိုင်းမှာလည်း ဖင်လန်ထက် သိသိသာသာပြည့်ဝနေကာအိမ်ကွင်းလည်း ဖြစ်တယ်။ ခရိုအေးရှား အနိုင်ရမယ်။

### လီချင်စတိန်း vs အစ္စရေး

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | အစ္စရေး | ၂ | ၁ | လီချင်စတိန်း |

အစ္စရေးကခြေစစ်ပွဲအောင်မြင်နိုင်ဖို့ အခွင့်အရေးမရှိတော့ပေမယ့်သိက္ခာအရနိုင်ပွဲယူ နိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ လီချင်စတိန်းကတော့ခြေစွမ်းပိုင်းအားနည်းမှုတွေများနေတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အဝေးကွင်းဖြစ်ပေမယ့် အစ္စရေးတို့ လီချင်စတိန်းကို ထိန်းချုပ်နိုင်ဖို့ရှိနေပါတယ်။ အစ္စရေးကသာ နိုင်ပွဲရမယ်။

# အန်ဆယ်လော့တီအား ပရီမီယာလိဂ်တွင် ပြန်လည်မြင်တွေ့ရနိုင်ဖွယ်ရှိ

**လက်ရှိ** အချိန်တွင် ကလပ်အသင်း လက်မဲ့ဖြစ်နေသူ နည်းပြ အန်ဆယ်လော့တီအား ပရီမီယာလိဂ်ကလပ်အချို့က ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အန်ဆယ်လော့တီအား ပရီမီယာလိဂ်တွင် ပြန်လည်မြင်တွေ့ရဖွယ်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။



အီတလီလူမျိုးနည်းပြ အန်ဆယ်လော့တီ(၅၈ နှစ်)သည် ပြီးခဲ့သည့် စက်တင်ဘာ ၂၈ ရက်တွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရသူဖြစ်သည်။ နည်းပြ အန်ဆယ်လော့တီအား ချယ်လ်ဆီး၊ အာဆင်နယ်၊ အဲဗာတန်နှင့် ဝက်စ်ဟမ်းအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသည်။ နည်းပြ အန်ဆယ်လော့တီသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်း မန်နေဂျာအဖြစ် တာဝန်ယူခဲ့ဖူးပြီး ချယ်လ်ဆီးအား ပရီမီးယားလိဂ်၊ အက်ဖ်အေဖလားနှင့် ကွန်မြူနတီဒိုင်းတို့အား တစ်ကြိမ်စီ ရယူနိုင်ရန် ဦးဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

နည်းပြလောကနှင့် ကြာရှည်စွာကင်းကွာဖူးခြင်းမရှိသူ အန်ဆယ်လော့တီက "ကျွန်တော့်အနေနဲ့ နည်းပြတစ်ဦးအဖြစ် လုပ်ဆောင်သွားဖို့ ဆန္ဒရှိနေဆဲဖြစ်ပါတယ်။ ဒီရာသီမဟုတ်ရင်တောင် နောက်ရာသီမှာပေါ့။ ဘယ်နေရာကို ပိုမိုနှစ်သက်တယ်ဆိုတာမျိုးတော့ မရှိပါဘူး။ ကျွန်တော်လိုလားတဲ့ တစ်ခုတည်းသောအရာက ကစားသမားတွေကို လေ့ကျင့်ပေးခွင့်ရနေဖို့သာ ဖြစ်ပါတယ်" ဟု ပြောဆိုခဲ့သည်။

နည်းပြ အန်ဆယ်လော့တီသည် ဂျေရုဆလင်တွင် ကျင်းပခဲ့သော ရန်ပုံငွေပွဲတစ်ခုသို့ တက်ရောက်ခဲ့စဉ်ကမူ နည်းပြလောကမှ ၁၀ လကြာ အနားယူမည်ဟု ပြောဆိုခဲ့သည်။

အန်ဆယ်လော့တီ၏ အသင်းဟောင်းဖြစ်သည့် ချယ်လ်ဆီးအသင်း လက်ရှိ နည်းပြကွန်တီက တစ်ချိန်ချိန်တွင် သူ၏ဇာတိဖြစ်သည့် အီတလီသို့ ပြန်လည်ပြောင်းရွှေ့မည်ဟု ပြောဆိုထားခြင်းကြောင့် အန်ဆယ်လော့တီအနေဖြင့် ချယ်လ်ဆီးသို့ ပြန်လည်ရောက်ရှိလာနိုင်သည်ဟု ထင်ကြေးပေးမှုများလည်း ထွက်ပေါ်နေသည်။

သို့သော်လည်း ချယ်လ်ဆီးသို့ အန်ဆယ်လော့တီ ပြန်လည်ရောက်ရှိလာရေးသည် လာမည့် ၂၀၁၈ ခုနှစ်အတွင်းမှသာ ဖြစ်နိုင်သည်ဟုဆိုသည်။

နည်းပြ အန်ဆယ်လော့တီသည် ပါးမား၊ ဂျူဗင်တပ်၊ အေစီမီလန်၊ ပီအက်စ်ဂျီ၊ ရီးရဲမက်ဒရစ် စသည့်အသင်းများကိုလည်း တာဝန်ယူခဲ့သူဖြစ်သည်။

**ထက်အောင်**

# အာဆင်နယ်အသင်းကို တစ်ဦးတည်းပိုင်ဖြစ်ရန် ခရွန်ကီကြိုးစားလာ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်း၏ အဓိကရှယ်ယာပိုင်ရှင်ဖြစ်သူ ခရွန်ကီသည် အခြားရှယ်ယာရှင်တစ်ဦးဖြစ်သူ အူစမာနော့ဗ်၏ ရှယ်ယာများကို ပေါင် ၅၂၅ သန်းဖြင့် ဝယ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

သန်းကြွယ်သူဌေး တစ်ဦးဖြစ်သူ အူစမာနော့ဗ်သည် ပြီးခဲ့သည့် မေလအတွင်းတွင် အမေရိကန်သန်းကြွယ် သူဌေးတစ်ဦးဖြစ်သူ ခရွန်ကီထံမှ အာဆင်နယ်အသင်း၏ ရှယ်ယာများဝယ်ယူရန် ကြိုးပမ်းခဲ့ဖူးသော်လည်း အောင်မြင်ခြင်းမရှိခဲ့ပေ။ ယခုအခါ အာဆင်နယ်အသင်း၏ အဓိကရှယ်ယာပိုင်ရှင်နှစ်ဦးအကြား အပြောင်းအလဲအနေဖြင့် ခရွန်ကီက အူစမာနော့ဗ်ထံမှ ရှယ်ယာများကို ဝယ်ယူရန် ကြိုးစားလာခြင်းဖြစ်သည်။



ခရွန်ကီသည် အူစမာနော့ဗ် ပိုင်ဆိုင်ထားသည့် အာဆင်နယ်အသင်း ရှယ်ယာ ၃၀ ဒသမ ၄ ရာခိုင်နှုန်းအတွက် ရှယ်ယာတစ်ခုလျှင် ပေါင် ၂၈၀၀၀ ဖြင့် ဝယ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ခရွန်ကီသည် လက်ရှိအချိန်တွင် အာဆင်နယ်အသင်း၏ ရှယ်ယာ ၆၇ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသူဖြစ်သည်။ ခရွန်ကီသည် ၂၀၀၇ ခုနှစ်တွင် အာဆင်နယ်အသင်း၏ ရှယ်ယာများ ပထမဆုံးအကြိမ် ဝယ်ယူမှုအဖြစ် ရှယ်ယာ ၉ ဒသမ ၉ ရာခိုင်နှုန်းကို ဝယ်ယူခဲ့ပြီး လက်ရှိ အချိန်အထိ အာဆင်နယ်အသင်း အတွက် ရင်းနှီးမြှုပ်နှံငွေပေါင်း ပေါင် သန်း ၇၀၀ နီးပါးရှိနေပြီဖြစ်သည်။

အာဆင်နယ်အသင်း ပရိသတ်များက အာဆင်နယ်အသင်းအနေဖြင့် တစ်ဦးတည်းပိုင်အသင်း ဖြစ်လာပါက အသင်းပိုင်ရှင်နှင့် ဘုတ်အဖွဲ့ဝင်များအကြား ပြဿနာများဖြစ်ပွားလာမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။

**ထက်အောင်**



# ဟယ်ရီကိန်းအား ကမ်းလှမ်းမှုပြုလုပ်ရန် ရီးရဲမက်ဒရစ်အသင်း အဆင်သင့်ရှိနေ

စပိန်လာလီဂါကလပ် ရီးရဲမက်ဒရစ်အသင်းသည် စပါးစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းအား လာမည့် နွေရာသီဈေးကွက်ကာလအတွင်း ခေါ်ယူရေးအတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀၀ ဖြင့် ကမ်းလှမ်းရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ ရီးရဲအသင်းတာဝန်ရှိသူများက အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းအား ရီးရဲအသင်း၏ အဓိကကစားသမားတစ်ဦးဖြစ်သူ ခရစ္စတီယာနိုရော်နယ်ဒို၏နေရာကို ဆက်ခံနိုင်သူအဖြစ် ယူဆထားသည်။

ပေါ်တူဂီကစားသမား ရော်နယ်ဒိုသည် ယခုနှစ် ဘောလုံးရာသီတွင် ပုံမှန် ဂိုးသွင်းစွမ်းရည်ရရှိရန် ရုန်းကန်နေရခြင်းကြောင့် အသင်းတာဝန်ရှိသူများက အနာဂတ်တွင် ရော်နယ်ဒို၏နေရာကို အစားထိုးရန်အတွက် ကြိုတင်စီစဉ်နေခြင်းဖြစ်သည်။ အသက် ၃၄ နှစ်အရွယ်ရှိ ရော်နယ်ဒိုသည် ၂၀၁၇-၁၈ ခုနှစ် ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်းအတွက် စပိန်လာလီဂါပွဲ သုံးပွဲ ပါဝင်ကစားပြီးချိန်၌ ဂိုးသွင်းယူနိုင်ခြင်းမရှိသေးပေ။ သို့သော်လည်း ရော်နယ်ဒိုသည် ယခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲတွင်မူ လေးဂိုးသွင်းယူထားသူဖြစ်သည်။

သို့သော်လည်း စပါးအသင်းအနေဖြင့်မူ အသင်း၏ အကောင်းဆုံးကစားသမားတစ်ဦးဖြစ်သူ တိုက်စစ်မှူး ဟယ်ရီကိန်းအား အသင်း၏ ကွင်းသစ်သို့ မပြောင်းရွှေ့မီတွင် ရောင်းချရန်ဆန္ဒမရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ထို့အပြင် စပါးအသင်းပိုင်ရှင် ဒန်နီယယ်လေဗီကလည်း တိုက်စစ်မှူး ဟယ်ရီကိန်းအား ရောင်းချမည်ဆိုပါက ပြီးခဲ့သည့်နွေရာသီဈေးကွက်ကာလအတွင်းတွင် ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီသို့ ပြောင်းရွှေ့သွားသူ တိုက်စစ်မှူး နေမာ၏ ပြောင်းရွှေ့ကြေးနီးပါးရရှိရန် လိုလားနေသည် ဟု ဆိုသည်။

အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းသည် စပါးအသင်းနှင့် ၂၀၂၂ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသူဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီတွင် စပါးအသင်းအတွက် စုစုပေါင်း ကိုးပွဲ ပါဝင်ကစားပြီးချိန်တွင် ၁၁ ဂိုးအထိ သွင်းယူထားနိုင်သူဖြစ်သည်။

**အောင်ထက်**

## ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲ

### သောကြာနေ့ (၆-၁၀-၁၇)

| | | | | | |
|---|---|---|---|---|---|
| ည | ၁၀း၃၀ | | ဂျော်ဂျီယာ | - | ဝေလ |
| နံနက် | ၁း၁၅ | (စနေနံနက်) | ဩစတြီးယား | - | ဆားဘီးယား |
| နံနက် | ၁း၁၅ | (စနေနံနက်) | အိုင်ယာလန် | - | မော်လ်ဒိုဗာ |
| နံနက် | ၁း၁၅ | (စနေနံနက်) | အီတလီ | - | မက်ဆီဒိုးနီးယား |
| နံနက် | ၁း၁၅ | (စနေနံနက်) | လီချင်စတိန်း | - | အစ္စရေး |
| နံနက် | ၁း၁၅ | (စနေနံနက်) | စပိန် | - | အယ်ဘေးနီးယား |
| နံနက် | ၁း၁၅ | (စနေနံနက်) | ခရိုအေးရှား | - | ဖင်လန် |
| နံနက် | ၁း၁၅ | (စနေနံနက်) | တူရကီ | - | အိုက်စလန် |
| နံနက် | ၁း၁၅ | (စနေနံနက်) | ကိုဆိုဗို | - | ယူကရိန်း |

### စနေနေ့ (၇-၁၀-၁၇)

| | | | | | |
|---|---|---|---|---|---|
| ည | ၁၀း၃၀ | | ဆွီဒင် | - | လက်ဇင်းဘတ် |
| ည | ၁၀း၃၀ | | ဖာရိုကျွန်းစု | - | လတ်ဗီးယား |
| ည | ၁၀း၃၀ | | ဘော့စနီးယား | - | ဘယ်ဂျီယံ |
| ည | ၁၀း၃၀ | | ဂျီဘရော့တာ | - | အက်စတိုးနီးယား |
| နံနက် | ၁း၁၅ | (တနင်္ဂနွေနံနက်) | ဘီလာရုစ် | - | ဟော်လန် |
| နံနက် | ၁း၁၅ | (တနင်္ဂနွေနံနက်) | ဘူလ်ဂေးရီးယား | - | ပြင်သစ် |
| နံနက် | ၁း၁၅ | (တနင်္ဂနွေနံနက်) | အန်ဒိုရာ | - | ပေါ်တူဂီ |
| နံနက် | ၁း၁၅ | (တနင်္ဂနွေနံနက်) | ဆွစ်ဇာလန် | - | ဟန်ဂေရီ |
| နံနက် | ၁း၁၅ | (တနင်္ဂနွေနံနက်) | ဆိုက်ပရပ်စ် | - | ဂရိ |

### တနင်္ဂနွေနေ့ (၈-၁၀-၁၇)

| | | | | | |
|---|---|---|---|---|---|
| ည | ၁၀း၃၀ | | ဒိန်းမတ် | - | ရိုမေးနီးယား |
| ည | ၁၀း၃၀ | | ကာဇက်စတန် | - | အာမေးနီးယား |
| ည | ၁၀း၃၀ | | ပိုလန် | - | မွန်တီနီဂရိုး |
| ည | ၁၀း၃၀ | | လစ်သူယေးနီးယား | - | အင်္ဂလန် |
| ည | ၁၀း၃၀ | | ဆလိုဗက်ကီးယား | - | မော်လ်တာ |
| ည | ၁၀း၃၀ | | ဆလိုဗေးနီးယား | - | စကော့တလန် |
| နံနက် | ၁း၁၅ | (တနင်္လာနံနက်) | ချက် | - | ဆန်မာရီနို |
| နံနက် | ၁း၁၅ | (တနင်္လာနံနက်) | ဂျာမနီ | - | အဇာဘိုင်ဂျန် |
| နံနက် | ၁း၁၅ | (တနင်္လာနံနက်) | နော်ဝေ | - | မ/အိုင်ယာလန် |

### တနင်္လာနေ့ (၉-၁၀-၁၇)

| | | | | | |
|---|---|---|---|---|---|
| နံနက် | ၁း၁၅ | (အင်္ဂါနံနက်) | မော်လ်ဒိုဗာ | - | ဩစတြီးယား |
| နံနက် | ၁း၁၅ | (အင်္ဂါနံနက်) | ဆားဘီးယား | - | ဂျော်ဂျီယာ |
| နံနက် | ၁း၁၅ | (အင်္ဂါနံနက်) | ဝေလ | - | အိုင်ယာလန် |
| နံနက် | ၁း၁၅ | (အင်္ဂါနံနက်) | အယ်ဘေးနီးယား | - | အီတလီ |
| နံနက် | ၁း၁၅ | (အင်္ဂါနံနက်) | မက်ဆီဒိုးနီးယား | - | လီချင်စတိန်း |
| နံနက် | ၁း၁၅ | (အင်္ဂါနံနက်) | အစ္စရေး | - | စပိန် |
| နံနက် | ၁း၁၅ | (အင်္ဂါနံနက်) | ဖင်လန် | - | တူရကီ |
| နံနက် | ၁း၁၅ | (အင်္ဂါနံနက်) | ယူကရိန်း | - | ခရိုအေးရှား |
| နံနက် | ၁း၁၅ | (အင်္ဂါနံနက်) | အိုက်စလန် | - | ကိုဆိုဗို |

# တိုင်းရင်းသားဘာသာ ဆရာ ဆရာမများကို နေ့စားလစာပေးဝန်ထမ်းများအဖြစ် ခန့်ပေးမည်

**မော်လမြိုင် အောက်တိုဘာ ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် လက်ရှိ တိုင်းရင်းသားစာပေ ဘာသာစကားများ သင်ကြားနေသော တိုင်းရင်းသား ဘာသာသင် ဆရာ ဆရာမများအား တစ်လကျပ် ၃၀၀၀၀ ထောက်ပံ့ကြေးပေးနေရာမှ နေ့စားလပေး ဆရာ ဆရာမများအဖြစ် ခန့်ထားနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နေသည်ဟု သိရသည်။

တိုင်းရင်းသားစာပေ ဘာသာစကား သင်ကြားနေသော ဆရာ ဆရာမများသည် ပညာရေးဝန်ကြီးဌာနတွင် နေ့စားလပေးများအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်လိုပါက သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်မှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတစ်ဦးဦး သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ဝန်ကြီးတစ်ဦးဦး၏ ထောက်ခံစာနှင့်အတူ အောက်တိုဘာ ၃၁ ရက်အရောက် လျှောက်လွှာများကိုပေးပို့ရမည်ဖြစ်သည်။

လျှောက်ထားသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည့်အပြင် လက်ရှိတွင် ပညာရေးဝန်ကြီးဌာန တိုင်းဒေသကြီး/ပြည်နယ်များရှိ အခြေခံကျောင်းများတွင် သက်ဆိုင်ရာ တိုင်းရင်းသားစာပေ ဘာသာ သင်ကြားနေသူ၊ ကျန်းမာရေးကောင်းမွန်သူ၊ သတ်မှတ်ထားသော ကျောင်းစာသင်ချိန် စည်းကမ်းအတိုင်း လိုက်နာကျင့်သုံး သင်ကြားနိုင်သူများ ဖြစ်ရမည်ဖြစ်သည်။

"တိုင်းရင်းသားစာပေသင်ကြားရေးကို တိုင်းရင်းသားတွေက လိုလားမှုရှိနေပါတယ်။ အရင်က တစ်ရက်ကို တစ်ချိန်စာနဲ့ တစ်လ ၃၀၀၀၀ ထောက်ပံ့ကြေးပေးနေရာကနေ ပြီးခဲ့တဲ့ရက်ပိုင်းက နေ့စားလပေးအဖြစ် ခန့်ပေးမယ်ဆိုပြီး စာထွက်လာတယ်။ ထောက်ပံ့ကြေးပေးတာထက်စာရင် ပိုခိုင်မာလာတယ်၊ ပိုကောင်းလာတယ်ပြောရမှာပါ။ နောက်ပြီးရင် အမြဲတမ်းဝန်ထမ်း ဖြစ်သွားမှာပဲလေ။ တိုင်းရင်းသားတွေက တရားဝင်စာသင်ကြားခွင့်ရပြီး မိမိတို့စာပေကို ပိုပြီးမြှင့်တင်ချင်စိတ်တွေရှိကြပါတယ်"ဟု မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောအောင်မြင့်ခိုင်က ပြောသည်။

မွန်ပြည်နယ်တွင် မွန်၊ စကောကရင်၊ အရှေ့ပိုးကရင်၊ ပအိုဝ်း စသည့် တိုင်းရင်းသားဘာသာ စာပေ လေးမျိုးကို သင်ကြားပေးလျက်ရှိပြီး ပြည်နယ်တစ်ခုလုံးတွင် ကျောင်းပေါင်း ၅၇၃ ကျောင်း၊ ကျောင်းသားဦးရေ ၄၃၀၉၃ ဦးနှင့် သင်ကြားရေး ဆရာ ဆရာမ ၁၂၆၅ ဦးရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ စက်တင်ဘာလကုန်အထိ ရယူထားသော အချက်အလက်များအရ သိရသည်။ **မြတ်မွန်ထွေး**

# နိုင်ငံခြားသားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ လေကြောင်း၊ ရေကြောင်း ဝင်ပေါက်များမှ ဝင်ရောက်ကြသည့်အပြင် နယ်စပ်ဝင်/ထွက်ပေါက်များမှတစ်ဆင့် ကိုယ်ပိုင်မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့်လည်း စဉ်ဆက်မပြတ် ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Traventure ကုမ္ပဏီလီမိတက်၏ စီစဉ်မှုဖြင့် အိန္ဒိယနိုင်ငံသားခရီးသွားဧည့်သည် နှစ်ဦးသည် ဆိုင်ကယ်ဖြင့် စက်တင်ဘာ ၁၉ ရက်က တမူးနယ်စပ်ဝင်ပေါက်မှ ဝင်ရောက်ပြီး တမူး-ဂန့်ဂေါ-ပုဂံ-နေပြည်တော်-ကျိုက်ထီးရိုး-မြဝတီ ခရီးစဉ်တစ်လျှောက် လှည့်လည်ပတ်ခဲ့ကြကာ စက်တင်ဘာ ၂၆ ရက်တွင် အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။ ဗြိတိန်နိုင်ငံသား ခရီးသွားဧည့်သည် နှစ်ဦးသည်လည်း ၎င်းတို့၏ ကိုယ်ပိုင်ကားဖြင့် စက်တင်ဘာ ၂၄ ရက်တွင် မြဝတီနယ်စပ်ဝင်ပေါက်မှတစ်ဆင့် မြန်မာနိုင်ငံသို့ဝင်ရောက်ပြီး မြဝတီ-ရန်ကုန်- ပုဂံ-ကလေး-တမူးခရီးစဉ်များသို့ သွားရောက်လှည့်လည်ပတ်ခဲ့ကာ စက်တင်ဘာ ၂၈ ရက်တွင် တမူးနယ်စပ်ဂိတ်မှတစ်ဆင့် အိန္ဒိယနိုင်ငံ မိုရေးသို့ ဆက်လက်ထွက်ခွာခဲ့သည်။

ထို့အပြင် ဩစတြေးလျနိုင်ငံသား ခရီးသွားဧည့်သည် ၁၉ ဦးသည်လည်း စက်တင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့်ရောက်ရှိပြီး စက်တင်ဘာ ၁၆ ရက်မှ ၂၃ ရက်အထိ RV KhaByooPandaw အပျော်စီးရေယာဉ်ဖြင့် ရန်ကုန်-မန္တလေး-ဟုမ္မလင်း-ခန္တီး-ဟုမ္မလင်း-သောင်ထွင့်-သယောင်း-ဖောင်းပြင်-စစ်သောင်-ခဝဲ-ယုဝ-ကင်းတပ်-မော်လိုက်-ကလေးဝ-ကလေး-မန္တလေး-ရန်ကုန် ခရီးစဉ်ကို သွားရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။**(သတင်းစဉ်)**

# လမ်းမကြီးပြိုကျပျက်စီးသည့်နေရာတွင် သစ်သားတိုင်များစိုက်ထူပြီး မြေသားဖြည့်ကာ မြေထိန်းနံရံပြုလုပ်

**ကျောက်ထု အောက်တိုဘာ ၅**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသတွင် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက မိုးများ အဆက်မပြတ်ရွာသွန်းခဲ့သည့်အတွက် ကျောက်ထုမြို့နှင့် ပခုက္ကူခရိုင် ပေါက်မြို့ကို ဆက်သွယ်သည့် ပြည်ထောင်စု လမ်းမကြီးပေါ် မိုင်တိုင်အမှတ် (၇၄/၁) နှင့် (၇၄/၂)ကြား လမ်းကွေ့နေရာ၌ လမ်းအလျားပေ ၄၅၀ ၊ အကျယ်ပေ ၇၀ ခန့် မြေသားအိကျပျက်စီးခဲ့ရာ ထိုနေရာတွင် မော်တော်ယာဉ်များ ပုံမှန်သွားလာနိုင်ရန်အတွက် ဆည်မြောင်းဦးစီးဌာနက သစ်သားတိုင်များစိုက်ထူပြီး မြေသားများဖြည့်၍ မြေထိန်းနံရံ ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ မြေထိန်းနံရံပြုလုပ်နေသည့်နေရာကို ဆောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်တို့ပါဝင်သည့်အဖွဲ့သည် အောက်တိုဘာ ၃ ရက်က သွားရောက်ကြည့်ရှုခဲ့ပြီး ကျောက်ထုမြို့ ဆည်မြောင်းဦးစီးဌာနမှူး ဦးစိုးမင်းက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပွင့်လင်းရာသီတွင် အဆိုပါလမ်းကွေ့ကို လမ်းဖြောင့်အဖြစ် ဖောက်လုပ်ရန် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များသည် ကျောက်ထုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းကာ ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ တိုးတက်မြင့်မားရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(၁၀၁)**



# ရေကြီးနစ်မြုပ်ခဲ့သောကျေးရွာများမှ ရေတွင်းများ ကလိုရင်းရေသန့်စင်ဆေးများ အခမဲ့ထည့်ပေး

**ကနီ အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်း ချင်းတွင်းမြစ်ကမ်းဘေးတစ်လျှောက်ရှိ မြစ်ရေဝင်ရောက်ခဲ့သော ကျေးရွာများမှ ရေတွင်းများတွင် ရေသန့်စင်ဆေး(Clorine)မှုန့်များကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအဖွဲ့က ကျေးရွာများအရောက် အောက်တိုဘာ ၃ ရက်က ကွင်းဆင်း၍ အခမဲ့ထည့်ပေးခဲ့ကြောင်းသိရသည်။

"ကျွန်မတို့ဌာနအနေနဲ့ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေး အဆင်ပြေစေဖို့ ဆောင်ရွက်နေသလို အခုလို မြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့သော ကျေးရွာများမှ ရေတွင်းများကို ပြည်သူများ သန့်ရှင်းစွာအသုံးပြုနိုင်စေရေးအတွက် ယခုလို ရေသန့်စင်ဆေး ကလိုရင်းမှုန့်များ အခမဲ့ ထည့်ပေးတာဖြစ်ပါတယ်။ ကနီမြို့နယ်မှာ ကျေးရွာပေါင်း ၂၃ ရွာကို ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့တာကြောင့် ရေဝင်တဲ့ကျေးရွာများကို ကျွန်မတို့ဌာနမှ ဝန်ထမ်းများက အဖွဲ့ခွဲပြီး ကျေးရွာများအထိ အခမဲ့သွားရောက်ထည့်ပေးခဲ့ခြင်း ဖြစ်ပါတယ်"ဟု ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးအေးသက်က ပြောသည်။

**သန်းဌေးအောင်(ကနီ)**



# ရေးမြို့နယ်အတွင်း၌ အခွန် ကျပ်ခြောက်သန်းခန့် ပိုမိုကောက်ခံရရှိ

**ရေး အောက်တိုဘာ ၅**

မွန်ပြည်နယ် ရေးမြို့နယ်၌ ၂၀၁၆-၂၀၁၇ အတွင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ကောက်ခံရရှိမှုမှာ ပြီးခဲ့သော ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်ကထက် ကျပ် ခြောက်သန်းခန့် ပိုမိုကောက်ခံရရှိထားကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ သိရသည်။

"ရေးမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အခွန်ငါးမျိုးထဲမှာ အခွန်ကောက်ခံရငွေ ကျပ်သန်းပေါင်း ၄၀၀ ကျော်ခန့်ရရှိပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်က အခွန်ငွေ ကျပ် ၃၉၃ သန်းကျော်သာ ရရှိလို့ ပြီးခဲ့တဲ့နှစ်ထက် ခြောက်သန်းလောက် ပိုမိုခဲ့ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနဲ့ ကုန်စည်ရောင်းဝယ်ရေးကဏ္ဍတွေမှာ ပြီးခဲ့တဲ့နှစ်ထက် အခွန်ငွေ ပိုမိုကောက်ခံရတဲ့အတွက် ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်ကထက် အခွန်ငွေတိုးတက်လာခြင်းဖြစ်ပါတယ်"ဟု မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းနိုင်က ပြောကြားသည်။

နိုင်ငံတော်အခွန်ငွေ တိုးပွားစေရန်အတွက် ဝင်ငွေပြည့်မီသူတိုင်း အခွန်ပေးဆောင်ခြင်းအားဖြင့် ဝင်ငွေအခွန်များကို ပိုမိုကောက်ခံရရှိပြီးမှသာလျှင် နိုင်ငံတော်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

# စိုက်ပျိုးရေးမှိုထက် သဘာဝမှိုများကို လူကြိုက်ပိုများပြီး ဈေးနှုန်းမြင့်တက်လျက်ရှိနေ

**ညောင်ဦး အောက်တိုဘာ ၅**

ညောင်ဦးမြို့နယ်အတွင်း ကျေးလက်တောရွာများ၌ ယခုရက်ပိုင်းတွင် သဘာဝမှိုများကို အများဆုံးတွေ့ရှိရသော်လည်း ဈေးကွက်အတွင်း၌ ထိုသဘာဝမှိုများက စိုက်ပျိုးရေးမှိုများထက် ပို၍ဈေးကောင်းရကာ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရသည်။

မှိုဟင်းချက်စားသူအများစုအနေဖြင့် စိုက်ပျိုးရေးမှိုထက် သဘာဝမှိုကို ပိုကြိုက်ကြကြောင်း မှိုရှာ၍ ရောင်းချကြသူများထံမှ သိရသည်။ ထို့ကြောင့် စိုက်ပျိုးရေးမှို တစ်ပိဿာလျှင် ကျပ်လေးထောင်ခန့် ဈေးနှုန်းရှိနေချိန်တွင် သဘာဝမှိုက တစ်ပိဿာလျှင် ရှစ်ထောင်ကျပ်ဈေးနှုန်းအထိ ရှိနေသော်လည်း ဈေးကြီးသော သဘာဝမှိုကိုသာ ဝယ်ယူစားသောက်ကြသူများပြားကာ ဈေးသက်သာသော စိုက်ပျိုးရေးမှိုများမှာ အနည်းငယ်ပင် အရောင်းအအေးနေကြောင်း သိရသည်။

"အခုရက်ပိုင်းမှာ ကျွန်တော်တို့စိုက်ပျိုးရေးမှို အရောင်းအအေးနေတယ်။ သဘာဝမှိုတွေ အဝင်များလာတယ်။ ဒါပေမယ့် ကျွန်တော်တို့မှိုက ဟိုတယ်တွေကို နေ့စဉ်ပို့ရတယ်။ ကျွန်တော်တို့ ဆီကမှိုတွေကို တစ်ပိဿာ လေးထောင်ကျပ်နဲ့ ဖောက်သည်ပေးဝယ်တယ်။ ဖောက်သည်ကတစ်ဆင့် ဟိုတယ်နဲ့ စားသောက်ဆိုင်တွေကိုပို့တယ်။ မှိုရောင်းဈေးကွက်ကတော့ အမြဲတမ်းရှိပေမယ့် ဈေးကောင်းတော့မရဘူးဖြစ်နေတယ်။ ဒီရာသီရောက်ရင် ကြားပေါက်ဝယ်စားသူနည်းသွားတယ်။ နှစ်တိုင်းလည်း သဘာဝမှိုပေါတဲ့ ဒီလိုသီတင်းကျွတ်၊ တန်ဆောင်မုန်းလတွေဆိုရင် ကြားပေါက်မှို ဝယ်စားသူ နည်းတတ်တယ်။ စားသုံးသူတွေက ဒီရာသီရောက်ရင် စိုက်ပျိုးရေးမှိုထက် သဘာဝမှိုကိုသာ ဈေးကောင်းပေးပြီး ဝယ်စားကြတယ်"ဟု ညောင်ဦးမြို့မှ မှိုအမြဲတမ်းစိုက်ပျိုးသူ ဦးမင်းညွန့်က ပြောသည်။



ညောင်ဦးမြို့ဈေးကွက်၌ လက်ရှိအချိန်တွင် သဘာဝမှိုများ ပေါများနေသော်လည်း ထိုမှိုများမှာ အလွယ်တကူ ရှာတွေ့ခြင်းမရှိဘဲ မှိုရှာသူများမှာ ချုံနွယ်ပိတ်ပေါင်းများထဲတွင် ဝင်ရောက်ရှာဖွေကြရသည်။ သဘာဝမှိုများမှာ နှစ်စဉ်ပေါက်နေကျနေရာများတွင်သာ ပေါက်လေ့ပေါက်ထရှိသည်။ အချို့ဆိုလျှင် တမင်မှိုရှာထွက်သော်လည်း မတွေ့တတ်ဘဲ တွေ့ချင်လျှင်လည်း ယာလုပ်သွားရင်း လယ်အလုပ်သွားရင်းနှင့်ပင် တွေ့တတ်သည်။ မှိုတစ်ကျင်းတွေ့ပြီဆိုလျှင် ငါးဆယ်ကျပ်သားမှ လေးပိဿာ၊ ငါးပိဿာခန့်အထိ ရတတ်သည်။ **ကျော်ဌေး(ညောင်ဦး)**

# ရေဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းမှသည် ပျက်စီးဆုံးရှုံးမှုကြီးမှ လွတ်မြောက်ခြင်းဆီသို့

**ချင်းတွင်းသား**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက မကြုံစဖူး စံချိန်တင်ရေကြီးရေလျှံမှုဖြစ်ပွားကာ ကြီးမားသောပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့မှုကို သင်ခန်းစာယူ၍ ပျက်စီးဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် ကလေးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ စနစ်တကျ ဦးဆောင်စီမံခန့်ခွဲမှုဖြင့် ရေဘေးကယ်ဆယ်ရေးဗုန်ငါးဗုန်မှ တာဝန်ကျဌာနဆိုင်ရာများ၊ ရေဘေးအန္တရာယ်ကယ်ဆယ်ရေးစခန်း တာဝန်ကျဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်သည့် ရေဘေးကြိုတင်ကာကွယ်ရေးကော်မတီများ ဖွဲ့စည်းခဲ့သည်။

ထိုကော်မတီများနှင့် ကလေးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ NGO နှင့် CSO အဖွဲ့အစည်းများ ပူးပေါင်း၍ ဗုန်အလိုက် ခွဲကာ နေ့စဉ်စောင့်ကြည့်ခြင်း၊ နေ့စဉ် မြစ်သာမြစ်ရေနှင့် ချင်းတွင်းမြစ်ရေတိုင်းထွာချက်များ၊ ရာဇဂြိုဟ်ရေလှောင်တမံ၊ မြစ်သာရေလှောင်တမံနှင့် မိုးလေဝသအခြေအနေတို့ကို သတင်းထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့အပြင် သဘာဝဘေး ရုတ်တရက်ကျရောက်လာပါက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများအဖြစ် လူမှုရေးနှင့် ကျန်းမာရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ရေဘေးသင့်ပြည်သူများအား ချက်ချင်းရေလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအတွက် စက်လှေများဖြင့် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့သည့်အပြင် ရေဘေးအန္တရာယ်ကာကွယ်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုကို ကြိုတင်ကာကွယ်မှုအနေဖြင့် ကလေးမြို့နယ် ရေလဲဦးကျေးရွာနှင့် ဖောင်ကူးကျေးရွာတို့၌ ဇူလိုင်လနောက်ဆုံးပတ်အတွင်းက ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ကလေးဒေသတွင် မိုးရွာသွန်းမှု များပြားသည့်အချိန်၊ ကလေးဒေသနှင့် ဆက်စပ်လျက်ရှိသော ချင်းပြည်နယ်တွင်လည်း မိုးရွာသွန်းမှုများပြားသည့်အချိန်နှင့် ချင်းတွင်းမြစ်ရေမြင့်တက်ချိန်တို့ ကိုက်ညီပါက ကလေးမြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားမည်မှာ အသေအချာပင်ဖြစ်ရာ အထူးသဖြင့် ဇူလိုင်လမှ စက်တင်ဘာလအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားတတ်သည်။ ဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်သည့် အဆိုပါကျေးရွာ နှစ်ရွာသည် ရေကြီးရေလျှံမှုကို ကြုံတွေ့ရနိုင်သောကျေးရွာများဖြစ်သည်။ ၂၀၁၅ ခုနှစ်က ရေကြီးရေလျှံမှုကြောင့် ရွာလုံးကျွတ်ရေနစ်မြုပ်သည့် ကျေးရွာများတွင်လည်း ထိုကျေးရွာနှစ်ရွာပါဝင်ပြီး ပျက်စီးဆုံးရှုံးမှုများကို ကြီးမားစွာကြုံတွေ့ခဲ့သော ကျေးရွာများဖြစ်ခဲ့သည်။

ကလေးမြို့နယ်၏ထူးခြားချက်မှာ တမူးခရိုင်နှင့် ချင်းပြည်နယ်တို့ဆုံရာ စီးပွားရေးအချက်အချာကျသည့်မြို့ဖြစ်ပြီး ရေကြီးရေလျှံမှုဖြစ်ပွားပါက ကုန်စည်စီးဆင်းမှုလမ်းကြောင်းများကို ပြတ်တောက်စေခြင်းကြောင့် ယင်းကဲ့သို့ မဖြစ်ပွားအောင်၊ ကလေးမြို့၏ သာယာလှပမှုများကိုလည်း မပျက်စီးအောင်၊ ကလေးဒေသနေပြည်သူများအတွက်လည်း ထိခိုက်နစ်နာဆုံးရှုံးမှု မရှိရလေအောင် အချိန်နှင့်တစ်ပြေးညီ ကြိုတင်ကာကွယ်မှုများကို ပြုလုပ်ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ သဘာဝရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုသည် အချည်းအနှီးသက်သက်မဖြစ်ခဲ့ပေ။ ကလေးမြို့နယ်တွင် စက်တင်ဘာ ၁၇ ရက်မှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် စိုးရိမ်ရေမှတ်အထက် ကျော်လွန်သည်အထိ ချင်းတွင်းမြစ်ရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားသော ပြည်သူများမှာ ပျက်စီးဆုံးရှုံးမှုအနည်းဆုံး အခြေအနေဖြင့် မိမိတို့ကျေးရွာများမှ ရွှေ့ပြောင်းနိုင်ခဲ့သည်။ မြစ်ရေမြင့်တက်လာမှုကြောင့် အိမ်ခြေ ၂၁၄၉ အိမ်၊ အိမ်ထောင်စု ၂၂၄၁ စုမှ အမျိုးသား ၄၈၆၁ ဦး၊ အမျိုးသမီး ၅၃၃၇ ဦးတို့အား ရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ၂၂ ခုအထိ ဖွင့်လှစ်ပြီး အစိုးရအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကူညီနေရာချထားပေးခဲ့ကြရသည်။

ရေကြီးရေလျှံချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကလေးခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ ရေဘေးရှောင်ပြည်သူများနှင့်ရေဘေးဖြစ်ရာ နေရာများသို့ သွားရောက်ကြည့်ရှုပြီး ရေဘေးပြန်လည်ထူထောင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ကလေးခရိုင် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀၀ ကို တာဝန်ရှိသူတို့ထံသို့ပေးအပ်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနကလည်း ကလေးမြို့နယ်အတွင်း ရေဘေးရှောင်ပြည်သူအိမ်ထောင်စု ၂၂၄၁ စုမှ လူဦးရေ ၁၀၁၉၈ ဦးတို့အတွက် တစ်ဦးလျှင် ခုနစ်ရက်စာဆန်ရိက္ခာဖိုးငွေကျပ် ၂၁၀၀ နှုန်းစီဖြင့် ဆန်ရိက္ခာဖိုးငွေ ကျပ် ၂၁၄ သိန်းကျော်ကို ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းအသီးသီးသို့ သွားရောက်၍ လိုက်လံပေးအပ်ခဲ့ကြသလို ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ကလည်း အိမ်ထောင်စုတစ်စုလျှင် ကြက်ဥငါးလုံးနှင့် ခေါက်ဆွဲခြောက် ငါးထုပ်စီ ထောက်ပံ့ပေးခဲ့သည့်အပြင် လူမှုရေးအသင်းအဖွဲ့နှင့် ဘာသာရေးအသင်းအဖွဲ့များမှ စေတနာရှင်၊ အလှူရှင်များကလည်း ထမင်းထုပ်များ၊ ရေသန့်ဘူးများ၊ အချိုရည်ဘူးများ စသည်တို့ကို တတ်စွမ်းသမျှ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

**ကလေးဒေသ မြေနိမ့်ပိုင်းရှိ ရေဘေးရှောင်ပြည်သူများ ဒုက္ခပင်လယ်ဝေနေသော အချိန်တွင် ပြည်သူများအပါအဝင် အစိုးရဌာနဆိုင်ရာများ၊ နယ်မြေခံတပ်မတော်သားများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘာသာရေးအသင်းအဖွဲ့များ၏ ကူညီလှူဒါန်းမှုများကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ယင်းကယ်ဆယ်ရေးသမားများသည် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအပြင် မြို့ရွာသန့်ရှင်းရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း စုဖွဲ့မှုကောင်းကောင်းဖြင့် လိုအပ်သည့်အချိန်များ၌ လျှပ်တစ်ပြက်အတွင်း အင်တိုက်အားတိုက် အချိန်အတော်ကြာကြာ လုပ်ဆောင်ပေးနိုင်သည့် အဖွဲ့အစည်းများလည်းဖြစ်သည်**

“ကလေးမြို့ကတော့ နှစ်စဉ်နှစ်တိုင်းလိုလို ရေကြီးပါတယ်။ အခုရေကြီးတာက ၂၀၁၅ ခုနှစ်လောက်ကလိုတော့ အပျက်အစီး၊ ဆုံးရှုံးမှုတော့ မရှိပါဘူး။ လွန်ခဲ့တဲ့ လေး၊ငါးနှစ်တုန်းကဆိုရင် တော်တော်ရေကြီးခဲ့တယ်။ အခုကတော့ ရေကြီးပေမယ့် အပျက်အစီး၊ အသေအပျောက်ရှိတယ်လို့ မကြားပါဘူး။ အခုလည်း ရေဘေးသင့်ပြည်သူတွေကို အစိုးရ၊ လူမှုအဖွဲ့အစည်းတွေက ကယ်ဆယ်ရေးစခန်းတွေကို အလျင်အမြန် ပြောင်းရွှေ့ပေးခဲ့ပါတယ်။ ပြီးတော့ ပြည်သူတွေကို ကျန်းမာရေးဆိုင်ရာအကူအညီ၊ အစားအသောက်တွေကိုလည်း အစိုးရက ကူညီထောက်ပံ့ပေးထားပါတယ်။ အခုမိုးမရွာတော့ဘဲ ရေကျပြီဆိုတော့ ရေဘေးသင့်ပြည်သူတွေလည်း နေအိမ်ပြန်တဲ့အတွက် ကယ်ဆယ်ရေးစခန်းတွေ ပိတ်နေကြပြီ။ စက်တင်ဘာ ၂၁ ရက်နေ့က ရေကြီးတာ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ခဲ့ပေမယ့် အခုတော့ ပြန်ကျသွားတဲ့အတွက် စိုးရိမ်စရာမရှိတော့ပါဘူး”ဟု ကလေးမြို့ ဒေသခံ ဦးငြိမ်းချမ်းအောင်က ပြောသည်။

ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် အခြေခံပညာကျောင်း ၁၀ ကျောင်းကိုလည်း ပိတ်ထားခဲ့ရာမှ စက်တင်ဘာ ၂၄ ရက်မှစတင်ကာ မြစ်သာမြစ်ရေ ပြန်လည်လျော့ကျလာသဖြင့် ပိတ်ထားသောကျောင်း ၁၀ ကျောင်းကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ရေကြီးမှုကြောင့် ပျက်စီးသွားသောလမ်းပိုင်းအချို့ကိုလည်း ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာဌာနမှတာဝန်ရှိသူများက စက်ယန္တရားကြီးများ အသုံးပြု၍ အချိန်နှင့်တစ်ပြေးညီပြီးစီးအောင် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ- အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်သည့် ကလေး- ကလေးဝ- တမူးလမ်းနှင့် အာရှပတ်လမ်းမကြီးပေါ်တွင် တင်ကျန်ရစ်သော ရွှံ့နွံအမှိုက်သရိုက်များနှင့် နုန်းများကို ကလေးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးခဲ့ကြသည်။

ထို့အပြင် ရေဝင်ရောက်ခဲ့သော ကလေးမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ အဝီစိတွင်းများ၊ လက်တူးရေတွင်းများနှင့် တုံကင်ရေတွင်းများ ပျက်စီးမှုနှင့် ရွှံ့နွံများပိတ်ဆို့မှုတို့အတွက်လည်း သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ပြုပြင်ဆောင်ရွက်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ကာ ပြည်သူများ၏ကျန်းမာရေးအတွက် အဓိကကျသည့် သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၏ အင်အားနှင့် သက်ဆိုင်ရာရွှေ့ပြောင်းရေးတာဝန်ကျဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍လည်း ရေတွင်းရေကန်များတွင် ကလိုရင်းဆေးများ ခတ်ပေးခြင်းတို့ကို ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအဖြစ် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါရေကြီးရေလျှံမှုနှင့် ချောင်းရေ၊ မြစ်ရေကြီးမှုဖြစ်ပွားခဲ့ခြင်းကြောင့် ကလေးမြို့နယ် အနောက်မြောက်လမ်းမပေါ်ရှိ ဆည်ကြီးကြိုးတံတား ချဉ်းကပ်လမ်း ချောင်းရေတိုက်စား၍ ပျက်စီးခြင်း၊ နတ်တံခါးကြိုးတံတား ချောင်းရေတိုက်စား၍ ပျက်စီးမျောပါခြင်း၊ အောင်မြင်သာကျေးရွာ သစ်သားတံတား ထက်ဝက်ခန့်ကျိုးပြတ်၍ ချောင်းရေထဲမျောပါခြင်းအပြင် ကလေးမြို့နယ်တောင်ပိုင်းရှိ နန်းကသည်းချောင်းနံဘေး မြောက်စည်းကျေးရွာ ကျောက်စီမြေထိန်းနံရံ ချောင်းရေတိုက်စားမှုကြောင့် ကျိုးပဲ့ပျက်စီးခြင်းနှင့် မြန်မာ-အိန္ဒိယချစ်ကြည်ရေးလမ်းမပေါ်ရှိ တမူးခရိုင် ခမ်းပတ်မြို့နှင့် ကနန်ကျေးရွာကြား ကနန်ဘေလီတံတား ချောင်းရေတိုက်စားခြင်းတို့ကြောင့် ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်။




အဆိုပါပျက်စီးသည့်နေရာများတွင်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်း၍ လူနှင့်ဆိုင်ကယ်များ ဖြတ်သန်းသွားလာနိုင်ကြရန် ယာယီကြိုးတံတား၊ ဝါးတံတားများကို အမြန်တည်ဆောက်ခဲ့ကြရာ ကလေးမြို့နယ်အတွင်း ကျေးရွာများမှ ဒေသခံပြည်သူများအတွက် လတ်တလောအနေဖြင့် သွားလာရေးအခက်အခဲမှာ ပြေလည်သွားပြီဖြစ်သည်။

ကလေးဒေသတွင် ရေကြီးရေလျှံမှုဖြစ်ပွားရခြင်း အကြောင်းရင်းမှာ ချင်းပြည်နယ်မှရွာသွန်းသမျှ မိုးရေ၊ မြစ်ရေ၊ ချောင်းရေ အားလုံးသည် ကလေးမြို့နယ်အတွင်းသို့ အလုံးအရင်းဖြင့် စုစည်းပေါင်းဆုံ ဝင်ရောက်လာခြင်းကြောင့်ဖြစ်သည်။ ချင်းပြည်နယ်၏အရှေ့ဘက်ခြမ်းမှ ရွာသွန်းသော မိုးရေ၊ ချောင်းရေများသည် နေရဉ္စရာမြစ်မှတစ်ဆင့် ကလေးမြို့သို့လည်းကောင်း၊ ချင်းပြည်နယ်မြောက်ပိုင်းမှရွာသွန်းသော မိုးရေ၊ ချောင်းရေများသည် မဏိပူရမြစ်မှတစ်ဆင့် မြစ်သာမြစ်နှင့်ပေါင်းစည်းကာ ကလေးမြို့သို့လည်းကောင်း၊ ကလေးမြို့တောင်ဘက်ခြမ်းတွင် ရွာသွန်းသော မိုးရေ၊ ချောင်းရေများသည် တောင်မှမြောက်သို့စီးဆင်းလျက်ရှိသော မြစ်သာမြစ်မှတစ်ဆင့် ကလေးမြို့သို့လည်းကောင်း စီးဝင်ကြရာ ချောင်းရေမြစ်ရေများဆုံရာ ကလေးဒေသတွင် ရေကြီးရေလျှံမှုအန္တရာယ်ဖြင့် ရင်ဆိုင်ကြုံတွေ့နေရခြင်းဖြစ်သည်။

ယခုကဲ့သို့ ကလေးဒေသ မြေနိမ့်ပိုင်းရှိ ရေဘေးရှောင်ပြည်သူများ ဒုက္ခပင်လယ်ဝေနေသောအချိန်တွင် ပြည်သူများအပါအဝင် အစိုးရဌာနဆိုင်ရာများ၊ နယ်မြေခံတပ်မတော်သားများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘာသာရေးအသင်းအဖွဲ့များ၏ ကူညီလှူဒါန်းမှုများကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ယင်းကယ်ဆယ်ရေးသမားများသည် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအပြင် မြို့ရွာသန့်ရှင်းရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း စုဖွဲ့မှုကောင်းကောင်းဖြင့် လိုအပ်သည့်အချိန်များ၌ လျှပ်တစ်ပြက်အတွင်း အင်တိုက်အားတိုက် အချိန်အတော်ကြာကြာ လုပ်ဆောင်ပေးနိုင်သည့် အဖွဲ့အစည်းများလည်းဖြစ်သည်။ ထိုဆောင်ရွက်မှုများနှင့် လှူဒါန်းမှုများအတွက် မြန်မာတို့၏ သဒ္ဒါတရား ထက်သန်မှုမှာလည်း အံ့သြရလောက်သည့်အထိပင်ဖြစ်သည်။ မြန်မာလူမျိုးများသည် အရေးကြီးလျှင်သွေးနီးပြီး အရေးကြုံလာလျှင် လက်ပိုက်ကြည့်မနေတတ်သည့်လူမျိုးများဖြစ်သည်။ ယခုနှစ်၌လည်း ကလေးဒေသ ရေဘေးဖြစ်သည့်ဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် ပိုမိုထင်ရှားစေသည်။

အချုပ်အားဖြင့်ဆိုသော် သဘာဝဘေးဆိုသည်မှာ အတိုင်းအတာတစ်ခုအထိသာ ကြိုတင်ကာကွယ်၍ ရနိုင်သည်ဖြစ်ပြီး အချို့နေရာများတွင် ကြိုတင်ကာကွယ်၍ မရနိုင်သည့် အခြေအနေများဖြင့်လည်း ရင်ဆိုင်ကြုံတွေ့ရတတ်သည်။ ယခုနှစ် မိုးရာသီကာလတွင် ဖြစ်ပွားသော ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် ကလေးဒေသတွင် ထိခိုက် ပျက်စီးဆုံးရှုံးမှု ကြီးကြီးမားမား မရှိခဲ့သော်လည်း အရေးကြုံလျှင် ကူညီတတ်သည့် မြန်မာလူမျိုးများ၏ နဂိုပင်ရင်းအခံစိတ်ထားကောင်းမွန်မှုကို လက်တွေ့ပြသရာ ရောက်ပါသည်။

ကလေးဒေသသည် မြေပြန့် လွင်ပြင်ကျယ်ကြီးတွင် တည်ရှိနေခြင်း၊ ချင်းပြည်နယ်၏ ဝင်ပေါက်/ ထွက်ပေါက်နေရာတွင် တည်ရှိခြင်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ ကောင်းမွန်ခြင်း၊ ရိဒ်နယ်စပ်ကုန်သွယ်ရေးနှင့် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းများ၏ အဓိကကျောထောက်နောက်ခံမြို့ဖြစ်နေခြင်း၊ ဒေသခံပြည်သူများ၏ ကြီးပွားလိုစိတ်ပြင်းပြခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စဉ်ဆက်မပြတ် အနီးကပ်ကြီးကြပ်ခြင်းများကြောင့် သဘာဝဘေးကြုံရသော်လည်း ကြံ့ကြံ့ခံ တွန်းလှန်နိုင်ကာ မူလအနေအထားထက် ပိုမိုတိုးတက်သည့် မြို့ပြနှင့် ကျေးလက်ဒေသများအဖြစ် မြင်တွေ့ရဖွယ်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



# ပျက်စီးနေသည့် ရဲတပ်ဖွဲ့အဆောက်အအုံ ၁၂၆ လုံးကို ပြုပြင်မည်



**မကွေး အောက်တိုဘာ ၅**
မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်နှင့် ကျေးလက်များမှ ရဲစခန်းများ၊ ရဲကင်းများနှင့် ရဲမိသားစုနေအိမ် လိုင်းခန်း အဆောက်အအုံများအနက် အဆိုးရွားဆုံးပျက်စီးနေသည့် အဆောက်အအုံ ၁၂၆ ခုကို တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

တိုင်းဒေသကြီး တစ်ခုလုံးတွင် ရဲတပ်ဖွဲ့အဆောက်အအုံပေါင်း ၁၀၀၀ ကျော်ရှိကာ ပြုပြင်ရန်လိုအပ်သော အဆောက်အအုံ အရေအတွက်မှာ ထက်ဝက်ကျော်ရှိကြောင်း သိရသည်။ အဆိုပါ အဆောက်အအုံများအနက် အဆိုးရွားဆုံး ပျက်စီးနေသည့် အဆောက်အအုံ ၁၂၆ လုံးကို ပြန်လည်ပြုပြင်မည်ဖြစ်ကာ ပြုပြင်ရန်အတွက် ရန်ပုံငွေ ကျပ်သိန်း ၂၀၀၀ ကျော်ကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ချထားပေးပြီးဖြစ်ကြောင်း သိရသည်။

ပြုပြင်သွားမည့် အဆောက်အအုံများမှာ မကွေးတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့ရုံးနှင့် အကူရုံးတွင် အဆောက်အအုံ ၁၁ လုံး၊ မကွေးခရိုင်အတွင်း၌ အဆောက်အအုံ အလုံး ၂၀၊ မင်းဘူးခရိုင်အတွင်း၌ အဆောက်အအုံ ၄၃ လုံး၊ ပခုက္ကူခရိုင်အတွင်း၌ အဆောက်အအုံ ၂၄ လုံး၊ သရက်ခရိုင်အတွင်း၌ အဆောက်အအုံ ၁၇ လုံးနှင့် ဂန့်ဂေါခရိုင်အတွင်း၌ အဆောက်အအုံ ၁၁ လုံးဖြစ်သည်။

ပြုပြင်မည့် ထိုအဆောက်အအုံ ၁၂၆ လုံးကို မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်မောင်အေးနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၃ ရက်မှစ၍ လိုက်လံစစ်ဆေးမှုများပြုလုပ်လျက်ရှိပြီး အဆိုပါ အဆောက်အအုံအားလုံးကို လုပ်ငန်းစတင်ချိန်မှစ၍ ငါးလအတွင်း အပြီးအစီး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဇေယျ**

# ဒယ်အိုးဆရာတော်ဦးဆောင်သော ပရဟိတအဖွဲ့များ ပုဂံဒေသတွင် ဒုတိယအကြိမ် သန့်ရှင်းရေး ဆောင်ရွက်မည်



**ပထမအကြိမ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သော ပရဟိတအဖွဲ့ဝင်များ**

**ညောင်ဦး အောက်တိုဘာ ၅**
ဆရာတော် ဉူးသုမင်္ဂလ(ဒယ်အိုး ဆရာတော်) ဦးဆောင်သော ရှင်းသန့်မြင့်စေ ပုဂံမြေ ပရဟိတ လူမှုကူညီရေး အသင်းအဖွဲ့များ စုပေါင်း၍ ပုဂံညောင်ဦး ဈေးဟောင်း ယဉ်ကျေးမှုနယ်မြေဒေသရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများနှင့် ဘုရား စေတီပုထိုးများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၁၅ ရက်တွင် ဒုတိယအကြိမ်မြောက်အဖြစ်လာရောက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပုဂံသို့လာသော ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေးအတွက် ဆရာတော်ဦးဆောင်သော ပရဟိတအဖွဲ့များအနေဖြင့် စက်တင်ဘာလအတွင်းကလည်း ပထမအကြိမ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ပုဂံညောင်ဦး ဘုရားများ၌ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယခုအခါ ဒုတိယအကြိမ်မြောက် ထပ်မံလာရောက်ပြီး သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သန့်ရှင်းရေးဆောင်ရွက်ရာတွင် ပါဝင်မည့် ပုဂံမြို့ မြင်းကပါကျေးရွာ ဖြူစင် မေတ္တာ(ရေ/သွေး)အလှူတော်အသင်းမှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

“ပြီးခဲ့တဲ့ အခေါက်တုန်းကတော့ ကျွန်တော်တို့ မြင်းကပါကျေးရွာက မနူဟာဘုရားကနေပြီး ပုဂံမြို့သစ်အထိ လမ်းတစ်လျှောက်မှာရှိတဲ့ ဘုရား စေတီပုထိုးတွေကို အမှိုက်သယ်ယာဉ်များ အသုံးပြုပြီး လူအင်အား ၁၅၀ ခန့်နဲ့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ အခု ဒုတိယအကြိမ်မှာလည်း သန့်ရှင်းရေးလုပ်ငန်းတွေ ပထမအကြိမ်ထက် ပိုပြီးဆောင်ရွက်နိုင်အောင် ဆရာတော် ဉူးသုမင်္ဂလက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းအတွက် ပရဟိတအဖွဲ့တွေ လိုက်ပါဆောင်ရွက်နိုင်အောင် ကြိုတင်ပြီး အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပုဂံညောင်ဦးမြို့မှာရှိတဲ့ ပရဟိတအဖွဲ့တွေကလည်း ဆရာတော်နဲ့အတူ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းတွေမှာ လိုက်ပါဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါ့ကြောင့် အခု ဒုတိယအကြိမ်မှာတော့ ပရဟိတအဖွဲ့တွေ ပိုများလာဖို့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ကိုယ့်နယ်မြေ ဒေသမှာရှိတဲ့ ဘုရားစေတီပုထိုးတွေ သန့်ရှင်းသာယာလှပစေဖို့ အခုလိုမျိုး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းတွေမှာ လိုက်ပါဆောင်ရွက်ခွင့်ရလို့ အလွန်လည်း ပီတိဖြစ်ပါတယ်”ဟု ဖြူစင်မေတ္တာ (ရေ/သွေး) အလှူတော်အသင်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဇော်ပွေးက ပြောသည်။
**ရဲဝင်းနိုင် (ညောင်ဦး)**

**ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် ကောင်းမှုကျေးရွာတွင် ဆိုလာစနစ်ဖြင့် ရွာလုံးကျွတ်မီးလင်းရေး ဆောင်ရွက်ရန်အတွက် ကျေးရွာရှိအိမ်ခြေပေါင်း ၈၆ လုံးသို့ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်း ၈၆ စုံကို ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကိုက အောက်တိုဘာ ၃ ရက်က ပေးအပ်နေစဉ်** (နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျေးရွာလုံးကျွတ် ဆိုလာလျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်းဖြစ်ကာ ထိုနေ့မှစ၍ပင် အိမ်ထောင်စုများအတွက် ဆိုလာပြားများ လိုက်လံတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။)
**မောင်မောင်နိုင်(ကျိုင်းတုံ)**



# ပုပ္ပားတောင်ဥယျာဉ် သဘာဝနယ်မြေ စီမံအုပ်ချုပ်လုပ်ကိုင်မှု မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဥယျာဉ် သဘာဝနယ်မြေ စီမံအုပ်ချုပ်လုပ်ကိုင်မှု အထောက်အကူပြုကော်မတီ၏ မြို့နယ်အဆင့် အလုပ်ရုံ ဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးဝင်းကိုကိုက အမှာစကားပြောကြားပြီး ပုပ္ပားတောင်ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် စီမံကိန်း၏ ရည်ရွယ်ချက်များကို BANCA အဖွဲ့မှ စီမံကိန်းမန်နေဂျာက ရှင်းလင်းတင်ပြပြီး ကော်မတီအဖွဲ့ဝင်များနှင့် ကျေးရွာကိုယ်စားလှယ်များက ဒေသတွင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြကာ BANCA အဖွဲ့မှ တာဝန်ရှိသူများနှင့် ပုပ္ပားတောင်ဥယျာဉ် အုပ်ချုပ်ရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် ဒေသတွင်း သဘာဝသယံဇာတ ပျက်စီးမှု အခြေအနေ လေ့လာချက်ကို တင်ပြခြင်း၊ အကြံပြုချက်နှင့် ဖြေရှင်းရမည့်နည်းလမ်းများ ရှာဖွေခြင်းတို့ကို တက်ရောက်လာသည့် ကော်မတီဝင်များ၊ ကျေးရွာကိုယ်စားလှယ်များနှင့် ပုပ္ပားတောင်ချစ်သူများအသင်း တာဝန်ရှိသူများကအဖွဲ့ငယ်များစုဖွဲ့၍ စုပေါင်းအဖြေရှာ ဆွေးနွေးကြပြီး အဖွဲ့အလိုက် အကြံပြုချက်များကို ဆွေးနွေးတင်ပြ ခဲ့ကြကာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပုပ္ပားတောင်ဥယျာဉ်အုပ်ချုပ်ရေးမှူးတို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုကော်မတီဝင် ဌာနဆိုင်ရာများ၊ ပုပ္ပားတောင်ချစ်သူများအသင်း၏ နာယကဆရာတော် ဦးယုဇနနှင့် အသင်းတာဝန်ရှိသူများ၊ BANCA အဖွဲ့မှ တာဝန်ရှိသူများ၊ ပုပ္ပားတောင်ဥယျာဉ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **နေအောင်(ပြန်/ဆက်)**



# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယအကြိမ်ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၅**
တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃ ရက်က တောင်ကြီးမြို့ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အစည်းအဝေးတွင် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားပြီးတောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၁၇)မှ ဆုံးဖြတ်ချက်များကို အခမ်းအနားမှူးက ဖတ်ကြားသည်။ ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းကော်မတီအလိုက် ဝင်ရောက်ဆွေးနွေးရာလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ ဖွင့်ပွဲ/ပိတ်ပွဲ ကျင်းပရေးကော်မတီ၊ မီးပုံးပျံပြိုင်ပွဲကျင်းပရေးကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးကော်မတီ၊ ပြန်ကြားရေးမှတ်တမ်းတင်ရေးနှင့် ဖိတ်ကြားရေးကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ မီးပဒေသာလှည့်လည်ပြိုင်ပွဲကျင်းပရေးကော်မတီ၊ မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ဆက်ကပ်ရေး၊ ဆုချီးမြှင့်ရေးနှင့် ဆွမ်းဆက်ကပ်ရေး လုပ်ငန်းကော်မတီ၊ ဖျော်ဖြေရေးနှင့် ပြပွဲ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးနှင့် သန့်ရှင်းမှုကြီးကြပ်ရေးလုပ်ငန်းကော်မတီ၊ မြို့လုံးကျွတ်မဟာဘုံကထိန်ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီ၊ ဆုချီးမြှင့်ပွဲအခမ်းအနားပြင်ဆင်ကျင်းပရေးနှင့် ဧည့်ခံကျွေးမွေးရေးကော်မတီ စသည့်ကော်မတီအသီးသီးမှ ဆွေးနွေးတင်ပြကြပြီး ဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။
**မောင်မောင်သန်း(တောင်ကြီး)**

# မူးယစ်ဆေးဝါး... 

# မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြော

**နေပြည်တော် အောက်တိုဘာ ၅**
နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာမှ ဒေသခံပြည်သူများအား မှုခင်း ကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်၏ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည့် အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ သိကောင်းစရာများ၊ မှုခင်းကျဆင်းရေးအတွက် ပြည်သူများအနေဖြင့် သိရှိလိုက်နာသင့်သောအချက်များ၊ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းဆောင်ရွက်မှုများ စသည်တို့ကို ဟောပြောပြီး ဒုရဲအုပ်ဇော်လင်းထက်က မှုခင်းမဖြစ်ပွားရေးအတွက် ရဲတပ်ဖွဲ့ကလှည့်ကင်း ရပ်ကင်း ဆောင်ရွက်နေမှု အခြေအနေများကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများအား ရှင်းလင်းဟောပြောခဲ့သည်။ **ကိုကိုရှူပ(နေပြည်တော်)**

## သတင်းတိုများ

### မြစိမ်းရောင်စီမံကိန်း ငွေစာရင်းရေးသွင်းနည်းသင်တန်းဖွင့်

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များအတွက် ငွေစာရင်းရေးသွင်းနည်းသင်တန်းကို အောက်တိုဘာ ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။ သင်တန်းတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာ ၁၂ ရွာဖြစ်သည့် ရွှေပန်းငူ၊ မီးသွေးတိုက်(ရှေ့)၊ ရင်ဆိုင်၊ ရောင်ပစ်ကွင်း၊ ရုံးတော၊ ကျီးအိုင်၊ ဒေါင့်ကွေး၊ ပိန်းမြောင်ကြီး၊ ဘုရားကြီးကုန်း၊ ကျားကိုက်ချောင်း၊ ကောက်ကြီးကုန်းနှင့် ရေခလုတ်ကျေးရွာတို့မှ ကော်မတီဝင် ၈၅ ဦးအား စီမံကိန်း ငွေစာရင်းရေးသွင်းနည်းဆိုင်ရာများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်ဇော်နှင့် ဝန်ထမ်းများက ပို့ချပေးခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

### ရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုးက မှူခင်းများကို စွမ်းစွမ်းတမံဖော်ထုတ်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များအား ဆုများချီးမြှင့်ခဲ့ကာ အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲအရာရှိများ၊ အခြားအဆင့်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့မိသားစုဝင်များ တက်ရောက်ခဲ့သည်။ **သန့်ဇော်(ပြန်/ဆက်)**

### စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ဘုရားငူကျေးရွာအုပ်စု လဖော့ပင်ကျေးရွာရှိ မိုးစပါးစိုက်ဧက ၁၉၅ ဧကအတွင်းသို့ စုပေါင်းငါးမျိုးစိုက်ထည့်ပွဲကို အောက်တိုဘာ ၁ ရက်က ပြုလုပ်ခဲ့သည်။ ငါးမျိုးစိုက်ထည့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကို၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက တီလားပီးယားနှင့် ငါးခုံးမကြီး ကောင်ရေ ၉၇၅၀၀ ကို စပါးစိုက်ခင်းများအတွင်းသို့ စုပေါင်းမျိုးစိုက်ထည့်ခဲ့ကြသည်။ **ကိုမင်း(မိုးညို)**

# ခေတ်မီစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသောစံပြကွက်ကို ရခိုင်ပြည်နယ်မှတောင်သူများ လာရောက်လေ့လာ

**မင်းဘူး အောက်တိုဘာ ၅**

မင်းဘူး(စကု)မြို့နယ်အတွင်း၌ တောင်သူများ မိရိုးဖလာစိုက်ပျိုးနေသည့် စိုက်နည်းစနစ်များအစား ခေတ်မီတိုးတက်လာသည့် စိုက်ပျိုးနည်းစနစ်များနှင့် ပြောင်းလဲစိုက်ပျိုးလျက်ရှိရာ ထိုသို့ ပြောင်းလဲစိုက်ပျိုးထားသော ခေတ်မီစိုက်နည်းစနစ် စံပြကွက်များကို ရခိုင်ပြည်နယ် မြေပုံကျေးရွာမှ တောင်သူများ၊ မင်းပြား၊ မြေပုံနှင့် မြောက်ဦးခရိုင်မှ စိုက်ပျိုးရေးဝန်ထမ်းများ၊ International Rescue Committee(IRC)မှ ဝန်ထမ်းများပါဝင်သော အဖွဲ့က အောက်တိုဘာ ၄ ရက်က လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ လေ့လာသူများအဖွဲ့အား မင်းဘူးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းနိုင်ဝင်းက သိမ်ကုန်းစိုက်ပျိုးရေးစခန်း ခန်းမတွင် တွေ့ဆုံပြီး SRI စပါးစိုက်ပျိုးမှုစနစ်၊ တိုက်ရိုက်မျိုးစေ့ချ(Seeder) စိုက်ပျိုးမှုစနစ်၊ သဘာဝမြေဩဇာပြုလုပ်နည်း၊ အပင်ပြုစုထိန်းသိမ်းနည်းစနစ်များ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများကို စက်ပစ္စည်းများဖြင့် သရုပ်ပြရှင်းလင်းကာ တောင်သူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဇင်ကျေးရွာ ကွင်းအမှတ်(၁၁၉၂)ရှိ တောင်သူဦးသောင်းဌေးစိုး၏ လယ်မြေတွင် SRI ပျိုးသက်နုစိုက်စနစ်၊ Seeder ဖြင့် မျိုးစေ့ချစိုက်စနစ်၊ ကြဲပက်စနစ်၊ ပေါင်ပျိုးစနစ်များဖြင့် မိုးစပါးစိုက်နည်းစနစ် လေးမျိုး စံပြကွက်စိုက်ပျိုးထားရှိမှုကို လက်တွေ့ပြသရှင်းလင်းပြီး တောင်သူများ အနေဖြင့် အထွက်နှုန်းတိုးတက်ကောင်းမွန်သည့်မျိုးနှင့် စိုက်နည်းစနစ်များ ပြောင်းလဲ စိုက်ပျိုးကြရေး တိုက်တွန်းပြောကြားခဲ့သည်။

**ဖိုးပြည့်(မင်းဘူး)**



# အရှေ့တောင်အာရှ ဗီဒီယိုပွဲတော်(SEAPJ)အတွက် ပြိုင်ပွဲဝင်များ ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၅**

အရှေ့တောင်အာရှဒေသတွင်း ကလေးသူငယ်ဆိုင်ရာ ဗီဒီယိုပြိုင်ပွဲအစီအစဉ်တစ်ခုဖြစ်သည့် South East Asia Prix Jeunesse Video Festival (SEAPJ) ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် နိုဝင်ဘာလအတွင်း ပထမဆုံးအကြိမ် ကျင်းပသွားမည် ဖြစ်သည်။ ပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ အပျော်တမ်းအဆင့်(အသက် ၁၈ နှစ်အထက်)၊ ကလေးသူငယ်အဆင့် (အသက် ၁၈ နှစ်အောက်)ဟု အဆင့်သုံးဆင့် ခွဲခြားထားပြီး ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး သတ်မှတ်ထားကာ SEAPJ ပြိုင်ပွဲကို Pride in self, Pride in Family, Pride in Traditions ခေါင်းစဉ်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများတွင် ပညာရှင်အဆင့်ပြိုင်ပွဲဝင်သူများသည် ရုပ်သံ Channel တစ်ခုခုတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ပြသထားပြီးဖြစ်သည့် မိနစ် ၃၀ ထက်မပိုသော ကလေးသူငယ်ဆိုင်ရာ Video Clips များကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ရွေးချယ်ခံရပါက ၁၅ မိနစ်စာ ပြန်လည်တည်းဖြတ်တင်ပြရမည်ဖြစ်ကြောင်း သိရသည်။ အပျော်တမ်းအဆင့် ပြိုင်ပွဲဝင်များသည် အသက် ၁၈ နှစ်အထက်ရှိရမည်ဖြစ်ပြီး ရုပ်/သံလွှင့် လုပ်ငန်းများတွင် လုပ်ကိုင်နေသူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း၊ ထို့အပြင် ပြည်တွင်း(သို့မဟုတ်)နိုင်ငံတကာ ဗီဒီယိုပြိုင်ပွဲများတွင် အသိအမှတ်ပြု ဆုရရှိဖူးသည့် ဗီဒီယိုများ ထပ်မံ ယှဉ်ပြိုင်ခွင့်မရှိဘဲ ၁၅ မိနစ်ထက်မပိုသည့် ကလေးသူငယ်ဆိုင်ရာ ဗီဒီယိုကလစ်များဖြင့်သာ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ကလေးသူငယ်အဆင့် ပြိုင်ပွဲကို အသက် ၈ နှစ်မှ ၁၇ နှစ် အတွင်းရှိသူ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ကြာမြင့်ချိန် ၅ မိနစ်ထက်မပိုသည့် ကလေးသူငယ်ဆိုင်ရာ ရုပ်သံအစီအစဉ်၊ ဗီဒီယိုကလစ်များကို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင် ဗီဒီယိုကလစ်များအတွက် ရိုက်ကူးထုတ်လုပ်မှု ၇၅ ရာခိုင်နှုန်းကို ပြိုင်ပွဲဝင်သူကိုယ်တိုင် ပြုလုပ်ရမည်ဖြစ်ပြီး Post Production အပိုင်းတွင် ပညာရှင်များနှင့် ကျွမ်းကျင်သူများ၏ အကူအညီ တောင်းခံနိုင်ကြောင်း၊ နောက်ဆုံးအဆင့်အထိ ရွေးချယ်ခံရပါက အစီအစဉ်ထုတ်လုပ်မှုလုပ်ငန်းစဉ်(Production Process) တစ်ခုလုံးကို ရှင်းပြနိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင် ဗီဒီယိုများသည် Resolution မြင့်မားရန်လိုအပ်ပြီး Video Format အနေဖြင့် mp4, avi or mpeg တို့ဖြင့် ပေးပို့နိုင်ကြောင်း၊ ဗီဒီယိုအမျိုးအစားအနေဖြင့် Documentary, Animation, Comedy, Drama, Biographies, Shorts, MTVs စသည့် အမျိုးအစားများဖြင့် ယှဉ်ပြိုင်နိုင်ကြောင်း၊ မိမိနိုင်ငံမှ ကလေးသူငယ်များ၏ အပြုအမူ၊ လှုပ်ရှားမှုအားလုံးကို ဖော်ပြနိုင်ကြောင်း၊ မိမိနိုင်ငံ၏ အထင်ကရနေရာများ၊ ဘာသာရေးပွဲတော်များကိုလည်း ထည့်သွင်းဖော်ပြနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်သူအားလုံးသည် ဗီဒီယိုများကို မိုဘိုင်းဖုန်း၊ ဒီဂျစ်တယ်ကင်မရာ၊ တက်ဘလက်၊ ဗီဒီယိုကင်မရာ စသည့် Professional မဟုတ်သည့် ပစ္စည်းများနှင့်လည်း ရိုက်ကူးထုတ်လုပ်နိုင်ပြီး လူ့အခွင့်အရေးကြေညာစာတမ်းတွင်ပါဝင်သည့် အချက်အလက်များကို ချိုးဖောက်ပါက ပြိုင်ပွဲဝင်အဖြစ် လက်ခံမည်မဟုတ်ကြောင်း၊ ပြိုင်ပွဲဝင်သူအားလုံးသည် ဗီဒီယိုများကို မိမိသက်ဆိုင်ရာ ဘာသာစကားများဖြင့် ရိုက်ကူးနိုင်သော်လည်း ပဏာမရွေးချယ်ခံရပါက အင်္ဂလိပ်စာတန်းထိုး ပြုလုပ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်လျှောက်လွှာများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ပြည်လမ်း၊ ရန်ကုန်)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (နေပြည်တော်၊ တပ်ကုန်း)နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ၏အီးမေးလ် seapjmyanmar@gmail.com သို့ ဆက်သွယ်၍ ရယူနိုင်ပြီး ပြိုင်ပွဲဝင်လျှောက်လွှာများကို အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်)နှင့် နေပြည်တော် တပ်ကုန်းရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(နေပြည်တော်)၏ အီးမေးလ်သို့ဖြစ်စေ ပြန်လည်ပေးပို့ကာ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက www.seaprixjeunesse.com ဝက်ဘ်ဆိုက်တွင်လည်းကောင်း၊ ဖေ့စ်ဘုတ်စာမျက်နှာ Seapj myanmar တွင်လည်းကောင်း ဝင်ရောက်လေ့လာနိုင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(နေပြည်တော်)၊ ဖုန်း-၀၆၇ ၇၉၃၇၄ နှင့် အီးမေးလ် seapjmyanmar@gmail.com သို့လည်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ချင်းပြည်နယ်၏ ဒေသန္တရစီမံကိန်းများရေးဆွဲရာတွင် ယခင်နှစ်များထက်ပို၍တိုးတက်အောင် ရည်မှန်းချက်ထားမည်

**ဟားခါး အောက်တိုဘာ ၅**

လာမည့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ချင်းပြည်နယ်၏ ဒေသန္တရ စီမံကိန်းများရေးဆွဲရာတွင် ယခင်နှစ်များထက်ပို၍ ချင်းပြည်နယ်တစ်ခုလုံး၏ GDP တိုးတက်လာရေးအပြင် လူတစ်ဦးချင်းစီ၏ GDP ပါ တိုးတက်လာနိုင်ရေး ရည်မှန်းချက်ထားကာ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။



ချင်းပြည်နယ်၏မြို့တော် ဟားခါးမြို့မြင်ကွင်း

ချင်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်မှု အခြေအနေအရ ချင်းပြည်နယ်တွင် လူမှုစီးပွားဘဝအခြေအနေ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိလာကြောင်း၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် မတ်လကုန်အထိ ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ကျပ်သန်းပေါင်း ၂၇၇၉၉၁ ဒသမ ၄ ဖြစ်ပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း ၃၄၆၂၁၃ ဒသမ ၄ ဖြစ်၍ တိုးတက်ပြောင်းလဲမှုနှုန်းမှာ ၂၄ ဒသမ ၅ ရာခိုင်နှုန်းအထိဖြစ်ကြောင်း၊ ချင်းပြည်နယ်၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး GDP တိုးတက်မှုမှာ ပုံမှန်ဈေးနှုန်းများအရ ၁၆ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အဓိကအားသာချက်များအဖြစ် ဆောက်လုပ်မှုကဏ္ဍတွင် လမ်းတံတားများပြုပြင်မွမ်းမံခြင်း၊ လမ်းတာ တိုးချဲ့ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းများကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်ကထက် ၆၄ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိခြင်း၊ ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက်တပ်ဆင်ခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထက် ၃၀ ရာခိုင်နှုန်း တိုးတက်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ငွေရေးကြေးရေးကဏ္ဍတွင် ပုဂ္ဂလိကဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်လာခြင်း၊ မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ဆောင်မှုလုပ်ငန်းများပိုမို ချောမွေ့စွာ ဆောင်ရွက်လာနိုင်ခြင်း စသည်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထက် ၃၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် မိုဘိုင်းဖုန်းကွန်ရက်များ တိုးချဲ့တပ်ဆင်ခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထက် ၂၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက် ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု ကဏ္ဍတွင် ၁၁ ဒသမ ၆ ရာခိုင်နှုန်း၊ ကုန်သွယ်မှုကဏ္ဍတွင် ၅ ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ၅ ဒသမ ၈ ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍတွင် ၄ ဒသမ ၈ ရာခိုင်နှုန်း၊ သားငါးကဏ္ဍတွင် ၄ ဒသမ ၆ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ၄ ဒသမ ၁ ရာခိုင်နှုန်းနှင့် သတ္တုကဏ္ဍတွင် ၂ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးတိုးတက်မှုရရှိခဲ့သည်။

သို့သော် ချင်းပြည်နယ်အတွင်း သစ်ထုတ်လုပ်မှုရပ်ဆိုင်းထားသဖြင့် သစ်တောကဏ္ဍတွင် ၆၉ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး သဘာဝဘေးကြောင့် လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်မှု မရှိသေးခြင်းနှင့် တောင်ယာစိုက်ပျိုးသူနည်းပါးလာခြင်းကြောင့် လယ်ယာကဏ္ဍတွင်လည်း ၂ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။

ချင်းပြည်နယ်၏ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လူတစ်ဦးစီ၏ ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (Per Capita GDP)မှာ ငွေကျပ် ၅၇၆၃၅၇ ဖြစ်ပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်တွင် ငွေကျပ် ၇၀၇၃၉၈ ဖြစ်သည်။ ထို့ကြောင့် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၏ လူတစ်ဦးချင်း ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ အနည်းငယ်သာတိုးတက်လာကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ချင်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း အဆိုပြုချက်များ ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃ ရက်က ဟားခါးမြို့၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **နေစု(ချင်းရိုးမ)**

## ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးပြုလုပ်ပေး

**ဖာပွန် အောက်တိုဘာ ၅**

ကရင်ပြည်နယ် ဖာပွန်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးနှင့် NRC အဖွဲ့တို့ပူးပေါင်း၍ ကမမောင်းမြို့ကျေးရွာအုပ်စုနှစ်ခုအတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၀ နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စက်တင်ဘာနောက်ဆုံးပတ်အတွင်းက ငါးရက်တိုင်ကွင်းဆင်း၍ အခမဲ့ဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံသားစိစစ်ရေးကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဝင်းဇော်ဦး ဦးဆောင်သည့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကျောက်ကွင်းကျေးရွာအုပ်စုနှင့် ပုဇွန်မြောင်ကျေးရွာအုပ်စုအတွင်းရှိ မူလတန်းနှင့် မူလတန်းလွန်ကျောင်းများမှ ကျောင်းသားကျောင်းသူ ၄၄၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**လင်းသန့်(ကမမောင်း)**

# မင်းဘူး၌ ပုစွန်ခြောက်၊ ငါးခြောက်အဝင်နည်းကာ ဈေးနှုန်းများမြင့်တက်

**မင်းဘူး အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့သည် မင်းဘူး-အမ်းလမ်းမှတစ်ဆင့် ရခိုင်ဘက်မှ ဝင်ရောက်သော ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များကို လက်လီ၊ လက္ကားရောင်းချသော မြို့တစ်မြို့ဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်း၌ ပြုလုပ်သည့် အလှူပွဲများအတွက် မင်းဘူးမြို့မှ ငါးခြောက်၊ ပုစွန်ခြောက်များ လာရောက်ဝယ်ယူလေ့ရှိသည်။

ယခုအခါတွင် ရခိုင်ပြည်အရေးအခင်းများကြောင့် ရခိုင်ဘက်မှဝင်ရောက်သော ငါးခြောက်၊ ပုစွန်ခြောက်များအဝင်နည်းကာ ဈေးနှုန်းများမြင့်တက်နေကြောင်း ပုစွန်ခြောက်၊ ငါးခြောက်ရောင်းချသူတစ်ဦးထံမှ သိရသည်။ ယခင်နှစ်က ပုစွန်ခြောက်ကို ရခိုင်ပြည်ဘက်မှ မှာယူပြီး ငါးခြောက်များကို ရန်ကုန်ဘက်မှ မှာယူရောင်းချကြောင်း သိရသည်။

“ရခိုင်ဘက်က အခုဆိုရင် ပုစွန်ခြောက် လုံးဝမဝင်တဲ့အပြင် ပင်လယ်ကိုလည်း မထွက်ဖြစ်ကြတော့ဘူး။ ဒါကြောင့်ဈေးတွေတက်တာ။ ငါးခြောက်တွေလည်း ဒီအတိုင်းပဲ တစ်ပိဿာကို ငွေကျပ် ၅၀၀၀ နီးပါးစီလောက် အကုန်တက်တယ်”ဟု မင်းဘူးမြို့မဈေးအတွင်းမှ ပုစွန်ခြောက်၊ ငါးခြောက်ရောင်းဝယ်သူ ဒေါ်ညိုက ပြောသည်။

“ရခိုင်ဘက်က မှာလို့မရတော့ ရောဝတီတိုင်းဘက်ကထွက်တဲ့ ပုစွန်ခြောက်၊ ငါးခြောက်တွေကို ပွဲရုံကြီးတွေက တစ်ဆင့်ဝယ်ယူပြီး ပြန်ရောင်းပါတယ်။ အခုလို မိုးတွင်းဆိုရင် တောရွာတွေနဲ့ ရေနံမှော်တွေဘက်က အဝယ်များတယ်။ ရန်ကုန်ဘက်က တစ်ဆင့် မှာရောင်းရတော့ ဈေးတက်တယ်။ ဈေးများတော့ အရင်လောက် သိပ်မရောင်းရတော့ဘူး” ဟု ငါးခြောက်၊ ပုစွန်ခြောက်ရောင်းချသူတစ်ဦးထံမှ သိရသည်။



**မေသူလွင် (မကွေးကိုယ်ပွား)**

# စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်

**ပေါက် အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့၌ ဌာနဆိုင်ရာပေါင်းစုံပါဝင်သော ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို စက်တင်ဘာလ နောက်ဆုံးပတ်က ပေါက်-ပခုက္ကူကားလမ်းဟောင်းဘေးဝဲယာတွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်တို့၏ ဦးဆောင်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာပေါင်းစုံမှ ဝန်ထမ်းများ စုစုပေါင်း ၁၅၀ ကျော်တို့သည် ပေါက်-ပခုက္ကူကားလမ်းဟောင်းဘေးဝဲယာရှိ ချုံနွယ်၊ ပိတ်ပေါင်းများ၊ လျှပ်စစ်ဓာတ်ကြိုးနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကို မြို့နယ်လျှပ်စစ်ဝန်ထမ်းများနှင့်အတူ ရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်တိုး (ပေါက်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ။**





| ငွေဖြည့်ပမာဏ (ကျပ်) | ငွေဖြည့်ကတ်ဖြင့် အပိုဆု (ကျပ်) | E-Topup ဖြင့်အပိုဆု (ကျပ်) |
|---|---|---|
| ၅၀၀ | — | ၅၀ |
| ၁,၀၀၀ | ၁၀၀ | ၁၅၀ |
| ၃,၀၀၀ | ၄၅၀ | ၅၅၀ |
| ၅,၀၀၀ | ၁,၀၀၀ | ၁,၅၅၀ |
| ၁၀,၀၀၀ | ၂,၅၀၀ | ၄,၀၀၀ |

- MPT ၏ Prepaid စနစ်အသုံးပြုသော GSM / WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး သောကြာနေ့တိုင်းတွင် ဖုန်းငွေဖြည့်ပြီး ငွေဖြည့်အပိုဆု ရယူလိုက်ပါ။
- ငွေဖြည့်အပိုဆုကို MPT အချင်းချင်းဖုန်းခေါ်ဆိုခြင်းနှင့် SMS ပေးပို့ခြင်း ၊ သုံးသလောက် ကျသင့်မည့် အင်တာနက်အသုံးပြုခြင်းတို့အတွက် အသုံးပြုနိုင်ပါသည်။

ငွေဖြည့် အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday



San brotherhood

“စစ်ဆေး၊ စမ်းသပ် (အခမဲ့)”

Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို မြပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

Air-Con အဟောင်း၊ အပျက်များကို အသစ်နှင့် လဲလှယ်ပေးပါသည်။
တပ်ဆင်ပြီး 1HP-245000

1HP 300000 Ks
တပ်ဆင်ပြီးဈေးနှုန်း
(၃ နှစ်အာမခံ)

၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)

ပါဝင်သောပစ္စည်းများ

Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

“အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်”

FMI City (လှိုင်သာယာ) 709373, 09-5084831, 3682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 3681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316


## ကြော်ငြာစာ

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၈၁**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၁၃**
**(မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ-၂၈၁ အရ လွတ်ငြိမ်းချမ်းသာခွင့်ပြုရန် လျှောက်ထားသည့်အမှု)**

ခေတ်မီအဏ္ဏဝါစွမ်းအားကုမ္ပဏီလီမိတက် **လျှောက်ထားသူ**

MODERN MARINE POWER COMPANY LIMITED
(၎င်းကုမ္ပဏီ၏ ကိုယ်စားပြုတာဝန်ပေးအပ်ခြင်းခံရသူ
မန်နေဂျာ ဦးမျိုးမင်းလတ်)
အမှတ် ၅၉/၆၃၊ စတုတ္ထထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၅၉/၆၃၊ စတုတ္ထထပ်နေ ခေတ်မီအဏ္ဏဝါစွမ်းအားကုမ္ပဏီလီမိတက် MODERN MARINE POWER COMPANY LIMITED (၎င်းကုမ္ပဏီ၏ ကိုယ်စားပြုတာဝန်ပေးအပ်ခြင်းခံရသူ မန်နေဂျာ ဦးမျိုးမင်းလတ်) က ကုမ္ပဏီများအက်ဥပဒေအရ နှစ်ပတ်လည်အထွေထွေအရပ်ရပ်အစည်းအဝေးကို သတ်မှတ်ရက်ထက်ကျော်လွန် ကျင်းပခဲ့သဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၇၆(၁) ကို လိုက်နာရန် ပျက်ကွက်ခဲ့ခြင်းအတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၈၁ အရ လွတ်ငြိမ်းချမ်းသာခွင့်ပြုပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါလျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထား ဆိုင်ဆိုရန်သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၆ ရက် (၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်) နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် ယခုမိန့်ကြား ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော ခေတ်မီအဏ္ဏဝါစွမ်းအားကုမ္ပဏီလီမိတက်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်လိုက်သည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

ခရီးကြမ်းတစ်ခုသွားရာတွင်လမ်းပြကောင်းရှိပါကအခက်အခဲမရှိသောပျော်ရွှင်ဖွယ်ခရီးဖြစ်မည်။
ပညာသင်တို့အတွက် ရွှေလက်ဆောင်ရှိပါက တတ်သိနားလည် ထူးချွန်သည့် ဂုဏ်ထူးရှင်များဖြစ်မည်။
အခြေခံပညာ မူလတန်း/အလယ်တန်း/အထက်တန်း ကျောင်းသား/ကျောင်းသူများအတွက်
ကျောင်းသားအများဆောင်
ရွှေလက်ဆောင်
အတန်းစုံ / ဘာသာစုံ သင်ထောက်ကူမှတ်စုများနှင့် လေ့လာလေ့ကျင့်ရန် အမေးစုံ အဖြေစုံ
ပြည့်ပြည့်စုံစုံ သင်ရိုးကုန် စာအုပ်များ




အချက်အလက် ပြည့်စုံတိကျသော မှတ်စုများ
သိလွယ် တတ်လွယ်ရန် အထောက်အကူပြုရောင်စုံပုံများနှင့် ဖြည့်စွက်ဆက်စပ်ရောင်စုံပုံများ
လေ့ကျင့်ရန်မေးခွန်းပေါင်းများ
သိသင့် သိထိုက်သော အမေးများနှင့်အဖြေများ
စာမေးပွဲတွင် မေးနိုင်သည့် အမေးများနှင့်အဖြေများ
အခန်းလိုက် လေ့ကျင့်ခန်းပေါင်းများစွာတို့နှင့် အပိုအလိုမရှိ အကောင်းဆုံးပညာရေးလမ်းညွှန်



စာအုပ်ဆိုင်တိုင်းမှာ
ရွှေလက်ဆောင် ရှိနေပါတယ်

ကွန်ကရစ် အုတ်ရိုက်စက်
ခေတ်မီ မြန်မာ့အုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၄)အင်းလေး(၁)လမ်း၊ရန်(၂)တောင်ဒဂုံ

မာ်
SEVEN ၀
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံး၀ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

အောင်မင်္ဂလာ
အိမ်ခန်း၊ ရုံးခန်းများကို ကားနှင့်အတူ ကျွမ်းကျင် ဝန်ထမ်းများဖြင့် မြို့တွင်း နယ်ဝေး ပြောင်းရွှေ့ ဝန်ဆောင်ပေးပါသည်။
Ph:09 428 77 33 00
09 428 77 33 55
09 428 77 33 88

## ဖခင်အမည်မှန်

တန့်ဆည်မြို့ ရွှေသရဖူကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း တက္ကသိုလ်ဝင်တန်း (B)မှ မအိအိထွန်းနှင့် တန့်ဆည်မြို့နယ် အင်တိုင်း (၂) အလက(ခွဲ) ဆဋ္ဌမတန်းမှ မောင်ဇေယျာအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်း ၉/သပက(နိုင်)၀၂၆၉၀၁ ဖြစ်ပါကြောင်း။

ရွှေလမ်းခရီး
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
ကားဆိုဒ်စုံနှင့် လုပ်သားပါ ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855

## ဖခင်အမည်မှန်

ပဲခူးမြို့ EC ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (B) မှ မောင်ကောင်းမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဦး ၇/ပခန(နိုင်)၀၀၂၃၈၈ ဖြစ်ပါသည်။ **ဦးကျော်မင်းဦး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၄၉၂**

ဒေါ်နွဲ့နွဲ့သန်း နှင့် ဦးကျော်ရင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံတက္ကသိုလ်ဝင်း၊ ဝန်ထမ်းအိမ်ရာ၊ တိုက်(၂)၊ အခန်း(၁၁)နေ တရားပြိုင် ဦးကျော်ရင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၁ရက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူသည်တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သောင်းလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၁၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သုံးခွမြို့နယ်၊ ကတုံးပေါ်အလယ်ကျေးရွာနေ ဦးသန်းမြင့်နှင့် ဦးအောင်သန်းမြင့် ၁၂/သခန(နိုင်)၀၈၄၇၂၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ် အမက(၉) စတုတ္ထတန်း (B) မှ မသော်တာဝင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးဟန် (၁၂/မရက(နိုင်)၁၀၉၇၁၆) ဖြစ်ပါကြောင်း။ ဦးမျိုးဟန်

## အမည်ပြောင်း

ဦးကံကြီး၏သမီး တန့်ဆည်မြို့ ရွှေသရဖူကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း တက္ကသိုလ်တန်း(D)မှ မငြိမ့်စန္ဒီဦးအား မငြိမ်းစန္ဒီဦးဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့ အမှတ် (၅)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့ (၅)ရပ်၊ ဝိုင်းအကွက်အမှတ် (၁၂၁/၁၂၂/၁၂၃)၊ ဒေါက်တာဦးသန်းနိုင် ၉/ညဥန(နိုင်)၁၃၂၄၀၄ အမည်ပေါက် ဝိုင်းမြေကွက်အတွက် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင်ဝတ္တက မြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှအလှူတော်ငွေရပြေစာ စာရွက်ပျောက်ဆုံးသွားပါသဖြင့် အသစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူဒေါက်တာ ဦးသန်းနိုင်သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့ အမှတ် (၅)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့ (၅)ရပ်၊ ဝိုင်းအကွက်အမှတ် (၅၁၂/၅၁၃/၅၉၂/၅၉၃)၊ ဦးရဲမြင့် MPN-၁၅၇၃၃၂ အမည်ပေါက် ဝိုင်းမြေကွက်အတွက် ဦးဟန်စိုး ၁၂/လမန(နိုင်)၀၅၄၈၆၁ (ဘ)ဦးအေးမောင်+ဦးဝင်းကိုနိုင် ၉/ညဥန(နိုင်)၁၃၇၉၃၈ (ဘ)ဦးတင်လှိုင်တို့နှစ်ဦးမှ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့်ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက်အမည်ပြောင်း ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဦးဟန်စိုးနှင့် ဦးဝင်းကိုနိုင်တို့နှစ်ဦးသို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ဖခင်အမည်မှန်

တန့်ဆည်မြို့ ရွှေသရဖူကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း တက္ကသိုလ်ဝင်တန်း (D) မှ မနန်းခင်မွေး၏ ဖခင်အမည်မှန်မှာ ဦးအိုက်ခေါင် ၁၃/ကမန(နိုင်)၁၄၄၈၈၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တန့်ဆည်မြို့ ရွှေသရဖူကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မချယ်ရီငြိမ်း၏ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၅/တဆန(နိုင်)၀၃၅၉၆၁ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့ အမှတ် (၅)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့ (၅)ရပ်၊ ဝိုင်းအကွက်အမှတ်(၃၆၀)၊ ဦးကြီးလှPGN -၀၄၄၃၅၀ အမည်ပေါက် ဝိုင်းမြေကွက်အတွက် ဦးသန်းနိုင်ဦး ၈/မကန(နိုင်)၀၃၃၂၃၂ (ဘ)ဦးသန်းဌေးအောင်မှ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်အမည်ပြောင်း ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဦးသန်းနိုင်ဦးသို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမအထွေထွေမှုအမှတ် -၁၀၉**
**ဦးနီ ၇/ဓဥန(နိုင်)၀၆၂၈၂၉**
**အမှတ် ၅၂(ဘီ)၊ ရွှေယင်းမာလမ်း၊ (၁၃)ရပ်ကွက် လျှောက်ထားသူ**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

ကွယ်လွန်သူ ဦးကျော်ညွန့်၏ ကျန်ရစ်သော ပစ္စည်းများအပေါ် ဦးနီမှ အမွေထိန်းလက်မှတ်စာရရှိပြီးဖြစ်၍ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇ အရ စီမံခန့်ခွဲခွင့်ပြုပါရန် လျှောက်ထားမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက်၊ ကွက်သစ်လမ်း၊ အမှတ် ၅၄တွင် နေထိုင်ခဲ့ပြီး ကွယ်လွန်သူ ဦးကျော်ညွန့် ကျန်ရှိသော ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာရရှိထားသူ ဦးနီက အမွေထိန်းလက်မှတ်စာရရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇ ဒီ၊ မြေကွက်အမှတ် ၁၁၊ ဧရိယာ(ပေ ၃၀×၄၉ပေ ၆လက်မ) အကျယ်ရှိ နှစ် ၉၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်းအစရှိသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းစသည့် စီမံခန့်ခွဲခွင့်ပြုသည့်အမိန့် ချမှတ်ပေးပါရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇ အရ လျှောက်ထားလာသည်ဖြစ်၍ ဤအမှုကို ၂၀၁၇ခုနှစ်၊ အောက်တိုဘာ ၂၀ရက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ရက်) နံနက် ၁၀နာရီတွင် ကြားနာရန် ချိန်းဆိုထားသဖြင့် ကွယ်လွန်သူ ဦးကျော်ညွန့် ကျန်ရှိသောပစ္စည်းတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူမည်သူမဆို အမှုတွင် လာရောက်ရင်ဆိုင်လိုပါက အထက်ပါချိန်းဆိုထားသောနေ့ရက်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်ရန်နှင့် ယင်းသို့ ခွင့်ပြုမိန့်ထုတ်ပေးခြင်း မပြုမီ သက်ဆိုင်ရာ အမှုတွဲကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇နှင့်အညီ ဆင့်ဆိုလိုက်သည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းသန်းတင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၂)၊ ဦးပိုင်အမှတ် (၁၈)၊ မြေဧရိယာ ၀ ဒသမ ၁၄၀ဧကရှိ နေအိမ်မြေကွက်ကို မူလပိုင်ရှင် ဒေါ်ညွန့်မေထံမှ ၁၉၉၇ခုနှစ်တွင် နှစ်ဦးသဘောတူစာချုပ်ဖြင့် ဒေါ်နန်းမြအေး ၁/မကန(နိုင်)၀၂၀၀၇၀က ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပြီးဖြစ်သဖြင့် မြေငှားဂရန်အမည်ပေါက်အသစ်ရရှိရေးအတွက် ၁၁-၉-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်ဆိုလွှာ မှတ်ပုံတင်အမှတ်(၃၂၂/၂၀၁၇)ပြုဆိုတင်ပြလျက် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအားလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖခင်အမည်မှန်

တန့်ဆည်မြို့ ရွှေသရဖူကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း တက္ကသိုလ်ဝင်တန်း (B)မှ မဇာခြည်အောင်၏ဖခင်အမည်မှန်မှာ ဦးမြဆွေ ၅/တဆန(နိုင်)၁၀၁၀၁၃ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

တန့်ဆည်မြို့ ဘေရင်းအထက အဋ္ဌမတန်းမှ မောင်ဇော်နန်းဝေ၏ မိဘအမည်မှန်မှာ ဦးအောင်ကျော်မိုး ၅/တဆန(နိုင်)၁၅၀၀၅၄နှင့် ဒေါ်အေးမိုးဌေး ၅/တဆန(နိုင်)၀၇၅၅၂၄ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃) ရပ်ကွက်၊ မဥ္ဇူလမ်း၊ အကွက်အမှတ် ၅၂၊ စီးပွားဗုန်အကွက်၊ ဦးပိုင်အမှတ်(D-၄၉၀)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေအား ဦးသန်းဝင်းက မြေငှားဂရန်(အမည်ပြောင်း)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့ အမှတ် (၄) ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့ (၄)ရပ်၊ ဝိုင်းအကွက်အမှတ်(၂၄၄)၊ ဒေါ်မာမာဝင်း ၉/ညဥန(နိုင်)၀၁၀၈၀၃ အမည်ပေါက် ဝိုင်းမြေကွက်အတွက် ဒေါ်အိအိကျော် ၉/ညဥန(နိုင်)၁၁၃၇၄၆ (ဘ)ဦးကျော်ဆန်းမှ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်အမည်ပြောင်းထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဒေါ်အိအိကျော်သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၃၈)၊ ဦးပိုင်အမှတ် (၆၀က/၂၂+၆၀က/၂၃)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ နေအိမ်မြေကွက်ကို ဦးတင်ဖေ၊ဒေါ်လှကြည်၊ ဦးမျိုးကျော်သူနှင့် ဦးဇင်မျိုးအောင်တို့(၄)ဦး အမည်ဖြင့် ၁၃-၆-၂၀၁၇ရက်နေ့ထိ (၁၅) နှစ် မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး ၂၄-၆-၂၀၀၃ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ဦးဆန်အင် ၁/ဝမန(နိုင်)၀၁၄၄၈၄ က ဝယ်ယူပိုင်ခဲ့ပြီး ၆-၅-၂၀၁၆ ပြုဆိုတင်ပြလျက် မြေငှားဂရန်အမည်ပြောင်းရရှိရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ကထိန်သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

| | | |
|---|---|---|
| ၁ | အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၅၃၉၅၊ ၀၁-၅၄၅၃၉၆ |
| ၂ | အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၃၂၈၂၊ ၀၁-၅၄၃၂၀၆ |
| ၃ | အမှတ်-၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၃၈၀၅၇၃ |
| ၄ | အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ | ၀၉-၇၃၀၁၆၀၃၂ |
| ၅ | အမှတ်-၁၂၅၊ သံဈေးရွှေ၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ | ၀၁-၂၂၅၅၀၆ |
| ၆ | အမှတ်-၃၇၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။ | ၀၉-၇၃၀၀၅၉၂၆ |
| ၇ | အမှတ်-၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။ | ၀၉-၈၆၀၃၀၈၅ |
| ၈ | တိုက်-A၊ အခန်း-၁၊ ပူးမားအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ | ၀၁-၆၄၂၃၂၂ |
| ၉ | ၁၂၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ စံရိပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။ | ၀၉-၇၃၀၆၅၂၃၇ |
| ၁၀ | အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။ | ၀၉-၇၃၀၀၅၇၉၃ |
| ၁၁ | ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရတနာ၊ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။ | ၀၆၇-၂၂၅၉၇ |
| ၁၂ | ၂/၈၃၊နေပြည်တော်လမ်းမကြီး(ယခင်ပျဉ်းမနား-တောင်ညိုလမ်း)၊ဆင်ရတနာအနီး၊ယောက်သွားအင်းရပ်၊နေပြည်တော်-ပျဉ်းမနားမြို့။ | ၀၆၇-၂၄၇၇၃ |

**နယ်ကိုယ်စားလှယ်ယူလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။**

သမ္မတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါသည်




**ဖခင်အမည်မှန်**

မော်လမြိုင်မြို့၊ အထက(ခွဲ)၄နံ့တေး တတိယတန်းမှ မောင်စိုးထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းဦး ၁၀/မလမ(နိုင်)၂၃၇၉၄၀ ဖြစ်ပါကြောင်း။ **ဦးမင်းမင်းဦး**

**ဖခင်အမည်မှန်**

ချောင်းဆုံမြို့နယ်၊ အထက၊ ကမာကေး၊ အဋ္ဌမတန်းမှ မသွဲ့ယင်ဖူး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဦး ၁၀/ခဆန(နိုင်)၁၅၈၄၀၈ ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်ဦး**










**ပျောက်ဆုံးခြင်း**

မောင်မြင့်ဦး (ဘ)ဦးစံမောင် ၈/နမန(နိုင်)၁၆၄၉၃၉၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၉၀၀၇၀၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁)၊မြေကွက်အမှတ်-၉(က+ခ)၊ဧရိယာ(၀.၀၅၅)ဧက၊မြေကွက်တည်နေရာအမှတ်-၉(က+ခ)၊ဘေးဥယျာဉ်လမ်းနှင့်စိန်ပန်းမြိုင်လမ်းထောင့်၊၇-ရပ်ကွက်၊လှိုင်သာယာမြို့နယ်ဒေါ်သန်းရီ (TRN-၀၁၂၃၂၉)အမည်ပေါက်နေ(၆၀)ဂရန်မြေအားတရားရုံးဘီးလစ်ဒေါ်နော်အောင်သိန်းကြွယ်(၁၂/လသယ(နိုင်)၀၀၂၃၂၂)မှလှိုင်သာယာမြို့နယ်တရားရုံး၏တရားမကြီးမှုအမှတ်(၁၄၂/၂၀၁၆)ဖြင့်အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု၏ ၂၄-၃-၂၀၁၇ရက်စွဲပါစီရင်ချက်အမိန့်နှင့်ဒီကရီ၊တရားမဇာရီမှုအမှတ်(၃၂/၂၀၁၇)ဖြင့်ဘီးလစ်ခန့်အပ်ကြောင်းအမိန့်ချမှတ်သည့်၂၁-၇-၂၀၁၇ရက်စွဲပါတရားရုံးနေ့စဉ်မှတ်တမ်းနှင့်ထုံးပုံကျအပြီးသတ်အမိန့်၈-၈-၂၀၁၇ရက်စွဲပါဘီးလစ်ခန့်စာနှင့်ဂရန်မူရင်းတို့တင်ပြ၍တရားရုံးဒေါ်သန်းရီကိုယ်စားအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်၍ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးအေးမြင့်၏သား မောင်အေးမင်းထွဋ် ၁၄/ဘကလ(နိုင်)၁၆၂၇၀၂ သည် ဖခင်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ကြော်ငြာသည့်ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဖခင် ဦးအေးမြင့်**

# ဘူးသီးတောင်မြို့နယ်မှ ဘင်္ဂါလီများ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာရန် နယ်စပ်အနီးရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဘင်္ဂါလီများသည် စားဝတ်နေရေးနှင့် ကျန်းမာရေးအခက်အခဲကြောင့် လည်းကောင်း၊ ကျေးရွာတွင် လုံခြုံမှုမရှိဟုယူဆ၍ လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် ဘင်္ဂါလီများကထွက်ခွာလာရန် ဆက်သွယ်ပြောဆိုခြင်းများကြောင့် လည်းကောင်း၊ ၎င်းတို့အနေဖြင့် လူနည်းစုဖြစ်မည်ကိုစိုးရိမ်ပြီး တစ်ဖက်နိုင်ငံရှိ ၎င်းတို့မျိုးနွယ်စုများထံ သွားရောက်လိုခြင်းကြောင့် လည်းကောင်း တစ်ဖက်နိုင်ငံသို့ သွားရောက်ရန် စက်တင်ဘာ ၂၆ ရက်မှစတင်၍ မိမိတို့နေရပ်များမှထွက်ခွာခဲ့ကြပြီး နှစ်နိုင်ငံနယ်စပ်အနီးသို့ စုပြုံရောက်ရှိလျက်ရှိကြောင်း သိရသည်။

မောင်တောခရိုင်အတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးအဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့နယ်အတွင်းမှ တစ်ဖက်နိုင်ငံသို့တိမ်းရှောင်မည့် ဘင်္ဂါလီများ ထပ်မံစုဝေးရောက်ရှိနေကြောင်း သိရှိရသဖြင့် သွားရောက်စစ်ဆေးခဲ့ရာ အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် လေယာဉ်ပျံကွင်းကျေးရွာကမ်းစပ်အနီးတွင် ကာဒီကျေးရွာ၊ ဘုရားပြင်အောင်ပကျေးရွာနှင့် သိမ်တောင်ပြင်ကျေးရွာတို့မှ ဘင်္ဂါလီ ၇၃၀ ကို လည်းကောင်း၊ ငါးရံ့ချောင်းကျေးရွာအနီးတွင် နန်းရာကုန်းအုပ်စု၊ ကွန်ဒိုင်အုပ်စု၊ သပြုချောင်းအုပ်စု၊ ဒါးပိုင် ဆရာအုပ်စု၊ စံညွှင်းဝေအုပ်စုနှင့် ရွက်ညိုတောင်အုပ်စုတို့မှ ဘင်္ဂါလီ ၃၈၂ ဦးကို လည်းကောင်း တွေ့ရှိခဲ့သည်။

အလားတူ အောက်တိုဘာ ၄ ရက်တွင်လည်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဂေါ်ဒူသာရ ချောင်းဝအနီးတွင် ဂူတာပြင်ကျေးရွာ၊ ဖုံညိုလိပ်ကျေးရွာနှင့် သပိတ်တောင် (တောင်)ကျေးရွာတို့မှ

*စာမျက်နှာ ၄ ကော်လံ ၃* ✪



## သီတင်းကျွတ်မီးထွန်းပွဲ

အောက်တိုဘာ ၅ ရက် ညပိုင်းက မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်မီးထွန်းပွဲတော်ကို ရွှေတိဂုံစေတီတော်ရင်ပြင်၌ကျင်းပကြရာ နိုင်ငံခြားသားများ ပါဝင်ဆီမီးထွန်းညှိပူဇော်နေသည်ကို ဤသို့တွေ့ခဲ့ရသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် ထိုင်းအသင်းကို ရှုံးနိမ့်



မြန်မာအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**မန္တလေး အောက်တိုဘာ ၅**

အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ထိုင်းလက်ရွေးစင်အသင်းနှင့် ယနေ့ ညနေ ၆ နာရီခွဲက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အာဆီယံထိပ်သီး ထိုင်းလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲမှာ ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း အတွေ့အကြုံကောင်းများ ရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ထိုင်းအသင်းနှင့် ဘောလုံးအဆင့်အတန်းချင်း ကွာခြားမှုရှိကြောင်း ယခုပွဲရလဒ်ကပေါ်လွင်ခဲ့ပြီး ပိုမိုအားထုတ်ကြိုးပမ်းရမည့် အနေအထားဖြစ်ခဲ့သည်။ မြန်မာအသင်းသည် အမာခံကစားသမားအများစုဖြင့် အားကုန်ထုတ်ကစားခဲ့သော်လည်း ၂၀၁၁ ခုနှစ်နောက်ပိုင်း ထိုင်းအသင်းနှင့် တွေ့ဆုံတိုင်း အနိုင်မရသေးသည့် အစဉ်အလာဆိုးကို ချေဖျက်နိုင်ခြင်း မရှိခဲ့ပေ။

မြန်မာအသင်းသည် သီဟစည်သူ(ဂိုး)၊ ကျော်ဇင်လွင်၊ ဇော်မင်းထွန်း၊ ဝင်းမင်းထွဋ်၊ သိန်းသန်းဝင်း၊ ရန်အောင်ကျော်၊ တင်ဝင်းအောင်၊ ဒွေးကိုကိုချစ်၊ ရန်နိုင်ဦး၊ အောင်သူ၊ ကျော်ကိုကိုတို့ဖြင့် ပွဲထွက်ခဲ့ပြီး ထိုင်းအသင်းမှာလည်း တီယာဆေးလ်ဒန်ဒါ၊ ကာဝင်တို့ဖြင့် လူစုံပါဝင်ခဲ့သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ★

*ယနေ့* **မာတိကာ**

**တနင်္သာရီမြစ်အတွင်း ကူးတို့လှေတစ်စင်းတိမ်းမှောက် နှစ်ဦးသေဆုံး၊ သုံးဦးပျောက်ဆုံးနေ** စာ ၁၂

**ဂျပန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးနှင့် ပတ်သက်၍ ပါတီများသဘောထားကွဲလွဲ** စာ ၁၄

**စိန်ခေါ်မှုများနှင့် အမေရိကန်သမ္မတ၏ အာရှခရီးစဉ်** စာ ၁၅

